ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 March 2017 (၈၈၅၉)


# သံအမတ်ကြီးများအဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတထံမှ သြဝါဒလမ်းညွှန်မှု ခံယူ



**နေပြည်တော် မတ် ၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးစိန်ဦးနှင့် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးကိုကိုနိုင်တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိသမ္မတရုံးခန်း၌ လာရောက်တွေ့ဆုံပြီး နိုင်ငံတော်သမ္မတ၏ သြဝါဒနှင့် လမ်းညွှန်မှုခံယူခဲ့ကြသည်။

**(သတင်းစဉ်)**

**မလေးရှားနိုင်ငံနှင့် လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးများအဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ သြဝါဒလမ်းညွှန်မှု ခံယူကြစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီရန် အစ္စလာမ္မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohsen Mohammadi အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီရန် အစ္စလာမ္မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohsen Mohammadi အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# လူမှုကွန်ရက် စာမျက်နှာများတွင် ဝေဖန်ရေးသားနေသော အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့မှ ရေးသားထားသည့် ပြည်သူ့နီတိစာအုပ်များသည် အစိုးရအဖွဲ့ အစည်းများနှင့် လုံးဝသက်ဆိုင်မှုမရှိ


သတင်းစာမျက်နှာ » ၁၀



KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ပြည်သူ့အတွက် နိုင်ငံပိုင်သတင်းစာ

ဒီမိုကရေစီနိုင်ငံကို မဏ္ဍိုင်ကြီးသုံးရပ်နှင့် တည်ဆောက်ထားရပါသည်။ ပြည်သူများအတွက်လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းရေး၊ ပြင်ဆင်ရေး၊ ရုပ်သိမ်းရေးတို့ကိုဆောင်ရွက်ရသော ဥပဒေပြုရေးမဏ္ဍိုင်၊ ပြည်သူ့အခွင့်အရေးများအား ထိပါးခြင်းမရှိအောင် အဆုံးအဖြတ်ပေးရသည့် တရားရေးမဏ္ဍိုင်နှင့် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်အညီ ပြည်သူများအတွက် စီမံခန့်ခွဲပေးရသော အုပ်ချုပ်ရေးမဏ္ဍိုင်ဟူ၍ရှိပါသည်။ ထိုမဏ္ဍိုင်ကြီးသုံးရပ် မယိမ်းမယိုင်တည့်မတ်ကြံ့ခိုင်အောင် ပံ့ပိုးထောက်ကန်တည့်မတ်ပေးရသည်မှာ စတုတ္ထမဏ္ဍိုင်ဟုခေါ်ဆိုသည့် မီဒီယာကဏ္ဍဖြစ်ပါသည်။

စတုတ္ထမဏ္ဍိုင်တွင်ပါဝင်နေသော နိုင်ငံပိုင်သတင်းစာများသည် မဏ္ဍိုင်ကြီး သုံးရပ်၏ လုပ်ဆောင်ချက်များအား ပြည်သူများထံသို့ အစီရင်ခံတင်ပြပေးလျက်ရှိပြီး တစ်ချိန်တည်းတွင် ပြည်သူများ၏ သဘောထားအမှန်များကို မဏ္ဍိုင်ကြီးသုံးရပ် ပြန်လည်သိရှိစေဖို့ အသိပေးတင်ပြလျက်ရှိသည်။ တစ်နည်းဆိုလျှင် နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော်နှင့်ပြည်သူအကြား အပြန်အလှန်ပေါင်းကူးဆက်သွယ်ပေးနေသည့် ကြားခံယန္တရားဟု ဆိုရမှာဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် စတုတ္ထမဏ္ဍိုင်၏ အရေးပါပုံကို ပြည်သူများသိရှိလာကြသည့်အချိန်တွင် နိုင်ငံပိုင်သတင်းစာများ၏ လုပ်ကိုင်ဆောင်ရွက်မှုများအား မှန်မှန်ကန်ကန် သိရှိထားသင့်သည်။

စတုတ္ထမဏ္ဍိုင်ပီသအောင် အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးနေသည့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာဘာသာဖြင့် သတင်းစာနှစ်စောင်၊ အင်္ဂလိပ်ဘာသာဖြင့် သတင်းစာတစ်စောင် ထုတ်ဝေဖြန့်ချိပေးလျက်ရှိသည်။ အများပြည်သူအကျိုးအတွက် သတင်းဝန်ဆောင်မှုတာဝန်ကို ထမ်းရွက်ရာတွင် အောင်မြင်သည့်နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ရေရှည်ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို မြှင့်တင်ပေးခြင်းဖြစ်သည်။

နိုင်ငံပိုင်သတင်းစာများသည် ရှည်လျားသည့်သတင်းစာ သမိုင်းကြောင်းကို ဖြတ်သန်းခဲ့သည်။ အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း သတင်းစာလုပ်ငန်းများကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ မြန်မာဘာသာနှင့်ထုတ်ဝေသည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ နှစ်စောင်ကို တိကျမှန်ကန်မှုတပြီး ဂုဏ်သိက္ခာ မြင့်မားသည့် နိုင်ငံပိုင်သတင်းစာအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပြီး The Global New Light of Myanmar သတင်းစာကို အင်္ဂလိပ်ဘာသာဖြင့် ပြည်တွင်းသာမက ပြည်ပသို့ပါ အသိအမြင်များ ဖြန့်ဝေနိုင်အောင် ဆောင်ရွက်ပေးနေသည်။

နိုင်ငံပိုင်သတင်းစာဖြစ်၍ မဏ္ဍိုင်ကြီးသုံးရပ်ကို ဦးစားပေးဖော်ပြခြင်းရှိပြီး အခြားကဏ္ဍများတွင်လည်း တစ်ဖက်သတ်အမြင်အစား ဘက်ပေါင်းစုံအမြင်ဖြင့် ရေးသားဖော်ပြသည်။ ပြည်သူ့သဘောထားကဏ္ဍနှင့် သဘောမတူသူများ၏ အသံများကိုလည်းဖော်ပြသည်။ လူငယ်ကဏ္ဍ၊ ကလေးကဏ္ဍ၊ လူကြီးကဏ္ဍဟူ၍ အလွှာစုံနယ်ပယ်စုံ အသိအမြင်မျှဝေကာ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးကဏ္ဍများနှင့် သိမှတ်ဖွယ်ရာများကို ဆောင်ရွက်ပေးနေသည်မှာ ပြည်သူအတွက်ဖြစ်သည်။

ပြည်သူများအား အသိအမြင်မျှဝေရာတွင် နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံမိစေရန်အတွက် သက်သာသောဈေးနှုန်းဖြင့် အချိန်နှင့်တစ်ပြေးညီဖြန့်ကြက်နိုင်ရန် လူအား၊ ငွေအား၊ စက်အင်အားများ တိုးတက်သုံးစွဲရသည်။ ကုန်ကျစရိတ်များကာမိပြီး အရှုံးမရှိစေရန် ကြော်ငြာတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီးပွားရေးမူဝါဒ၊ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရသည်။ နိုင်ငံပိုင်သတင်းစာများ၏ ဆောင်ရွက်ချက်သည် နိုင်တော်နှင့်ပြည်သူ့အကျိုးစီးပွားကို ရှေးရှုသည်။

နိုင်ငံပိုင်သတင်းစာများသည် သတင်းအချက်အလက်ခိုင်မာမှန်ကန်မှုနှင့် အများပြည်သူ၏ ယုံကြည်အားထားမှုရရှိပြီးသည့် အခြေအနေကို နောက်ခံထား၍ နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် ဆက်လက်ဆောင်ရွက်နေမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ပြည်သူ့သတင်းစာအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်သည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ကျေးရွာချင်းဆက် ကတ္တရာလမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ရွှေကူ မတ် ၇**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရွှေကူ-ရေပုံလေး-တူးချောင်း-တောင်ကုန်း-တောပုန်း-မြောက်ရွာ ကျေးရွာချင်းဆက် ကတ္တရာလမ်း ၄ မိုင် ၆ ဖာလုံခွဲ လုပ်ငန်းများကို Super Frequency၊ စိန်သစ္စာ၊ ကံထူးမနော၊Luxury Gallop စသည့် ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ကတ္တရာလမ်း (၄ မိုင် ၆ ဖာလုံခွဲ) လုပ်ငန်းဆောင်ရွက်နေမှုကို ကချင်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရန်နှင့် လုပ်ငန်းအချိန်မီ ပြီးစီးဆောင်ရွက်နိုင်ရေးတို့ကို မတ် ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## ခွဲစိတ်ကုသမှုခံယူမည့် နှုတ်ခမ်းကွဲ၊ အာကျကလေးများအား ဂျပန်ဆရာဝန်အဖွဲ့မှ စမ်းသပ်မှုဆောင်ရွက်

**သံဖြူဇရပ် မတ် ၇**

မော်လမြိုင်မြို့တွင် အခြေစိုက်သည့် TTCL Group ကုမ္ပဏီများအုပ်စုမှပံ့ပိုးပေးမှုဖြင့် သံဖြူဇရပ်မြို့နယ်အတွင်းမှ နှုတ်ခမ်းကွဲ၊ အာကျရောဂါဝေဒနာရှင် ကလေးငယ် ၄၅ ဦးအား မတ် ၆ ရက်မှ ၈ ရက်အထိ မော်လမြိုင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ကုသမှုပေးနိုင်ရန် ဂျပန်နိုင်ငံမှ International Medical Volunteers မှ ခွဲစိတ်အထူးကုဆရာဝန် Hideto Yoshioka ဦးဆောင်သော Japan Heart (JH) အဖွဲ့သည် မတ် ၅ ရက် နံနက်ပိုင်းမှစတင်ကာ သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ကုသမှုခံယူမည့် ကလေးများအား ကြိုတင်၍ ကွင်းဆင်းစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့၏စမ်းသပ်စစ်ဆေးမှု ဆောင်ရွက်ခြင်းလုပ်ငန်းတွင် သံဖြူဇရပ်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ဌေးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပံ့ပိုးကူညီမှုများပေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၇**

ရန်ကုန်(ရွှေဈေး) ၈၈၈၅၀၀ - ၈၈၈၅၀၀၊ မန္တလေး(ရွှေဈေး) ၈၈၈၅၀၀ - ၈၈၈၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၂၀/၇၂၅ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၄၀/၇၄၅ ကျပ်၊ | ၇၇၅/၇၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၈/၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၅/၆၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀/၆၇၅ ကျပ်

**၂၇-၂-၂၀၁၇ ရက်နေ့မှ ၃-၃-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၇၁ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၈၉ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၁. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၇၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၆၈၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၉၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၅၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၀. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇. ၄၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၉. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၀. ၄၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် မတ် ၇**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဒုတိယဉက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသောအကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရတို့က ရှင်းလင်းပြန်ကြားလျှောက်ထားသည်။

မွန်းလွဲပိုင်းအစီအစဉ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ကဏ္ဍအလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြု နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြပြီး ဒုတိယနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား မိခင်ကြီး ဒေါ်တင်ဝင်းရီ အားအမှူးထား၍ ဗိုလ်မှူးကြီးသိန်းဌေး(ငြိမ်း)-ဒေါက်တာ ဒေါ်မြသီတာ (သီဟသုဓမ္မသီဂီ) သမီး အမရာနှင့် အိန္ဒြေ မဒီဆွေတင်၊ သား လင်းမောင်မောင်နှင့် လင်းညီညီဆွေတင် မိသားစု SI ကုမ္ပဏီက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၇**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်သုံးသပ်နိုင်ရေးနှင့် နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် "ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ" တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) အမြန်ဆုံးထွက်ရှိလာရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွေးက ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းတို့မှ တာဝန်ရှိသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးသင့်သည့် စကားရပ်၊ အသုံးအနှုန်းများကို ဆွေးနွေးညှိနှိုင်းသုံးသပ်ကာ အတည်ပြုခဲ့ကြပြီး ယင်းဥပဒေ (မူကြမ်း)ပြင်ဆင်ဖြည့်စွက်ချက်များကို အချောသပ်ပြုစု၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီးဦးမျိုးအေး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၈**

ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏ ခန့်အပ်လွှာကို မတ်လ ၁ ရက်နေ့တွင် ဘရာတစ်ဆလာဗာမြို့၌ ဆလိုဗက်သမ္မတနိုင်ငံသမ္မတ မစ္စတာအန်းဒရစ်ကစ္စကာထံပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ရန်ကုန်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၇**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၏ နှစ်သစ်အကြိုစုပေါင်း သွေးလှူဒါန်းပွဲကို ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၁၇)ကြိမ်မြောက် နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၈ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ၊ ပြင်ပလူနာဌာန၊ သီလရှင်များ ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစု အသီးသီးတို့တွင် လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ ဧပြီ ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့သွားရောက်

**နေပြည်တော် မတ် ၇**

မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Mr.Mohd Haniff Abd Rahman သည် ယမန်နေ့မွန်းလွဲပိုင်းက စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများနှင့် ဈေးများသို့သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ သံအမတ်ကြီးနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ သက်ကယ်ပြင်နှင့် ဆတ်ရိုးဂျာ ကယ်ဆယ်ရေးစခန်းများ၊ ဒါးပိုင်ဈေးနှင့် သဲချောင်းဈေးတို့သို့ သွားရောက်ကြည့်ရှုလေ့လာပြီး မလေးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ပစ္စည်းများ ဖြန့်ဝေထောက်ပံ့မှု၊ စခန်းများတွင် နေထိုင်ကြသူများ၏ နေထိုင်မှု၊ အလုပ်အကိုင်နှင့်ပညာရေး၊ ကျန်းမာရေးအခြေအနေများကို စခန်းတာဝန်ခံများအား မေးမြန်းကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။



**(သတင်းစဉ်)**

❐

# အောင်ချက်မြင့်မားရေး စာပေဟောပြောပွဲကျင်းပ

**ကဝ မတ် ၇**

ပဲခူးခရိုင် ကဝမြို့နယ် တောင်စုကျေးရွာ ကျေးရွာချင်းဆက်လမ်းအောင်ပွဲ အထိမ်းအမှတ်နှင့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေး စာပေဟောပြောပွဲ အခမ်းအနားကို မတ် ၄ ရက်က တောင်စုကျေးရွာ ရန်မျိုးအောင်ဘုန်းကြီးကျောင်းဝင်း၌ ကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲတွင် ဒေါက်တာနိုက်တင်ဂေး(ယဉ်မင်းဦး-ဆေးတက္ကသိုလ်)က "ခေတ်ကပေးသောတာဝန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထန်းတပင်စန်းလွင်က "ခူဝံကြယ်မြေခအောင် ကြွေပြမယ့်လူ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာခိုင်ချစ်အောင်က "ဘဝလှဖို့ စာဖတ်စို့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❐

**❂ ရတနာပုံအသင်းမှ**

ရတနာပုံအသင်းပါဝင်သော အုပ်စု(H)တွင် ထန်ကွမ်နင်(ဗီယက်နမ်)၊ ဟုမ်းယူနိုက်တက်(စင်ကာပူ)တို့ ကျရောက်လျက်ရှိပြီး သုံးသင်းသာပါဝင်သောကြောင့် အဝေးကွင်းနှစ်ပွဲဆက်တိုက် ကစားရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ဖေဖော်ဝါရီ ၂၂ ရက်က အုပ်စုအဖွင့်ပွဲအဖြစ် စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းကို အောင်သူ၏ သွင်းဂိုးဖြင့် အနိုင်ရထားသည်။

ရတနာပုံအသင်းနှင့်ယှဉ်ပြိုင်မည့် ထန်ကွမ်နင်အသင်းသည် ပထမဆုံးပွဲကစားရခြင်းဖြစ်ပြီး ပြီးခဲ့သည့် ရာသီက V-League ပြိုင်ပွဲတွင် အဆင့်(၄) နေရာရရှိခဲ့သည်။ ထန်ကွမ်နင်အသင်းတွင် ဗီယက်နမ်လက်ရွေးစင် ကစားသမားအချို့ပါဝင်နေပြီး နိုင်ငံခြားသား ကစားသမားများလည်း ခေါ်ယူထားသည်။ ရတနာပုံအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် မတ် ၈ ရက်တွင် ထန်ကွမ်နင်အသင်းနှင့် အဝေးကွင်း၊ ဧပြီ ၁၈ ရက်တွင် ဟုမ်းယူနိုက်တက်အသင်းနှင့် အဝေးကွင်း၊ မေ ၂ ရက်တွင် ထန်ကွမ်နင်အသင်းနှင့် အိမ်ကွင်းပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် ရတနာပုံအသင်းသည် နောက်တစ်ဆင့် တက်ရောက်ရန် အဝေးကွင်းပွဲစဉ်များမှာ အရေးပါလာမည်ဖြစ်ပြီး ရလဒ်ကောင်းရန် လိုအပ်နေသည်။ အဝေးကွင်းနှစ်ပွဲတွင် ရလဒ်ကောင်း ရယူနိုင်ပါက ရတနာပုံအသင်းအနေဖြင့် နောက်ဆုံးပွဲ အိမ်ကွင်းတွင် အဆုံးအဖြတ် ဖြစ်လာမည်ဖြစ်သည်။

ထန်ကွမ်နင်အသင်းနှင့် ကစားမည့် ရတနာပုံအသင်းတွင် လူစုံပါဝင်သွားပြီး အသင်းခေါင်းဆောင် ရန်ပိုင်၏ မောင်းနှင်အား၊ အောင်သူ ဦးဆောင်သည့် တိုက်စစ်ဖြင့် ကစားမည်ဖြစ်သည်။ ယခုပွဲကို MRTV မှ တိုက်ရိုက် ပြသမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ မတ် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တင်ဒါအောင် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့်ဌာနမှ ပြင်/ထိန်း မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်သောလမ်း၊ တံတားလုပ်ငန်းများကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးမှူးတို့ ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်ဦးစီးမှူးတို့က ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မောင်သိန်း)**

# မိုဆူးလ်မြို့တွင်းရှိ အစိုးရအဆောက်အအုံနှင့်ပြတိုက်တို့ကို အီရတ်အစိုးရတပ်ဖွဲ့များက ပြန်လည်သိမ်းယူရရှိ



**မိုဆူးလ် မတ် ၇**

လွန်ခဲ့သည့်သုံးနှစ်ခန့်က အိုင်အက်စ်စစ်သွေးကြွများ၏ လက်ချက်ဖြင့် ရှေးဟောင်းရုပ်တုများနှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လက်ရာပစ္စည်းများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသော မိုဆူးလ်မြို့ အနောက်ပိုင်းဒေသရှိ အစိုးရအဖွဲ့ရုံး၊ ဗဟိုဘဏ်ရုံးနှင့် ပြတိုက်တို့ကို အီရတ်အစိုးရတပ်ဖွဲ့များက မတ် ၇ ရက်တွင် ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

မိုဆူးလ်မြို့တွင်းရှိ အီရတ်အစိုးရပိုင်အဆောက်အအုံများသည် အိုင်အက်စ်စစ်သွေးကြွများ၏ဖျက်ဆီးမှုကြောင့် အသုံးပြုနိုင်သည့် အခြေအနေတွင် မရှိတော့သော်လည်း ၎င်းတို့၏ နောက်ဆုံးအခြေစိုက်စခန်းကို ပြန်လည်သိမ်းယူနိုင်သည့် အောင်ပွဲအထိမ်းအမှတ်သင်္ကေတဖြစ်သည်ဆို၏။

အီရတ်လျှပ်တစ်ပြက်တိုက်ခိုက်ရေး လက်ရွေးစင်တပ်ဖွဲ့ဝင်များသည် မိုဆူးလ်မြို့တွင်းရှိ အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံနှင့် အခြားသော အစိုးရအဆောက်အအုံများကို ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း အီရတ်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး အဗ္ဗဒယ်အေမီ အယ်လ်အိုဟာမက်ဒါဝီက ပြောကြားသည်။

အီရတ်အစိုးရတပ်ဖွဲ့သည် အိုင်အက်စ်အဖွဲ့က တရားစီရင်ရေးဌာနအဖြစ် အသုံးပြုခဲ့သော အဆောက်အအုံတစ်ခုကိုလည်း သိမ်းယူခဲ့သည်။ ယင်းအဆောက်အအုံသည် ရာဇဝတ်အပြစ်သားများအား ကျောက်ခဲများဖြင့် ပစ်ပေါက်ကာပြစ်ဒဏ်ပေးခြင်း၊ အဆောက်အအုံ၏ ခေါင်မိုးမှ လွှင့်ပစ်ခြင်းနှင့် လက်များအား ဖြတ်ပစ်သောပြစ်ဒဏ်ပေးခြင်းစသော ပြင်းထန်သည့်ပြစ်ဒဏ်စီရင်ချက်များ ချမှတ်ရာနေရာအဖြစ် လူသိများထင်ရှားသော အဆောက်အအုံဖြစ်သည်။

**ရိုက်တာ။**

# အမေရိကန် နယ်စပ်ဖြတ်ကျော်ခိုးဝင်လာသည့် မိသားစုများမှ ကလေးများကို သီးခြားထားရှိရေး စဉ်းစားသုံးသပ်

ဝါရှင်တန် မတ် ၇

**အမေရိကန် နယ်စပ်ဒေသကို ဥပဒေမဲ့ဖြတ်ကျော်ဝင်ရောက်လာသည့် ရွှေ့ပြောင်းအခြေစိုက်နေထိုင်လိုသူမိသားစုများ၏ ကလေးသူငယ်များကို ၎င်းတို့၏ မိဘများနှင့်သီးခြားခွဲထုတ်ထားရေး အဆိုပြုချက်တစ်ရပ်နှင့်ပတ်သက်၍ မိမိအလေးအနက်ထား စဉ်းစားသုံးသပ်လျက်ရှိကြောင်း အမေရိကန် အမိမြေလုံခြုံရေးဌာန ဝန်ကြီး ဂျွန်ကယ်လီက အတည်ပြုပြောကြားလိုက်သည်။**



အမေရိကန်အစိုးရအဖွဲ့က ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများရေးရာ မူဝါဒပြောင်းလဲမှုတစ်ရပ်အဖြစ် နယ်စပ်ဖြတ်ကျော်ခိုးဝင်လာသူမိသားစုများ၏ အရွယ်မရောက်သေးသော ကလေးများကို ၎င်းတို့၏မိဘများနှင့် သီးခြားခွဲထုတ်ထားသင့်သည်ဟု အဆိုပြုချက်တစ်ရပ်ပေါ်ထွက်လာခဲ့ကြောင်း၊ ယင်းအဆိုပြုချက်ကို အကောင်အထည်ဖော်ရေးကိစ္စနှင့်ပတ်သက်၍ မိမိစဉ်းစားသုံးသပ်နေကြောင်း ဝန်ကြီးကယ်လီက စီအင်န်အင်န် သတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ အဆိုပြုချက်နှင့်ပတ်သက်၍ ရိုက်တာသတင်းဌာနက မတ် ၃ ရက်တွင် ပထမဆုံးသတင်းဖော်ပြခဲ့ပြီး ယင်းသတင်းနှင့် ပတ်သက်၍ ဝန်ကြီးကယ်လီက အတည်ပြုပြောကြားသည်။

ရွှေ့ပြောင်းအခြေစိုက် နေထိုင်နိုင်ရန် တရားမဝင်ခိုးဝင်လာသည့် မိသားစုများမှ မိဘများကို ထိန်းသိမ်းထားစဉ်ကာလအတွင်း ၎င်းတို့၏ လူမမည် ရင်သွေးသားသမီးငယ်များကို မိဘများနှင့်အတူမထားရှိဘဲ ကျန်းမာရေးနှင့်လူသားရေးရာဌာန၏ ပြုစုစောင့်ရှောက်မှုအောက်တွင် သီးခြားထားရှိရန် အဆိုပြုချက်တွင် ဖော်ပြထားသည်။

နယ်စပ်ဖြတ်ကျော်ကာ ဥပဒေမဲ့အလုံးအရင်းဖြင့် ဝင်ရောက်လာနေမှုများကို တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်သည့် အဆိုပြုချက်ဖြစ်သည်ဆို၏။

မိမိတို့အနေဖြင့် အုပ်ထိန်းသူမပါဘဲ နယ်စပ်ဖြတ်ကျော်ခိုးဝင်လာသည့် ကလေးများရေးရာနှင့် ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများစွာရှိခဲ့ကြောင်း၊ ခိုးဝင်လာသည့် မိသားစုများမှ ကလေးများကို မိဘများကိုယ်စား ထိန်းသိမ်းစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးကယ်လီက ပြောကြားသည်။

နယ်စပ်မှ ခိုးဝင်လာခဲ့သောမိသားစုများမှ မိဘဖြစ်သူတို့ကို အစိုးရက ပြည်နှင်အမိန့်ပေါ်ထွက်လာချိန်အထိ သို့မဟုတ် ဒုက္ခသည်များအဖြစ် ခိုလှုံခွင့်ပေးရန် သင့်မသင့် ကြားနာစစ်ဆေးမှုလုပ်ငန်းစဉ်ပြီးဆုံးချိန်အထိ ထိန်းသိမ်းထားချိန်တွင် ၎င်းတို့၏ရင်သွေးကလေးများကို သီးခြားနေရာတွင် ပြုစုစောင့်ရှောက်ပေးရန် ရည်ရွယ်သည်ဆို၏။

အမေရိကန်ဖက်ဒရယ်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်အရ ထိန်းသိမ်းခံထားရသော မိဘများ၏ လူမမည်သား၊ သမီးများကို ကာလကြာရှည် ထိန်းသိမ်းထားခြင်းမပြုရန် ဖော်ပြထားသည်။ **ရိုက်တာ။**

## ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များ မြောက်ကိုရီးယားအရေး ထရမ့်နှင့် ဆွေးနွေး

**ဝါရှင်တန် မတ် ၇**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများကို အနီးကပ်ကိုင်တွယ်ဆောင်ရွက်သွားရန် ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များနှင့် သဘောတူညီမှုရရှိခဲ့သည်။

ထရမ့်သည် မတ် ၆ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ တောင်ကိုရီးယား ဝန်ကြီးချုပ် ဝန်ကျိုအန်တို့နှင့် သီးခြားစီ တယ်လီဖုန်းဆက်သွယ်ပြောဆိုခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည့် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုကို မည်သို့တုံ့ပြန်ဆောင်ရွက်သွားမလဲဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ခေါင်းဆောင် သုံးဦးက ဆွေးနွေးပြောဆိုခဲ့ကြသည်ဟု အိမ်ဖြူတော် အရာရှိတစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသည့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကို အမေရိကန်နိုင်ငံက အပြည့်အဝထောက်ခံသည်ဟု ထရမ့်က အတည်ပြုပြောဆိုသည်။ ၎င်း၏ အစိုးရအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ဟန့်တားမှုနှင့် ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထရမ့်သည် မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်၊ တောင်ကိုရီးယား ဝန်ကြီးချုပ်တို့နှင့် နှစ်ဦးနှစ်ဖက် သို့မဟုတ် သုံးဦးသုံးဖလှယ် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန်လည်း သဘောတူညီခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## ခွဲထွက်ရေးသူပုန်များကို ရုရှားက အားပေးကူညီသည်ဆိုမှု ယူကရိန်းက နိုင်ငံတကာတရားရုံးသို့ တင်ပြ

**သည်ဟိဂ် မတ် ၇**

ရုရှားလိုလားသော ခွဲထွက်ရေးသမားများအား ယင်းနိုင်ငံက ရန်ပုံငွေထောက်ပံ့ပေးခြင်းနှင့် စစ်လက်နက်ကိရိယာများ တပ်ဆင်ပေးခြင်းတို့မှ ရပ်ဆိုင်းပေးရန် ယူကရိန်းက ကုလသမဂ္ဂ၏ အမြင့်ဆုံးတရားရုံးတော်အား ဦးတိုက်လျှောက်ထားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ယူကရိန်းအရှေ့ပိုင်းရှိ ခွဲထွက်ရေးဝါဒီသူပုန်များကို ရုရှားက လက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့် ရန်ပုံငွေများကို ထောက်ပံ့ပေးနေသည်ဟု ယူကရိန်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး အိုလီနာ ဇာကယ်က နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ နိုင်ငံတကာ တရားရုံး၏တရားသူကြီး ၁၆ ဦးပါ ခုံသမာဓိအဖွဲ့သို့ မတ် ၆ ရက်တွင် တင်ပြခဲ့သည်။

ယူကရိန်းပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ကမ္ဘာ့တရားရုံး၏ ရှေ့မှောက်သို့ မိမိရောက်ရှိနေကြောင်း လေးရက်ကြာ ကြားနာစစ်ဆေးမှု၏ ပထမဆုံးနေ့ရက်တွင် ဇာကယ်က ပြောကြားသည်။

ရုရှားနှင့် ယင်း၏အိမ်နီးချင်း ယူကရိန်းနိုင်ငံတို့အကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့် ပတ်သက်၍ ဥပဒေရေးရာအရ ဖြေရှင်းချက်ရရှိရေးအတွက် ယူကရိန်းအစိုးရအဖွဲ့က ကြိုးပမ်းလျက်ရှိသည်။ ရုရှားသည်နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ကာ ခွဲထွက်ရေးသမားများကို ထောက်ပံ့ပေးနေသည်ဟု ယူကရိန်းအစိုးရက စွပ်စွဲထားသည်။ **ရိုက်တာ။**

## ထိုင်းလေဆိပ်တွင် ဆင်စွယ်များဖမ်းဆီးရမိ

**ဘန်ကောက် မတ် ၇**

မှောင်ခိုကူး ယူဆောင်လာသည့် ဆင်စွယ် ကီလိုဂရမ် ၃၃၀ ကို ထိုင်းနိုင်ငံ၏ အဓိက လေဆိပ်တွင် ထိုင်းအာဏာပိုင်များက ဖမ်းဆီးရမိခဲ့သည်။

လွန်ခဲ့သည့် သောကြာနေ့နှင့် စနေနေ့တို့တွင် အီသီယိုးပီးယားနိုင်ငံမှ ရောက်ရှိလာသည့် ပါဆယ်ထုပ်များတွင် အာဖရိကဆင် အကောင် ၅၀ ခန့်၏ အစွယ်အပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု အကောက်ခွန်အရာရှိများက အင်္ဂါနေ့တွင် ပြောကြားသည်။ ဆင်စွယ်များကို ပါဆယ်ထုပ် ၁၅ ထုပ်တွင် ကျောက်မျက်အရိုင်းတုံးများ၏ အောက်၌ ဝှက်၍ သယ်ဆောင်လာခြင်းဖြစ်သည်ဟု အကောက်ခွန်အရာရှိများက ပြောကြားသည်။

အဆိုပါ ပါဆယ်ထုပ်များအား သယ်ဆောင်လာသည့် ဂမ်ဘီယာနိုင်ငံသားတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားပြီး နောက်ကွယ်မှ စေခိုင်းသည့် မှောင်ခိုသမားများကို



စုံစမ်းရှာဖွေလျက်ရှိသည်။

နိုင်ငံတကာ သဘောတူညီမှုတစ်ခုအရ ဆင်စွယ်များရောင်းဝယ်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ သို့သော် တရုတ်နိုင်ငံမှ လူချမ်းသာအသိုင်းအဝိုင်းကြားတွင် ဆင်စွယ်များသည် လူကြိုက်များလျက်ရှိသည်။ ယခု ဖမ်းဆီးရမိသည့် ဆင်စွယ်များသည် တရုတ်နိုင်ငံသို့ တင်ပို့ရန် ရည်ရွယ်ထားခြင်းဖြစ်မည်ဟု ထိုင်းတာဝန်ရှိသူများက ယူဆသည်။

**အင်န်အိတ်ချ်ကေ။**

# လေ့ဆွဲမြောင်းကျေးရွာနှင့် ချောင်းကျိုးကျေးရွာတို့ရှိ ကမ်းပြိုအလျား ပေ ၃၅၀၀ ခန့်ကို ကမ်းပြိုကာကွယ်မှုများပြုလုပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မတ် ၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စစ်တောင်းမြစ်အနီးရှိ မြက်နီကွင်းကျေးရွာအုပ်စု လေ့ဆွဲမြောင်းကျေးရွာ၊ ချောင်းကျိုးကျေးရွာ၊ မငြိမ်းစုကျေးရွာများနှင့် ရေအိုးစင်ကျေးရွာအုပ်စုရှိ သောပု၊ သောင်တန်းကျေးရွာတို့တွင် ကမ်းပြိုနေမှုဖြစ်ပေါ်နေသော စုစုပေါင်း အလျားပေ ၁၅၀၀၀ ခန့်အား ကမ်းပြိုကာကွယ်မှုပြုလုပ်ပေးရန် ကုန်ကျငွေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ (BE)နှင့် ဖြည့်စွက်ရန်ပုံငွေ (RE) တို့တွင် ပါဝင်မှုမရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ (BE)တို့တွင် ထည့်သွင်းရေးဆွဲထားမှုမရှိသည်ကို တွေ့ရပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောသည်။

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **"အုတ်တွင်းမြို့နယ် မြက်နီကွင်းကျေးရွာအုပ်စု လေ့ဆွဲမြောင်း၊ ချောင်းကျိုး၊ မငြိမ်းစုကျေးရွာများနှင့် ရေအိုးစင်ကျေးရွာအုပ်စု သောင်ပုနှင့် သောင်တန်းကျေးရွာတို့တွင် ကာကွယ်မှုပြုလုပ်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လေ့ဆွဲမြောင်းကျေးရွာနှင့် ချောင်းကျိုးကျေးရွာတို့ရှိ ကမ်းပြိုအလျားပေ ၃၅၀၀ ခန့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ပိုမိုများပြားလာပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးကျော်မျိုးက **မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်၏ မာန်အောင်မြို့နယ်၌ လေယာဉ်ကွင်းတိုးချဲ့ရာတွင် အိမ်၊ ခြံ၊ မြေ ပါဝင်နေသော နစ်နာသူ ၅ ဦးအား ထိုက်သင့်သောလျော်ကြေးငွေ ပေးအပ်နိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကိုလက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိတိကျကျဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ကြောင်း၊ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၉ ဦးက အမည်စာရင်း တင်သွင်းခဲ့ကြောင်း၊ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် ၇ ချက်ကို လွှတ်တော်သို့ တင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး အဆိုပါ ပြင်ဆင်ချက် ၇ ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် ၄ ချက်ကို လွှတ်တော်သို့ သီးခြားစီ တင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားဆန္ဒကို စက်ခလုတ်နှိပ်ရယူပြီး အဆိုပါ ပြင်ဆင်ချက်များသည် ဥပဒေကြမ်းကော်မတီ၏ အဆိုပြုချက်များအတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

**စာမျက်နှာ ၆ သို့**

# ပနီးချောင်းရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန်အတွက် ငွေကျပ် ၈၁ ဒသမ ၁၆ သန်းသုံးစွဲမည်

**နေပြည်တော် မတ် ၇**

စုစုပေါင်း ငွေကျပ် ၈၁ ဒသမ ၁၆ သန်းသုံးစွဲ၍ ရှမ်းတပ်ကြီးကျေးရွာနှင့် ကျေးရွာပတ်လမ်း ပနီးချောင်းရေတိုက်စား ကမ်းပြိုမှုအတွက် ကမ်းထိန်းကျောက်စီမြေထိန်းနံရံ၏ အထက်ဘက်နှင့် အောက်ဘက်တို့တွင် အလျား (၃၂၈) ပေရှိကျောက်ကြီးဖြည့် မြေထိန်းနံရံနှင့် ကျေးရွာအောက်ဘက်တွင် အလျားပေ (၅၀)ရှိ ရေလွှဲရေကာ (၅)ခုနှင့် အခြေထိန်း စုစုပေါင်းအလျား ပေ(၃၃၀) တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါ်သန်းသန်းအေး၏ **"မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရှမ်းတပ်ကုန်းရွာ( အောက်ကျင်း)ပနီးချောင်း အရှေ့ဘက်ကမ်းပါးများ ရေတိုက်စားခြင်းအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်အတွက် ရေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း"**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရှမ်းတပ်ကြီးကျေးရွာအုပ်စု ရှမ်းတပ်ကြီးရွာ (အောက်ကျင်း) ပနီးချောင်း အရှေ့ဘက်ကမ်းများ ရေတိုက်စားခြင်းကြောင့် ကမ်းပါးများ ပြိုကျခြင်းကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့ရာ မင်းလှမြို့နယ် ဆင်တောင်ကျေးရွာမှ မြစ်ဖျားခံစီးဆင်းလာသောချောင်းသည် ပနီးချောင်းသို့စီးဆင်းပြီး မိုးတွင်းရေများချိန်တွင် ရေအနက် (၉)ပေအထိ မြင့်တက်လာပြီး ရေစီးနှုန်းများကြောင်း၊ ရေနည်းချိန်တွင် ရေအနက် (၃)ပေခန့်သာရှိပြီး ရေစီးနှုန်းမှာ ပုံမှန်မျှသာရှိပါကြောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အလျား ပေ(၄၀၀) နှင့် အနံ ပေ(၁၀၀)ခန့် ကမ်းပြိုခဲ့ပြီး လူနေအိမ် (၃) လုံးနှင့် ရွာပတ်လမ်း ရေတိုက်စားခံခဲ့ရပြီး ၂၀၁၆ ခုနှစ်၌ ရေတိုက်စားကမ်းပါးပြိုမှုမရှိပါကြောင်း။

အဆိုပါ ရှမ်းတပ်ကြီးကျေးရွာအုပ်စု ရှမ်းတပ်ကြီးရွာ (အောက်ကျင်း) ပနီးချောင်း အရှေ့ဘက်ကမ်းပါးများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးခေါင်းစဉ်တွင် ထည့်သွင်းလျာထားခြင်း မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **"ချင်းပြည်နယ် ဖလမ်းမြို့နယ် အနောက်ဘက်ခြမ်းတွင် Mobile ဆက်သွယ်ရေး လွှမ်းခြုံနိုင်ရေး စီစဉ်ထားရှိမှု အခြေအနေကို သိရှိလိုကြောင်း မေးခွန်း"**နှင့် စပ်လျဉ်း၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ဆက်သွယ်မှု အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် ဖလမ်းမိုက္ကရိုဝေ့ဗ်စခန်းတွင် GSM စခန်းတစ်ခု၊ ဗားလုံမိုက္ကရိုဝေ့ဗ်စခန်းတွင် GSM စခန်း (၁)ခု၊ အသဲကွဲတောင်တွင် GSM စခန်း (၁)ခုနှင့် သုဖိုင်ကျေးရွာတွင် GSM စခန်း (၁)ခု စုစုပေါင်း GSM စခန်း (၄)ခုကို ဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါ်သန်းသန်းအေး

ထို့ပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့နယ် အနောက်ဘက်ခြမ်းရှိ ရန်လှုလိုကျေးရွာတွင် GSM စခန်း (၁)ခုနှင့် လုံပီးကျေးရွာတွင် GSM စခန်း (၁)ခု စုစုပေါင်း GSM စခန်း (၂)ခုအား ဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တယ်လီနောမြန်မာလီမိတက်အနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့နယ် အမှတ် (က/၂) ကျင်မွားရပ်ကွက်တွင် တာဝါတိုင် (၁)တိုင်၊ ကျင်ဟွန်းရွာတွင် တာဝါတိုင် (၁)တိုင်နှင့် ဝီဘမ်းကျေးရွာတွင် တာဝါတိုင် (၁)တိုင်နှင့် ရိခေါဒါရွာတွင် တာဝါတိုင် ၁ တိုင် စုစုပေါင်း တာဝါတိုင် (၄)တိုင်ကို တည်ဆောက်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် အော်ရီဒူးမြန်မာလီမိတက်အနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့နယ် အနောက်ဘက်ခြမ်းရှိ ရန်လှုလိုကျေးရွာတွင် တာဝါတိုင် (၁)တိုင်၊ လုံပီးကျေးရွာတွင် တာဝါတိုင် (၁)တိုင်ရှိပြီး ဇောင်လေးကျေးရွာတွင် တာဝါတိုင် (၁)တိုင်နှင့် ဇောင်ကောင်းကျေးရွာတွင် တာဝါတိုင် (၁)တိုင်၊ ဆောင်ဒိုကျေးရွာတွင် တာဝါတိုင် ၁ တိုင်၊ ဂေါင်းလီကျေးရွာတွင် တာဝါတိုင် ၁ တိုင်နှင့် လန်ဘန်းကျေးရွာတွင် တာဝါတိုင် ၁ တိုင် စုစုပေါင်း တာဝါတိုင် (၇) တိုင်ကို တည်ဆောက်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **"မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းရာတွင် ပြည်သူများ၏ လယ်ယာမြေနှင့် သီးပင်စားပင်၊ နှစ်ရှည်ပင်များ ဆုံးရှုံးမှုအပေါ် လျော်ကြေးငွေနှင့် နစ်နာကြေးပေးချေနိုင်ရေးအတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း"**၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **"ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၏ မဟာဓာတ်အားလိုင်းမှ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း"**၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၏ **"ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ သိမ်ကုန်းကျေးရွာတွင် ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း"**နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **"မကွေးတိုင်းဒေသကြီး၊ စလင်း၊ ဆင်ဖြူကျွန်းမြို့နယ်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် စလင်းမြို့နှင့် ၂၃ မိုင်အကွာတွင် တည်ရှိသည့် တညောင် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်လျက် ၃၃ ကေဗွီလိုင်းဖြင့် စလင်းမြို့သို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်သွယ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း"**တို့နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **"ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ရှိသောအပိုဒ်များကို တစ်ပိုဒ်ချင်းစီ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ပြုသည်။

**"ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ထောက်ခံအဆိုပြုသည့်အတွက် ယင်းဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းရန် မသင့်ကြောင်း လွှတ်တော်ကဆုံးဖြတ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက **"မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**အား အတည်ပြုရန် အဆိုတင်သွင်းရာ ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက **"ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း"**ကို အတည်ပြုရန် အဆိုတင်သွင်းရာ ဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုခဲ့သည်။

**မော်စီ၊ အေးဖြိုးသက်(သတင်းစဉ်)**

❒ **စာမျက်နှာ ၅ မှ**

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၇ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသည့် **တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆို**နှင့်စပ်လျဉ်း၍ **အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို**က တရားစီရင်ရေးကဏ္ဍသည် ယခုအချိန်အထိ တိမ်းစောင်းနေပြီး တရားဥပဒေစိုးမိုးမှုကျဆင်းနေသည့် ဝေဖန်မှုများ ကြားသိနေရပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသောအချက် ဖြစ်ပါကြောင်း၊ အလားတူ တရားဥပဒေစိုးမိုးရေး ဖော်ဆောင်ရာတွင် တရားစီရင်ရေးအဖွဲ့သည် အဓိကအခန်းကဏ္ဍ၌ ပါဝင်ပါကြောင်း၊ တရားစီရင်ရေးဆောင်ရွက်နေကြသည့် တရားရုံးများသည် မိမိတို့စီရင်ပိုင်ခွင့်အရ တရားစီရင်ရာတွင် လုပ်ပိုင်ခွင့်ပြုထားသည့် ဆင်ခြင်တုံတရားအပေါ်အခြေခံ၍ အကောင်းအဆိုး ပြစ်ဒဏ်အတိုင်းအဆများကို စီရင်ကြသည်ဖြစ်ရာ အဂတိတရားလေးပါး ကင်းစွာစီရင်ရန် အထူးအရေးကြီးပါကြောင်း၊ တရားစီရင်ရေးနှင့်ပတ်သက်၍ ပြည်သူ့အသံများထဲတွင် ကြားသိနေရပါကြောင်း အမှုရင်ဆိုင်ရချိန်ကြာခြင်းကြောင့် ငွေကုန်လူပန်းပြီး စီးပွားပျက်ခြင်းများ ကြုံတွေ့နေရသည်ကို ဖြစ်ကြောင်း။

လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုများဖြစ်များသော်လည်း ပြစ်မှုပြစ်ဒဏ်မမျှမှုကြောင့် လူ့အဖွဲ့အစည်းတွင် စိုးရိမ်ရခြင်း၊ ခြိမ်းခြောက်ခြင်းကဲ့သို့ မလုံခြုံမှုများကို ပြည်သူများ ခံစားနေရပါကြောင်း၊ ပြစ်မှုပြစ်ဒဏ်မမျှခြင်းကြောင့် တရားစီရင်ရေးတွင် အဂတိတရားများရှိနေသည်ကို မြင်သာနိုင်ပါကြောင်း၊ တရားရုံးများသာမက ဥပဒေရုံး၊ ပြည်သူရဲနှင့် မှုခင်းဆရာဝန်များ၏ မှန်ကန်မှုများလည်း လိုအပ်ပါကြောင်း၊ တာဝန်များကို မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်မှသာ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုကို ပြန်လည် တည့်မတ်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူများ ယုံကြည်အားကိုးသည့် တိုင်းပြည်တည်ဆောက်ရေးတွင် အားကောင်းသည့်အဖွဲ့ဖြစ်စေရန်အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ကလေးမဲန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင်၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၊ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာဦးလှိုင်မြင့်ဟန်နှင့် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်က တရားစီရင်ရေး ဖြောင့်မတ်ကြံ့ခိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးများတွင် အဓိကတာဝန်ရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် တရားစီရင်ရေးမူများနှင့်အညီ တရားစီရင်ရေးဖြောင့်မတ်မှန်ကန်ရေး တရားစီရင်ရေးကို ပြည်သူလူထု ယုံကြည်ကိုးစားမှုရှိရေးအတွက် တာဝန်ယူကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါကြောင်း၊ တရားစီရင်ရေးကဏ္ဍဟု ဆိုရာတွင် တရားသူကြီးများသာမက ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ သက်သေများနှင့် အမှုကိုစုံစမ်းစစ်ဆေးပြီး တရားရုံးသို့ တရားစွဲတင်ပို့ရသည့် တရားစွဲအဖွဲ့အစည်းများသည်လည်း အကျုံးဝင်ပါကြောင်း၊ ၎င်းတို့၏ ပေါ့လျော့မှု၊ လုပ်ငန်းမကျွမ်းကျင်မှုနှင့် မရိုးသားမှုများကြောင့် တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနိုင်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲနိုင်သည့် လုပ်ပိုင်ခွင့်ရှိသော်လည်း တရားစီရင်ရေးကဏ္ဍတွင် အကျုံးဝင်သည့် အဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲနိုင်သည့် လုပ်ပိုင်ခွင့်မရှိပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တရားလွှတ်တော်ရှေ့နေများ ကောင်စီတို့တွင်သာ လုပ်ပိုင်ခွင့်ရှိပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာလုပ်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများကို တိုက်တွန်းသည့်အဆို မတင်သွင်းဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုသာ တိုက်တွန်းသည့်အဆိုတင်သွင်းခြင်းမှာ မှန်ကန်ခြင်း မရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်တွင် အဂတိလိုက်စားမှုကင်းရှင်းရေး၊ တရားသူကြီးများ၏ စိတ်ဓာတ်နှင့် ခံယူချက်မြင့်မားရေး၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းလိုက်နာရေး၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးစသည့် နည်းလမ်းများဖြင့် အသိပညာပေးခြင်းနှင့် စည်းရုံးခြင်းများ ပြုလုပ်လျက်ရှိပြီး အဂတိလိုက်စားမှုများကို တွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်ရှိ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများ မရှိစေရန် ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် အရေးယူခြင်းအပိုင်းတို့ဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း အဆိုကိုမှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးရာ အဆိုရှင် ဦးတင်ထွေးက အဆိုကို အတည်ပြုသင့်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုနှင့်စပ်လျဉ်း၍** လွှတ်တော်၏သဘောထားဆန္ဒကို စက်ခလုတ်နှိပ် အသုံးပြုရယူရာ ထောက်ခံမဲ ၂၈၆ မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၆၁ မဲဖြင့် အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းဝေမွှေးနှင်း (သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Viettel ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုကြည့်ရှု



**နေပြည်တော် မတ် ၇**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဗီယက်နမ် လေကြောင်းရန်ကာကွယ်ရေးနှင့် လေတပ်ဦးစီးချုပ်မှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ် လေကြောင်းရန်ကာကွယ်ရေးနှင့် လေတပ်ဌာနချုပ်သို့ ရောက်ရှိကြရာ လေကြောင်းရန်ကာကွယ်ရေးနှင့် လေတပ်ဦးစီးချုပ် Lt. Gen. Le Huy Vinh နှင့် အရာရှိကြီးများက ကြိုဆိုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ဆက်လက်၍ လေတပ်ဌာနချုပ်ဧည့်ခန်းမတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ် လေကြောင်းရန်ကာကွယ်ရေးနှင့် လေတပ်ဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Airdefence and Airforce Museum သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဗီယက်နမ်တပ်မတော်သုံး လေယာဉ်၊ ရဟတ်ယာဉ်များ၊ လေကြောင်းရန်ကာကွယ်ရေးလက်နက်များကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်စစ်ဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ရောက်ရှိကြရာ ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဗီယက်နမ်စစ်ဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဖြစ်ပေါ်လာသည့် သမိုင်းကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်း၍ မြန်မာ့တပ်မတော်မှ ပညာတော်သင်များ စေလွှတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်အတူ Vietnam National Institute of Burn သို့ သွားရောက်လေ့လာကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် Viettel သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား Viettel Group ဒုတိယဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌတို့က ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား Viettel Group ဌာနချုပ်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

❒ **နောက်ကျောဖုံးမှ**

အပါအဝင် လူစုံပါဝင်ခဲ့သည်။ ပွဲအစ ၁၁ မိနစ်တွင် ဟာဆာဘူလာက မကွေးနောက်ခံလူ ကျော်ဇင်လွင်ကို ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့သောကြောင့် အနီကတ်ဖြင့် ထုတ်ပယ်ခံရသလို ကျော်ဇင်လွင်မှာလည်း ခေါင်းကွဲပြီး လူစားလဲခဲ့ရသည်။ ဂျိုဟိုးဒါရူးလ်အသင်းသည် တစ်ယောက်လျော့သွားသော်လည်း ကစားကွက်ပျက်မသွားဘဲ ၂၇ မိနစ်တွင် ဂိုပီနာသန်က ဂိုးစတင်သွင်းယူခဲ့သည်။ ပထမပိုင်းတွင် မကွေးအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေး နှစ်ကြိမ်ရခဲ့သော်လည်း ဆယ်လာ အသုံး မချနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် ဂျိုဟိုးဒါရူးလ်အသင်းက ခံစစ်ဦးစားပေးကစားခဲ့သောကြောင့် မကွေးအသင်း ပိုဖိကစားနိုင်ခဲ့သည်။ ၄၈ မိနစ်နှင့် ၅၅ မိနစ်တွင် မကွေးအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးနှစ်ကြိမ် ရခဲ့သော်လည်း မောင်မောင်စိုး အသုံး မချနိုင်ခဲ့ပေ။ ဂျိုဟိုးဒါရူးလ်အသင်းသည် ဝါရင့်ကွင်းလယ်လူ ဆာဖစ် အပါအဝင် လူအပြောင်းအလဲလုပ်ကာ ကစားအားမြှင့်ခဲ့သော်လည်း မကွေးအသင်းကသာ ပွဲကို ထိန်းချုပ်နိုင်ခဲ့သည်။ ၆၆ မိနစ်တွင် ထောင့်ကန်ဘောကို ကိုကိုနိုင် ခေါင်းတိုက်သွင်းရာ ဘားထိထွက်ခဲ့သလို မိုက်ကယ်ထပ်ဆင့်ပိတ်သော်လည်း လွဲချော်ခဲ့သည်။ မကွေးအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် တိုက်စစ်မှူး ဆယ်လာက ဂိုးသမားကိုလိမ်ကာ သွင်းယူခဲ့သည်။

မကွေးအသင်းသည် အုပ်စုတတိယပွဲအဖြစ် မတ် ၁၄ ရက်တွင် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူအချို့ လားရှိုးမြို့ မန်ဆူဘုန်းကြီးကျောင်းသို့ရောက်ရှိ

နေပြည်တော် မတ် ၇

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် တုံချိန်မြို့မှ တိုက်ပွဲရှောင် ပြည်သူများသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ မန်ဆူဘုန်းကြီးကျောင်းသို့ ရောက်ရှိလာရာ တည်းခိုနေထိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။**



လောက်ကိုင်ခရိုင် တုံချိန်မြို့မှ တိုက်ပွဲရှောင်ဒေသခံအိမ်ထောင်စု ၃၆ စုမှ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၅၅ ဦးတို့သည် ယနေ့နံနက် ၃ နာရီခန့်တွင် လားရှိုးမြို့ ရပ်ကွက် ၁၂ ရှိ သီရိမင်္ဂလာ မန်ဆူဘုန်းကြီးကျောင်းသို့ ရောက်ရှိလာရာ ကျောင်းထိုင်ဆရာတော်က တည်းခိုနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❍ **ပင်လယ်ရေလှိုင်းအတုမှ**

အဆိုပါကစားကွင်းတွင် ပင်လယ်ရေလှိုင်းအတု၊ ကလေးများ ရေကစားနိုင်မည့် Water House, Water Dance တို့အပြင် လျှပ်စစ်တိုက်ကား၊ 9D ရုပ်ရှင်ရုံ၊ 5D ရုပ်ရှင်ရုံ၊ မြင်းကမ္ဘာ၊ ပျော်ရွှင်ကမ္ဘာ၊ အပျော်စီးဆင်ရထား၊ ဆုံလည်ရဟတ် အပါအဝင် ကစားနည်း ၁၅ မျိုးခန့်ပါဝင်သည်။

မတ် ၈ ရက် နံနက်ပိုင်းဖွင့်ပွဲအခမ်းအနားတွင် ငါးဆူတိုက် ဘကကျောင်းနှင့် သုခရိပ်မြုံမှ ကလေး ၂၅၀ အား ဖိတ်ကြားကာ အခမဲ့ကစားခွင့်ပေးမည်ဖြစ်ပြီး ဧည့်သည်တော်များကိုလည်း နံနက် ၁၁ နာရီထိ ပင်လယ်ရေလှိုင်းတု၊ Water House, Water Dance မှအပ အခမဲ့ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၀၀၂)

ကြေးမုံ



# မြန်မာနိုင်ငံဆေးပညာဖွံ့ဖြိုးဖို့ အားလုံးပူးပေါင်းပြီး Team ပုံစံနဲ့ အလုပ်လုပ်ကြဖို့ အချင်းချင်းတိုင်ပင်ကြ၊ ပညာချင်းဖလှယ်ကြ၊ အဲဒီလိုလုပ်ဖို့က အရေးကြီးပါတယ်

**နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခအောင်ရဲဦး**

တစ်ချိန်က နှလုံးရောဂါဝေဒနာရှင်များအနေဖြင့် ပြည်ပနိုင်ငံများအထိ သွားရောက်ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရာမှ ယခုအခါ ပြည်တွင်းမှာပင် ခွဲစိတ်ကုသမှုခံယူနိုင်ပြီဖြစ်သည်။

ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးတွင် နှလုံးခွဲစိတ်ကုသမှုခံယူမည့် လူနာများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး ခွဲစိတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ လူနာပေါင်း ၁၈၀၀ ခန့်ကို အောင်မြင်စွာခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ နှလုံးခွဲစိတ်ကုသမှုများအနက် မတ် ၅ ရက်က ရန်ကင်းကလေးဆေးရုံကြီး၌ မွေးရာပါနှလုံးအဆို့ရှင်မလုံခြင်းနှင့်ဆိုင်သော သွေးကြောမကြီး ကြီးနေသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား အင်္ဂလန်နိုင်ငံတွင်ရောက်ရှိနေသည့် နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခအောင်ရဲဦးနှင့် မြန်မာနိုင်ငံမှ ပါမောက္ခဆရာဝန်ကြီးများ ပါဝင်သည့်အဖွဲ့က အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်းဖြင့် နှလုံးခွဲစိတ်ကုသခြင်းသမိုင်းမှတ်တိုင်တစ်ခုကို အောင်မြင်စွာစိုက်ထူနိုင်ခဲ့ကြသည်။

ထိုကဲ့သို့ အောင်မြင်စွာခွဲစိတ်ကုသနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ အောင်ရဲဦးတို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး**

မေး။ ။မြန်မာဆရာဝန်တွေ စုပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းရဲ့ နှလုံးခွဲစိတ်မှုကို အောင်မြင်စွာခွဲစိတ်နိုင်တဲ့အပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဘယ်လိုပံ့ပိုးကူညီပေးခဲ့သလဲဆိုတာ သိပါရစေ။

ဖြေ။ ။ကျွန်တော့်အနေနဲ့ ခွဲစိတ်ပေးတဲ့ နှလုံးခွဲစိတ်ဆရာဝန်ကြီးတွေကို ဂုဏ်လည်းယူပါတယ်။ သူတို့ကို ဂုဏ်လည်းပြုပါတယ်။ ဒီလိုအောင်မြင်မှုအတွက်ကို မခွဲခင်ကစပြီး အများကြီးစီစဉ်ရပါတယ်။ စီစဉ်တဲ့အခါမှာ အထူးသဖြင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဦးတင်မျိုးဝင်းနဲ့ အသေးစိတ်စီမံခန့်ခွဲပါတယ်။ ဘယ်သူတွေနဲ့ ခွဲရမလဲ၊ ဘယ်နေရာမှာ ခွဲရမလဲ၊ ဘာတွေလုပ်ရမလဲ၊ ခွဲပြီးရင်လည်း ဘယ်လိုလုပ်ရမလဲဆိုတာကို အသေးစိတ်စီစဉ်ပါတယ်။ ဒေါက်တာတင်မျိုးဝင်းအနေနဲ့ကတော့ ခွဲစိတ်ဆရာဝန်ကြီးလည်းဖြစ်တဲ့အတွက် သူ့ဆီက အလွန်ကောင်းတဲ့ အကြံဉာဏ်တွေရတဲ့အတွက် သူ့ကိုလည်း ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။

နောက်တစ်ချက်က ကျွန်တော့်အနေနဲ့ နှလုံးခွဲစိတ်တာတင်မကပါဘူး။ အသည်းအစားထိုး၊ အသည်းခွဲစိတ်၊ ကျောက်ကပ်အစားထိုး၊ ကျောက်ကပ်ခွဲစိတ်တဲ့ကိစ္စတွေမှာလည်း အမေရိကန်နိုင်ငံ၊ အင်္ဂလန်၊ စင်ကာပူ၊ ကိုရီးယား၊ ဂျာမနီ စတဲ့နိုင်ငံတွေက ခွဲစိတ်ပါရဂူတွေနဲ့ လာပြီးတော့ မြန်မာပြည်မှာ တော်တော်လေးခွဲစိတ်နေပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော့်အနေနဲ့ဆက်လက်ပြီး အခုထက်ပိုမိုအရှိန်မြှင့်ပြီးတော့ ဆောင်ရွက်ပေးမယ်လို့ ဆုံးဖြတ်ထားပါတယ်။

ထို့ပြင် ဒီနေရာမှာ လာရောက်ပြီးတော့ ခွဲစိတ်ပေးတဲ့ မြန်မာဆရာဝန်တစ်ဦးဖြစ်တဲ့ ဒေါက်တာ အောင်ရဲဦးဟာဆိုရင် မြန်မာစိတ်ဓာတ်ပီပီ မြန်မာပြည်ကို အခေါက်ခေါက်အခါခါလာပြီးတော့ သူ့ပိုက်ဆံနဲ့သူ အကုန်လာခွဲပေးပါတယ်။ အားလုံးနဲ့ပူးပေါင်းပြီးတော့ ခွဲစိတ်မှုတွေလုပ်ပါတယ်။ ဒီကိစ္စက အထူးကောင်းမွန်တဲ့ကိစ္စဖြစ်ပါတယ်။

ဆိုလိုတာကတော့ မြန်မာဆရာဝန်တစ်ဦးဟာ ဘယ်နိုင်ငံမှာနေနေ မြန်မာစိတ်ဓာတ်ရှိတယ်၊ မြန်မာပြည်ကိုချစ်တယ်။ ဒါတွေကို ကျွန်တော်တို့က လေးစားရမယ်။ ပံ့ပိုးရမယ်။ ဒါကို ဆက်လက်ပြီးဖြစ်အောင် လုပ်မှာပါ။ ဒါကိုလည်း အရှိန်အဟုန်မြှင့်ပြီးတော့လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ လုပ်တဲ့အခါမှာလည်း စနစ်တကျ လုပ်မယ်။ ခွဲစိတ်ဌာနမှာတင်မဟုတ်ဘူး၊ ဆေးကုသရေးဌာနတွေ၊ ပြည်သူ့ကျန်းမာရေး ဌာနတွေကလည်း အကုန်တွဲလုပ်မှာပါ။ ဒါမှသာ ကျွန်တော်တို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ပန်းတိုင်တွေကို ပြည့်မီမယ်လို့ ကျွန်တော်မြင်ပါတယ်။



ပါမောက္ခအောင်ရဲဦး

**နှလုံးသွေးကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခအောင်ရဲဦး**

မေး။ ။ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှလုံးခွဲစိတ်မှုအတွက် ဘယ်လိုပြင်ဆင်ခဲ့ပါသလဲ။

ဖြေ။ ။ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒေါက်တာသန်းထိုက်အောင်၊ ပါမောက္ခ ဒေါ်ဝင်းဝင်းကျော်တို့နဲ့တိုင်ပင်ပြီးတော့ ဝန်ကြီးချုပ် နှလုံးခွဲစိတ်ဖို့ ကျွန်တော့်ကို ဆက်သွယ်ပါတယ်။ ဝန်ကြီးချုပ်ရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ကျွန်တော့်ဆီပို့ပေးပါတယ်။ ကျန်းမာရေးအချက်အလက်တွေကို ကြည့်ပြီးတော့ ဘယ်လိုခွဲဖို့လိုမလဲ အကြံဉာဏ်ပေးခဲ့တယ်။ ခွဲဖို့ အဆင်ပြေပြီဆိုတော့ ခွဲဖို့စိတ်ဖို့ကို မြန်မာပြည်မှာပဲခွဲချင်လား၊ ကျွန်တော်လာခွဲလို့ရတယ်။ ဒါမှမဟုတ် ထိုင်းမှာခွဲမလား၊ တခြားခွဲမလား၊ အင်္ဂလန်ကိုလာခွဲမလားပေါ့။ တိုင်ပင်ကြပြီးတော့ ဝန်ကြီးချုပ်ကလည်း မြန်မာပြည်မှာခွဲချင်တာပေါ့။ ဒါနဲ့မြန်မာပြည်မှာ ပါမောက္ခ ဒေါ်ဝင်းဝင်းကျော်၊ ဒေါက်တာတင်မျိုးဝင်းတို့နဲ့တိုင်ပင်ပြီး အဆင်ပြေတယ်ဆိုတော့ ဒီမှာ ခွဲဖို့လုပ်လိုက်တာပါ။ သုံးပတ်လောက်ကတည်းက စီစဉ်ခဲ့တာပါ။

မေး။ ။ဝန်ကြီးချုပ်ရဲ့ နှလုံးခွဲစိတ်အောင်မြင်ဖို့အတွက် ဆရာတို့ဘယ်လိုပေါင်းစပ်ပြီး ဆောင်ရွက်ခဲ့တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ကြီးကြီးမားမားခွဲစိတ်တာ အောင်မြင်ဖို့ဆိုတာက Team ပုံစံ လူအများနဲ့ ပေါင်းပြီးလုပ်ကြတာ၊ Planning ကလည်း အရေးကြီးပါတယ်။ Planning ကလည်း တစ်ခါတည်း လုပ်ပြီးသားဆိုတော့ ဘာတွေလိုမလဲဆိုတာ ကြိုပြီးစဉ်းစားရတာပေါ့။ စဉ်းစားပြီး ဒီမှာရှိတဲ့ ကျန်းမာရေးဌာနရယ်၊ ရန်ကင်းဆေးရုံမှာရှိတဲ့ ဆရာ ဆရာမတွေ၊ သူနာပြုတွေရယ်ပေါင်းပြီး သွေးကအစ ပြင်ဆင်ပြီးတော့ လုပ်ထားတာပါ။ လုပ်ထားပြီးခဲ့တဲ့အခါကျတော့ အဆင်ပြေတာပေါ့။

မေး။ ။ဝန်ကြီးချုပ်ကို ခွဲစိတ်ပြီးပြီဆိုတော့ ဝန်ကြီးချုပ်ရဲ့ ကျန်းမာရေးအခြေအနေကိုလည်း သိပါရစေ။

ဖြေ။ ။ကျန်းမာရေးကောင်းပါတယ်။ ဒီနေ့ဆိုရင် တပ်ထားတဲ့ပိုက်တွေ ဖြုတ်လိုက်ပါပြီ။ အပြင်မှာ ထွက်ထိုင်နေပါတယ်။ အသက်ရှူလေ့ကျင့်ခန်းတွေ လုပ်နေပါတယ်။ လမ်းတောင်လျှောက်နေပါတယ်။ တော်တော်အဆင်ပြေပါပြီ။ ဆေးရုံမှာ ၅ ရက်၊ ၇ ရက်လောက်နေပြီး အိမ်ပြန်လို့ရပါပြီ။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

မေး။ ။မြန်မာနိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေအပေါ် နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနဲ့ နှိုင်းယှဉ်ပြီး သဘောထားအမြင်ကိုလည်း သိပါရစေ။

ဖြေ။ ။ပြီးခဲ့တဲ့ လေးငါးခြောက်နှစ်လောက်က ရန်ကင်းကလေးဆေးရုံမှာ လာကူညီတာဆိုတော့ ပိုပြီးသတိထားမိတာက ဒီမှာပစ္စည်းက ပိုပြီးစုံလာပါတယ်။ အစိုးရက ဘတ်ဂျက်တွေချပေးတဲ့အခါကျတော့ ဆေးတွေလည်း ပိုစုံလာပါတယ်။ ဆေးရုံမှာရှိတဲ့ ဝန်ထမ်းတွေကလည်း ကြိုးစားပါတယ်။ အင်္ဂလန်တို့၊ အနောက်နိုင်ငံတို့ထက်စာရင် နောက်ကျနေတာက လူတွေ ကျွမ်းကျင်မှုလိုသေးတယ်။ တချို့ပစ္စည်းတွေကလည်း လိုသေးတာပေါ့၊ မြန်မာနိုင်ငံဆေးပညာဖွံ့ဖြိုးဖို့ အားလုံးပေါင်းပြီး Team ပုံစံနဲ့ အလုပ်လုပ်ကြဖို့ အချင်းချင်းတိုင်ပင်ကြ၊ ပညာချင်းဖလှယ်ကြ၊ အဲဒီလိုလုပ်ဖို့က အရေးကြီးပါတယ်။ နိုင်ငံတကာမှာ ဆေးပညာရှင်တွေ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်သလို ဒီမှာလည်း တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်တာတွေ လုပ်မယ်ဆိုရင် နောက်တော့လည်း ဆေးပညာ အများကြီး ဖွံ့ဖြိုးလာမှာပါ။ အခုတော့ နည်းနည်းတော့ကြာတာပေါ့။ ၄-၅-၁၀ နှစ်လောက်တော့ကြာဦးမှာပါ။ အရင်ကထက်စာရင်တော့ ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာအဆင့်အတန်းက အများကြီးကောင်းလာပါတယ်။

မေး။ ။ဆရာ မြန်မာပြည်ကိုလာတဲ့ခရီးစဉ်တွေမှာ တတ်ကျွမ်းတဲ့ ဆေးပညာနဲ့ပတ်သက်ပြီး အသိပညာပေးတာတွေ၊ ပညာမျှဝေတာတွေ လုပ်တာတွေရှိရင်လည်း ပြောပြပေးပါဦး။

ဖြေ။ ။ကျွန်တော်က ဆေး-၁ ကနေ ၁၉၈၈ ခုနှစ်က အောင်ခဲ့တာပါ၊ အောင်ပြီးတော့ အင်္ဂလန်ကိုထွက်သွားတယ်။ အင်္ဂလန်ထွက်သွားပြီး အဖေက ခွဲစိတ်ကုဆရာဝန်ကြီး (အငြိမ်းစား) ဒေါက်တာဦးရဲမြင့်ပါ။ အဖေတို့ဆီကို လာလည်ရင်း အရင်ကတည်းကလည်း မြန်မာပြည်ကို ကူညီချင်တဲ့စိတ်ရှိခဲ့တယ်။ ဒီမှာ ပါမောက္ခ ဒေါ်ဝင်းဝင်းကျော်က ရန်ကင်းကလေးဆေးရုံမှာ နှလုံးခွဲစိတ်မှုစထောင်တော့ လာပြီးကူညီခဲ့တယ်။ တစ်နှစ် တစ်ခါကနေ တစ်နှစ် နှစ်ခါ၊ သုံးခါ လာလာပြီးတော့ သင်ပေးတယ်။ နှလုံးရောဂါရယ်၊ သွေးကြောမကြီးရောဂါတွေကို ပေါင်းပြီးတော့ ခွဲစိတ်မှုတွေလုပ်ပေးတယ်။ ဒီမှာရှိတဲ့ ဘွဲ့လွန်ကလေးတွေကိုလည်း စာသင်ပေးတယ်။ စာမေးပွဲတွေလုပ်ပေးတယ်။ ဒီမှာရှိတဲ့ ကွန်ဖရင့်တွေမှာလည်း စာတမ်းတွေဖတ်ပြီး ဟောပြောပါတယ်။ နောက်လည်း ဆက်လုပ်သွားမှာပါ။

မေး။ ။ဆရာ့အနေနဲ့ နှလုံးခွဲစိတ်တဲ့ဘာသာရပ်ကို ဘာ့ကြောင့် အဓိကရွေးချယ်ခဲ့တာလဲ။

ဖြေ။ ။အဖေက ရန်ကုန်ဆေးရုံကြီးက နှလုံးခွဲစိတ်ဆရာဝန်ကြီးပါ။ အဖေက နှလုံးခွဲစိတ်တဲ့ အထူးကုဆရာဝန်ကြီးဆိုတော့ ငယ်ငယ်ကတည်းက နှလုံးခွဲစိတ်တာကို မြင်နေခဲ့တာ။ ကျွန်တော်ကလည်း စိတ်ပါဝင်စားတယ်။ အင်္ဂလန်ရောက်ပြီး ခွဲစိတ်တဲ့ သင်တန်းတွေတက်တော့ တခြားဘာသာရပ်တွေ စမ်းကြည့်တယ်၊ နောက် နှလုံးခွဲစိတ်တဲ့ ဘာသာရပ်ကိုပဲ စိတ်ကပါနေတော့ အဲဒီဘက်ပဲ ပြန်ရောက်သွားတယ်။ အဲဒီအပေါ်မှာထပ်ပြီး အထူးပြုလေ့လာတာက နှလုံးသွေးကြောမကြီးခွဲတဲ့ နေရာပါ။

မေး။ ။ဆရာ့အနေနဲ့အင်္ဂလန်နိုင်ငံမှာ နှလုံးသွေးကြောမကြီး ကျွမ်းကျင်ပညာရှင်များအဖွဲ့ ဥက္ကဋ္ဌနေရာကို ဘယ်အချိန်လောက်ကစပြီး တာဝန်ယူထားတာလဲ။

ဖြေ။ ။ဟိုမှာက နှလုံးရယ်၊ ရင်ခေါင်း၊ အဆုတ်ခွဲစိတ်တဲ့ပညာရှင်အဖွဲ့ဆိုတာရှိတယ်။ နှလုံးနဲ့သွေးကြောမကြီးရောဂါမှာ ခွဲစိတ်တာမှာ ကျွမ်းကျင်တဲ့ဆရာဝန်တွေက နည်းနေတယ်။ ကျွန်တော်က အဲဒီမှာဝါသနာပါတဲ့သူတွေနဲ့ အဲဒီအဖွဲ့ကို ထောင်လိုက်တယ်။ ကျွန်တော်က အဲဒီမှာ ဥက္ကဋ္ဌပေါ့၊ တာဝန်ယူတာ ၄ နှစ်လောက်ရှိပါပြီ၊ အဲဒီလိုဖွဲ့လိုက်ပြီး တစ်ယောက်နဲ့တစ်ယောက် ပညာတွေဖလှယ်ကြတယ်။

မေး။ ။မြန်မာနိုင်ငံမှာ နှလုံးရောဂါဖြစ်ပွားမှုနှုန်းနဲ့ နှလုံးရောဂါအထူးကုဆရာဝန်ဦးရေ မျှတမှုရှိလား၊ ဘာတွေလိုအပ်နေတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။အများကြီးလိုပါတယ်။ အင်္ဂလန်မှာ လူဦးရေ ၆၆ သန်းမှာ နှလုံးခွဲစိတ်တဲ့ ဆရာဝန်က ၃၅၀ ရှိပါတယ်။ ဌာနပေါင်းက ၃၆ ခုရှိပါတယ်။ မြန်မာနိုင်ငံမှာက လူဦးရေသန်း ၅၀ ကျော်မှာ တကယ်ခွဲနိုင်တဲ့ နှလုံးခွဲစိတ်ဆရာဝန်က ၁၀ ယောက်တောင်မရှိပါဘူး။ ဌာနလည်းမများပါဘူး၊ ဒီမှာက အများကြီးလိုပါတယ်။ နောက်ထပ် နှလုံးခွဲစိတ်ဆရာဝန်တွေ မွေးထုတ်ပေးဖို့ ခွဲစိတ်တဲ့ဆရာဝန်တွေတင်မကဘူး၊ နှလုံးအထူးခွဲဖို့ မေ့ဆေးဆရာဝန်တွေလည်းလိုပါတယ်။ နှလုံးနဲ့ စက်မောင်းတဲ့ပညာရှင်တွေလည်းလိုပါတယ်။ ကျွမ်းကျင်တဲ့ သူနာပြုတွေလည်း လိုပါတယ်။ ဒီမှာ အနှစ် ၂၀၊ အနှစ် ၃၀ စီမံကိန်းထောင်ပြီး ကျွမ်းကျင်ပညာရှင်တွေ မွေးထုတ်ပေးမယ်။ နိုင်ငံမှာလိုမယ့် လူဦးရေအတွက် ခွဲစိတ်ဆရာဝန်ပေါင်းလည်း ၁၅၀ လောက်နဲ့ ဌာနပေါင်း ၂၅ ခုလောက်လိုမယ်။ အဲဒီလိုဖွံ့ဖြိုးဖို့အတွက် ရေရှည်စီမံကိန်းလိုပါတယ်။ ကျွန်တော်ကတော့ တတ်နိုင်သလောက် ကူညီပံ့မယ်။ ဒါကို အစိုးရအနေနဲ့စီစဉ်ရမှာပါ။

မေး။ ။နှလုံးရောဂါနဲ့ပတ်သက်ပြီး ဆောင်ရန် ရှောင်ရန်တွေကို ပြည်သူတွေကို ဘာများပြောချင်ပါသလဲ။

ဖြေ။ ။အဓိကကတော့ အသိနဲ့ဗဟုသုတပေါ့။ နှလုံးနဲ့သွေးကြောမကြီး ရောဂါရှိလို့ရှိရင် နှလုံးအထူးကုဆရာဝန်ကြီးတွေနဲ့ပြသပြီး ခွဲစိတ်လို့ရပါတယ်။ ခွဲစိတ်မယ်ဆိုရင်လည်း အောင်မြင်ပါတယ်။ ခွဲစိတ်မှု အများစုက မြန်မာနိုင်ငံမှာလုပ်လို့ရပါတယ်၊ နိုင်ငံခြားသွားစရာမလိုပါဘူး၊ ဒီမှာခွဲစိတ်တာ အောင်မြင်ပါတယ်။ ဒီလို ခွဲစိတ်မှုတွေ အောင်မြင်ဖို့အတွက် လူထုရဲ့ထောက်ပံ့မှုတွေလည်း လိုပါတယ်။ အဲဒီကျမှ ဒီဌာနတွေလည်း တိုးတက်မယ်။

မေး။ ။ဆရာ့အနေနဲ့ ဘာများဖြည့်စွက်ပြီး ပြောကြားလိုပါသလဲ။

ဖြေ။ ။ဝန်ကြီးချုပ်ကို အခုလို ခွဲစိတ်ခွင့်ရတာ ဂုဏ်ယူပါတယ်။ အစစအရာရာလည်း ဒီမှာအောင်မြင်သွားတယ်ဆိုတော့ ပံ့ပိုးပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**တွေ့ဆုံမေးမြန်း-မျိုးမြင့်၊မင်းသစ်(သတင်းစဉ်)၊**

**ဓာတ်ပုံ-နေလင်း**

# မန္တလေးတွင် အမျိုးသမီးငယ်ကို နှိပ်စက်မှုဖြင့် အမှုဖွင့်ထားသူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထပ်မံအမှုဖွင့်

**မန္တလေး မတ် ၇**

မန္တလေး အမရပူရမြို့နယ်တွင် အသက် (၁၄)နှစ်အရွယ် မိန်းကလေးကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် မတ် ၃ ရက်က ပုဒ်မ ၃၂၅/၃၂၆-အရ အမှုဖွင့်ခံထားရသူ ဇနီးမောင်နှံအား လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်ဆိုင်ရာ ဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် မတ် ၇ ရက်က အမရပူရတရားရုံးတွင် ဦးတိုက်လျှောက်၍ ထပ်မံအမှုဖွင့်ခဲ့ကြောင်း တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမောက်ဆိုင်းက ပြောသည်။ “ဆိုဆုံးမတဲ့အခါ မိဘ၊ ဆရာ (သို့)အုပ်ချုပ်သူက ဆိုဆုံးမတာထက်လွန်ကဲပြီး ညှဉ်းပန်းနှိပ်စက်ရာရောက်ရင် ကလေးသူငယ်ဆိုင်ရာ ပုဒ်မ ၆၆(ဃ)အရအကျုံးဝင်ပြီး ထောင်ဒဏ်နှစ်နှစ်၊ ငွေဒဏ်တစ်သောင်းရှိတယ်။ ကလေးသူငယ်ဥပဒေမှာ အာမခံပေးလို့ရ၊ မရဆိုတာ ကလေးသူငယ်ဥပဒေမှာ ရေးထားတာမရှိသလို ကျေအေးလို့လည်းမရဘူး”ဟု ၎င်းက ပြောသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးကို အလေးပေးဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့နယ်အလိုက် ကာကွယ်စောင့်ရှောက်ရေးကော်မတီများလည်း ဖွဲ့စည်းပေးထားကြောင်း၊ လုပ်ထုံးလုပ်နည်း များပြားသောကြောင့် အမှုဖွင့်ရာတွင် အခက်အခဲရှိသဖြင့် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ပေးနေသည်ဟု လက်ခံကာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဆက်လက်ပြောသည်။

နှိပ်စက်ခံရသူမိန်းကလေးငယ်ကို လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးအသက်မွေးအတတ်ပညာသင်တန်းကျောင်းတွင် ပြုစုစောင့်ရှောက်မှုပေးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# နိုင်ငံတော်အစိုးရ တစ်နှစ်တာ ပြည်သူ့သတင်းစာ




နေ့စဉ်ထုတ် သတင်းစာများကို ပြည်သူ့လက်ဝယ်သို့ အချိန်မီရောက်ရှိစေရန် နည်းလမ်းပေါင်းစုံဖြင့် ဖြန့်ချိပေးလျက်ရှိသည်။ ဓာတ်ပုံ - ငွေးအောင်(ကြေးမုံ)

ရောင်နီလာ၍ မိုးသောက်သည်နှင့် ကမ္ဘာလောကကြီးလည်း နိုးထလာကာ တစ်နေ့တာ၏လုပ်ငန်းများ စတင်ကြရပေတော့မည်။ လူတစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်း၊ လုပ်ငန်းဌာနတစ်ခုချင်းစသည် စသည်ဖြင့် တစ်နေ့တာအတွက် လုပ်ငန်းကို နံနက်ခင်းမှစတင်လည်ပတ်ကြသည်။

အခြားသော လုပ်ငန်းများစွာနှင့် ကွဲပြားခြားနားကာ တစ်ရက်လျှင် ၂၄နာရီ၊ တစ်ပတ်လျှင် ခုနစ်ရက်၊ တစ်နှစ်လျှင် ရက်ပေါင်း ၃၆၅ရက် စဉ်ဆက်မပြတ် လည်ပတ်နေသည့် လုပ်ငန်းကိုပြပါဟုဆိုလျှင် သတင်းစာလုပ်ငန်းကို ညွှန်ပြရမည်ဖြစ်သည်။

သတင်းစာလုပ်ငန်းသည် လူတစ်ဦးချင်း၏ ကျွမ်းကျင်မှုအပြင် အဖွဲ့လိုက်ပေါင်းစည်းကာ အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းတာဝန်အလိုက် ဟန်ချက်ညီစွာ စုပေါင်းလုပ်ဆောင်ခြင်းဖြင့် ရလဒ်ထွက်ပေါ်လာရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ စာတစ်လုံးချင်းမှသည် စာမျက်နှာတိုင်းကို စာဖတ်သူများလက်ထဲရောက်ရှိချိန်အထိ လူသားအရင်းအမြစ်များ၏ စွမ်းအားများဖြင့် စုပေါင်းထုတ်လုပ်ထားသည်ဟု ဆိုရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာမီဒီယာကဏ္ဍသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ လစဉ်ထုတ်သတင်းမဂ္ဂဇင်းများနှင့် စာအုပ်စာစောင်များစွာ ထုတ်ဝေလျက်ရှိသည်ကိုမြင်တွေ့နေရသည်။ အစိုးရအပေါ် ဝေဖန်ထောက်ပြချက်များ၊ အကြံပြုချက်များ၊ ထောက်ခံအားပေးမှုများနှင့် အစိုးရ၏ ဆောင်ရွက်ချက်များကို မြင်တွေ့ရသကဲ့သို့ ပြည်သူ့အသံများ၊ ပြည်သူတို့၏ လိုအပ်ချက်များ၊ ပြည်သူ့သဘောထားများကိုလည်း သတင်းစာများတွင် ဖော်ပြလာခြင်းဖြင့် သတင်းစာ လွတ်လပ်ခွင့်ကို ပိုမိုအားကောင်းစေရန် အရှိန်မြှင့်ဆောင်ရွက်နေကြသည်။ ပြည်သူနှင့် အစိုးရအကြား အပြန်အလှန်ပေါင်းကူးပေးနေသည့် မီဒီယာများတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေနေသည့် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ မြန်မာ့အလင်းသတင်းစာ၊ နှစ်ပေါင်း ၆၀ နီးပါးဖြစ်လာသည့် ကြေးမုံသတင်းစာနှင့် အင်္ဂလိပ်ဘာသာအသွင်သစ်ဖြင့် The Global New Light of Myanmar သတင်းစာများသည်လည်း တစ်ထောင့်တစ်နေရာမှ အားဖြည့်ပါဝင်လျက်ရှိသည်။

"ကျွန်တော်တို့ သတင်းစာတွေက အစိုးရရဲ့ မူဝါဒတွေ၊ အစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ အစိုးရရဲ့ လိုအပ်ချက်တွေကို ဖော်ပြပေးနေသလို တစ်ဖက်မှာလည်း ပြည်သူတွေရဲ့ လိုအင်ဆန္ဒတွေ၊ သဘောထားတွေ၊ တွေ့ကြုံခံစားမှုစတာတွေကို ပေါင်းကူးဖော်ပြပေးနေပါတယ်။ ကျွန်တော်တို့ သတင်းစာတွေဟာ အများပြည်သူအကျိုးအတွက် သတင်းဝန်ဆောင်မှုတာဝန်အပြင် အောင်မြင်တဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ်လည်း ရေရှည်ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေကို တိကျမှန်ကန်မျှတပြီး ဂုဏ်သိက္ခာမြင့်မားတဲ့ နိုင်ငံပိုင်သတင်းစာများအဖြစ်နဲ့ ရပ်တည်နိုင်ဖို့၊ Joint Venture စနစ်နဲ့ လည်ပတ်နေတဲ့ The Global New Light of Myanmar သတင်းစာကို အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ အဓိက သတင်းစာအဖြစ် ရပ်တည်နိုင်ဖို့ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်" ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲနိုင်က ပြောကြားသည်။

ပို၍ထူးခြားသည်မှာ နိုင်ငံပိုင်သတင်းစာများသည် ပြည်သူကို မျက်နှာမူပြီး အစိုးရ၏ လှုပ်ရှားမှုများနှင့် ရည်မှန်းချက်များ၊ မူဝါဒများ၊ ဌာနဆိုင်ရာများမှ ထုတ်ပြန်ချက်များနှင့် ပြည်သူလူထုအတွက် ပြန်ကြားချက်၊ အသိပေးချက်များ၊ ဥပဒေများနှင့် နည်းဥပဒေများ၊ ဥပဒေမူကြမ်းများစသည်တို့ကိုလည်း အခါအားလျော်စွာ အမှားအယွင်းမရှိ တင်ဆက်ပေးနေရသည့် တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သည်။

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း သတင်းစာလုပ်ငန်း ပြုပြင်ပြောင်းလဲခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပြီး သတင်းရယူမှုပုံစံ၊ သတင်းရေးသားတင်ဆက်မှုပုံစံ၊ သတင်းစာပြင်ဆင်ဖွဲ့စည်းမှုပုံစံ၊ သတင်းစာအရည်အသွေးနှင့် စီးပွားရေးဆိုင်ရာမူဝါဒများ အဓိကထားပြောင်းလဲခဲ့သည်ကို မြင်တွေ့ရသည်။ ထိုသို့ပြောင်းလဲမှုများကြောင့် သတင်းစာဖတ်ရှုသူများဘက်မှလည်း ကျေနပ်အားရမှုများကို ပြန်လည်ကြားသိရပြီး ပြည်သူ့အသံပေါင်းများစွာသည်လည်း သတင်းစာမျက်နှာများပေါ်တွင် ပွင့်လင်းမြင်သာစွာ ပါဝင်လာနေပြီဖြစ်သည်။

သတင်းစာအဆင့်အတန်း မြင့်မားရေးအတွက် တိုက်ပိုင်သတင်းထောက်များ၊ မြို့နယ်သတင်းထောက်များအား ပြည်တွင်းပြည်ပမှ သတင်းစာပညာရှင်များကို ခေါ်ယူကာ သင်တန်းများပေးခြင်း၊ မဏ္ဍိုင်ကြီးသုံးရပ်မှ ထွက်ပေါ်လျက်ရှိသည့် သတင်းအချက်အလက်များအား ပြည်သူများ လွယ်လင့်တကူ သိရှိစေရန်အတွက် ထူးခြားသတင်းများ အဆက်မပြတ်ဖော်ပြပေးခြင်း၊ သတင်းဆောင်းပါး၊ သတင်းသုံးသပ်ချက်များဖြင့် ဖော်ပြပေးခြင်း၊ မတူညီသည့် ရှုထောင့်အမျိုးမျိုးမှ ချဉ်းကပ်ကာ ရေးသားဖော်ပြခြင်း၊ ဖြစ်စဉ်များ ဖြစ်ပွားသည့် ဒေသများကို ကွင်းဆင်းသတင်းရယူကာ ဖော်ပြခြင်း၊ ပြည်ပသတင်းဌာနများနှင့် သတင်းများဖလှယ်အသုံးပြုခြင်း၊ ရိုက်တာသတင်းဌာနမှ သတင်းများကို ဘဏ္ဍာနှစ် တစ်နှစ်စာအတွက် အမေရိကန်ဒေါ်လာ ၁၉၂၀၀ ဖြင့် ဝယ်ယူအသုံးပြုကာ နိုင်ငံတကာသတင်းထူးများ ဖော်ပြပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

ယင်းအပြင် သတင်းများကို သတင်းစာကျင့်ဝတ်နှင့်အညီ ဘက်မလိုက်၊ မျှတစွာရေးသားဖော်ပြခြင်းကို အထူးအလေးပေးဆောင်ရွက်နေပြီး ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ သတင်းရေးသားသည့် နည်းလမ်းများကို တိကျစွာ လိုက်နာကျင့်သုံးလျက်ရှိနေပြီဖြစ်သည်။ နိုင်ငံပိုင်သတင်းစာဖြစ်သည်နှင့်အညီ မဏ္ဍိုင်ကြီးသုံးရပ်မှ သတင်းများကိုလည်း ဦးစားပေးဖော်ပြလျက်ရှိပြီး ယင်းတို့သည်လည်း အခြားမီဒီယာများအပါအဝင် စာဖတ်သူပြည်သူများအတွက် အစိုးရ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် သိရှိစေရန် ရည်ရွယ်တင်ဆက်နေကြခြင်း ဖြစ်သည်။

ပြည်သူ့သဘောထားစင်မြင့်၊ ထင်သာမြင်သာပြုပြင်စရာ၊ စာတည်းထံပေးစာစသည့် ကဏ္ဍများကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းဖော်ပြလျက်ရှိရာ ယင်းကဏ္ဍများမှာ ပြည်သူများအတွက် ဟစ်တိုင်စာမျက်နှာများပင် ဖြစ်သည်။ မည်သူမဆို အစိုးရအပေါ်ဖြစ်စေ၊ အခြားလုပ်ဆောင်မှုများအပေါ် ဖြစ်စေ အပြုသဘောဖြင့် ဝေဖန်ထောက်ပြနိုင်သည့်အတွက် နေ့စဉ်နှင့်အမျှ တစ်နိုင်ငံလုံးမှ ပေးပို့လာကြသည့် အချက်အလက်များကို အချိန်မီစိစစ်ကာ သတင်းစာအတွင်း ထည့်သွင်းဖော်ပြပေးလျက်ရှိပြီး ပြည်သူများအတွက် တိုက်ရိုက်အကျိုးသက်ရောက်မှုများရှိကြောင်း သတင်းစကားများကိုလည်း ကြားသိရသည်။

သတင်းစာလုပ်ငန်းသည် သက်မွေးဝမ်းကျောင်းလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်ရာ ပုဂ္ဂလိကသတင်းစာများလည်း ထုတ်ဝေလာခဲ့သည်။ ပြင်ပသတင်းစာလုပ်ငန်းများမှ ကျွမ်းကျင်သူများသည် အခြေခံလစာငွေကျပ်နှစ်သိန်းမှ ငွေကျပ်သိန်းဆယ်ဂဏန်းအထိ ရရှိနေချိန်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာကျွမ်းကျင်သူဝန်ထမ်းများသည် အခြားနိုင်ငံ့ဝန်ထမ်းများနည်းတူ ဝန်ထမ်းလစာ တစ်မျိုးတည်းဖြင့်သာ တတ်ကျွမ်းသည့် သတင်းစာပညာဖြင့် နိုင်ငံ့အပေါ် အကျိုးပြုနေကြသူများ ဖြစ်ကြသည်။ ပြောင်းလဲလာသည့် မူဝါဒနှင့်အညီ သတင်းစာအရည်အသွေးမြင့်မားရေး၊ သတင်းအရည်အသွေးမြင့်မားရေး ကြိုးပမ်းနေကြပြီး တစ်ဖက်တွင်လည်း သတင်းစာကျင့်ဝတ်စည်းကမ်းများအပေါ် လေးစားလိုက်နာခြင်းတို့ဖြင့် ပြည်သူကို မျက်နှာမူသောသတင်းများ ပိုမိုတင်ဆက်နိုင်ရေးကို ကြိုးစားကာ ပြောင်းလဲလုပ်ဆောင်နေကြသူများဖြစ်သည်။

နိုင်ငံပိုင်သတင်းစာများနှင့်ပတ်သက်၍ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးဖြစ်သူ ဆရာမြင့်စိုး(နတလ)က "၁၉၉၄ခုနှစ်မှာ မြင့်စိုး(နတလ)ဆိုတဲ့ ကလောင်ကို သတင်းနဲ့စာနယ်ဇင်းက မွေးဖွားပေးခဲ့တာပါ။ အမျိုးသားရေးနဲ့ ငြိမ်းချမ်းရေးဆိုင်ရာဆောင်းပါးတွေကို ရေးခဲ့ပါတယ်။ ခေတ်ကာလပြောင်းလာတာနဲ့အမျှ သတင်းနဲ့စာနယ်ဇင်းလည်း ပြောင်းလဲလာတာကို ကျွန်တော်ခံစားရပြီး ကျွန်တော့်ရေးသားမှုတွေကိုလည်း လိုက်ပြောင်းလဲခဲ့တယ်။ မြန်မာ့အလင်းက ၁၉၁၄ခုနှစ်မှာ စတင်ထုတ်ဝေပါတယ်။ ကြေးမုံက ၁၉၅၇ ခုနှစ်မှာ စတင်ထုတ်ဝေတာပါ။ ထွက်လာတဲ့ သမိုင်းတစ်လျှောက်မှာ ခေတ်ကိုမီးမောင်းထိုးပြခဲ့တာကို တွေ့ရမှာပါ။ ဆက်လက်ပြီးတော့လည်း ခေတ်အလိုက်မီးမောင်းထိုးပြ နိုင်လိမ့်ဦးမယ်လို့ ယူဆပါတယ်။ ပြည်သူလူထုအနေနဲ့ သတင်းစာနဲ့ကင်းကွာလို့လုံးဝမရပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့လည်း သတင်းစာထဲကနေတစ်ဆင့် ပြည်သူတွေရဲ့လိုအပ်ချက်ကို သိဖို့လိုအပ်ပါတယ်။ အဲဒီနေရာမှာလည်း ပုဂ္ဂလိကသတင်းစာတွေထက် ပြည်သူတွေနဲ့ သက်ဆိုင်တဲ့ ငွေကြေးတစ်ရပ်နဲ့ ရပ်တည်နေတဲ့ နိုင်ငံပိုင်တွေဆိုရင် ပိုပြီးသမာသမတ်ကျနိုင်မယ်လို့ ထင်ပါတယ်။ မှန်ကန်တဲ့ သတင်းစာပညာကို အသုံးပြုပြီး ပိုမိုပေါင်းစည်းဆောင်ရွက်ရင် မြန်မာ့အလင်း၊ကြေးမုံဆိုတာ အခုနှစ်တစ်ရာကျော်ကနေ နောင်နှစ်များစွာအထိ တည်တံ့နိုင်မှာပါ" ဟု ပြီးခဲ့သည့်နှစ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မှတ်ချက်ပေးသည်။

သတင်းစာမျက်နှာများတွင် တစ်နှစ်တာအတွင်း ပြောင်းလဲမှုများအဖြစ် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ကြေးမုံသတင်းစာတွင် အပတ်စဉ်ဖော်ပြပေးလျက်ရှိပြီး တစ်နိုင်ငံလုံးမှ မျိုးဆက်သစ်လူငယ်များ၏ အတွေးအမြင်များ၊ ခံစားမှုများကို ဖော်ပြပေးခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး အပတ်စဉ် လူငယ်များစွာထံမှ ပေးစာများကိုလက်ခံရရှိခဲ့သည်။

**စာမျက်နှာ ၉ သို့**



သက်ဝင်လှုပ်ရှားနေသည့် ကြေးမုံသတင်းစာတိုက်ရှိ သတင်းခန်းကို တွေ့ရစဉ်။
ဓာတ်ပုံ - ဟိန်းထက်(ကြေးမုံ)



သတင်းခန်းမှ ပေးပို့သော စာဖောင်များကို ပုံနှိပ်စက်တင်ရန် ခေတ်မီ Computer to Plate (CTP)စက်များဖြင့် ပလိတ်ကူးနေစဉ်။

**စာမျက်နှာ ၈ မှ**

ကလေးငယ်များအတွက် ရည်ရွယ်ကာ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် အပတ်စဉ်ဆန်းဒေးကာတွန်းအစီအစဉ်ကို ထည့်သွင်းခဲ့ရာကလေးငယ်များအတွက် စာဖတ်စွမ်းရည်၊ အနုပညာစွမ်းရည်၊ စိတ်ခတ်နှင့် စာရိတ္တစွမ်းအားများကို မြှင့်တင်ပေးနိုင်ခဲ့ပြီး စာဖတ်သူများလည်း တိုးပွားလာခဲ့သည်။

ယခုထက်ပိုမိုကာ အယ်ဒီတာမူဝါဒများနှင့် စာနယ်ဇင်းအတတ်ပညာအဆင့်အတန်းများ မြင့်မားလာစေပြီး ယခုထက်ပိုမို၍ ကောင်းမွန်သည့် တင်ဆက်မှုများ ရရှိနိုင်ရန်အတွက် ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း နိုင်ငံတကာမီဒီယာများနှင့် ပြည်တွင်းသတင်းစာပညာသင်တန်းကျောင်းအချို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် မီဒီယာဗဟုဝါဒ ထွန်းကားစေရေးအတွက် ကြိုးစားနေချိန်တွင် စီးပွားရေးအရ ပုဂ္ဂလိကထုတ်ဝေနေသည့် သတင်းစာများအလယ်တွင် နိုင်ငံပိုင်သတင်းစာများအဖြစ် ကြားခံရပ်တည်ကာ ပြည်သူများ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းကိုလည်း ကြိုးစားဆောင်ရွက်နေသည်ကို မြင်တွေ့နိုင်သည်။

နေ့စဉ်လည်ပတ်နေရသည့် သတင်းစာလုပ်ငန်းတွင် သတင်းထောက်များ၊ အယ်ဒီတာများ (စာတည်းများ)မှ အစပြုကာ ကွန်ပျူတာကျွမ်းကျင်သူများ၊ စာပြင်ဆရာများ၊ ပုံနှိပ်ကျွမ်းကျင်သူများ၊ ဖြန့်ချိရေးအဖွဲ့များ၊ ရုံးအဖွဲ့များ စသည်ဖြင့် နေ့ဆိုင်းညဆိုင်းခွဲကာ တာဝန်အသီးသီး ရယူဆောင်ရွက်နေခြင်းဖြင့် နေ့စဉ်ထွက်ရှိနေသည့် သတင်းစာတို့ကို အားဖြည့်ထားသည်။ ထိုဝန်ထမ်းများအပြင် သတင်းစာလက်ပွေ့ရောင်းချသူများ၊ သတင်းစာကိုယ်စားလှယ်များနှင့် သတင်းစာပို့သူများအားလုံးသည် မိမိတို့ သတင်းစာတိုက်များကိုပင် အမှီပြုကာ အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သည်။

သတင်းခန်းများ၏ အရည်အသွေးမြင့်မားစေရေးအတွက် အသွင်အပြင်နှင့်တကွ အရည်အသွေးကိုပါ မြှင့်တင်ထားခဲ့ပြီး သတင်းစာပြင်ဆင်မှုများတွင် သတင်းစာအမှတ်တံဆိပ်(Logo)မှ စတင်ကာ မူလအနေအထားကို ခေတ်နှင့်အညီပြောင်းလဲဆန်းသစ်ကာ ပြင်ဆင်ခဲ့ပြီး အသိပညာပေးကဏ္ဍများ၊ ဖျော်ဖြေရေးကဏ္ဍများနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းအရပ်ရပ်တို့ကို အားဖြည့်ပေးထားသည်။ ကိုယ်ပွားသတင်းစာတိုက်များမှတစ်ဆင့်လည်း ဒေသအလိုက် တိုင်းရင်းသားစာမျက်နှာများကို တိုးချဲ့ထုတ်ဝေနိုင်ရန် ကြိုးပမ်းနေပြီး မော်လမြိုင်ကိုယ်ပွားသတင်းစာတိုက်မှ မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့် သတင်းများကို အပတ်စဉ်ထုတ်ဝေကာ သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းဖြင့် တိုင်းရင်းသားတို့အတွက် အသိပညာများပေးဝေလျက်ရှိသည်။ မန္တလေးကိုယ်ပွားသတင်းစာတိုက်မှနေ၍လည်း မန္တလေးစာမျက်နှာအဖြစ် အပတ်စဉ် စနေနေ့တိုင်း မန္တလေးသတင်း၊ မန္တလေးဆောင်းပါးများကို တိုးချဲ့ထုတ်ဝေလျက်ရှိသည်။

နိုင်ငံပိုင်သတင်းစာများ ဖြစ်သည်နှင့်အညီ သတင်းစာကျင့်ဝတ်များအပြင် သတင်းအချက်အလက်မှန်ကန်မှု၊ သုံးသပ်မှု မှန်ကန်မှုအပြင် မြန်မာဘာသာအဆင့်အတန်း၊ စာလုံးပေါင်း သတ်ပုံတိကျမှုနှင့် အခြားသော ပြည်သူများသိရှိရမည့် အချက်အလက်များစွာကိုလည်း တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ခြုံငုံမိမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်သူများ၏ ဈေးကွက်လိုအပ်ချက်အရ အမြို့မြို့အနယ်နယ်သို့ ပျံ့နှံ့သည့် သတင်းစာကြီးများ ဖြစ်သည့်အားလျော်စွာ လိုအပ်သလို ကြော်ငြာစာမျက်နှာများကို တိုးချဲ့ပေးနေရသည်။



ကြော်ငြာဌာနတွင် ကြော်ငြာများ စိစစ်လက်ခံပေးနေစဉ်။

"ကျွန်တော်က အသက် (၁၈) နှစ်ကတည်းက ဗိုလ်တထောင်၊ မြန်မာ့အလင်းနဲ့ ဟံသာဝတီတို့မှာ သတင်းပေးပို့လာခဲ့တာ အခုဆိုရင် နှစ်လေးဆယ်ကျော်ခဲ့ပါပြီ။ နယ်ကလူတွေက သူတို့နယ်က ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးသတင်းတွေပါရင် သိပ်ဝမ်းသာကြသလို သတင်းစာကို ပိုပြီးဖတ်ချင်ကြတယ်။ မြန်မာ့အလင်းက နယ်သတင်းကဏ္ဍအားကောင်းလို့ ကျွန်တော်ကိုယ်တိုင်လည်း သတင်းထောက်အနေနဲ့ ပေးပို့သလို ကိုယ်စားလှယ်လည်း ရယူထားပြီး သီပေါမြို့နယ်မှာ ဖြန့်ဝေပါတယ်။ အခြားသတင်းစာတွေ ဘယ်လောက်ဖတ်ရဖတ်ရ နိုင်ငံပိုင်သတင်းစာကတော့ လက်လွှတ်လို့မရသေးပါဘူး။ လိုအပ်တာလေးရှိရင်၊ ကိုးကားချင်တာလေးရှိရင် သတင်းစာ နှစ်စောင်ကို အားကိုးနေရဆဲပါပဲ" ဟု သီပေါမြို့နယ် သတင်းထောက် ဦးစိုင်းသာလှိုင်ကလည်း ပြောကြားခဲ့ဖူးသည်။

သတင်းစာများတွင် ဖော်ပြသည့် အချက်အလက်များ၏ ခိုင်မာမှု၊ အာမခံနိုင်မှုနှင့် ရိုးသားစွာတင်ဆက်မှုများကြောင့် ပြည်သူလူထု၏ ယုံကြည်မှုကို ရရှိလာခြင်းသည် သတင်းစာတစ်စောင်၏ ဂုဏ်သိက္ခာပင်ဖြစ်သည်။ နိုင်ငံပိုင်သတင်းစာများသည် အခြားပြင်ပသတင်းစာများကဲ့သို့ သတင်းဦးရရှိမှုအားနည်းနေသေးသည်ကို မြင်တွေ့ရပြီး သတင်းစာဖတ်သူများ၏ အမြင်၊ သတင်းစာအပေါ် ယုံကြည်မှု၊ သတင်းစာအပေါ် ခံယူမှုများသည်လည်း မတူညီကြသည်ကို တွေ့ရသည်။

နိုင်ငံပိုင်သတင်းစာများ၏ သတင်းစာမျက်နှာများထက်တွင် ပါရှိသည့်သတင်းများသည် အစိုးရကို ကိုယ်စားပြုသည်ဟူသည့် အမြင်များကိုလည်း မြင်တွေ့ရသည်။ နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံ့အကျိုးအတွက် အကျိုးရှိစေမည့် သတင်းများ၊ မဖြစ်မနေပါဝင်သင့်သည့် သတင်းများကို ဦးစားပေးဖော်ပြလျက်ရှိပြီး ဖော်ပြရာတွင်လည်း ပဋိပက္ခဖြစ်စေမည့်၊ အငြင်းပွားစေမည့်၊ လိုရာကောက်ချက် ဆွဲယူနိုင်မည့် အရေးအသား၊ ဖော်ပြချက်များကို ရှောင်ရှားကာ သတင်းစာကျင့်ဝတ်များ၊ နိုင်ငံပိုင်သတင်းများအတွက် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖော်ပြခြင်းဖြင့် ပြည်သူနှင့်အစိုးရအကြား ပေါင်းကူးပေးနေခြင်းလည်း ဖြစ်သည်။

သတင်းစာတစ်စောင်၏ ထုတ်လုပ်မှုစရိတ်မှာ အကြမ်းဖျင်းအားဖြင့် ငွေကျပ် ၁၅၀ ကျော်ကုန်ကျသော်လည်း နိုင်ငံပိုင်သတင်းစာများသည် စာဖတ်သူတိုးပွားလာခြင်း၊ နိုင်ငံအတွင်းအပျံ့နှံ့ဆုံးသတင်းစာများဖြစ်ခြင်း၊ ပြည်သူလူထု ယုံကြည်အားကိုးလာခြင်းစသည်တို့ကြောင့် ကြော်ငြာဝင်ငွေရရှိမှုနှင့်အတူ ယင်းဝင်ငွေနှင့်ချိန်ဆ၍ သတင်းစာတစ်စောင်၏ တန်ဖိုးအား ကျသင့်ငွေထက်လျှော့ပြီး ပင်ရင်းဈေး ငွေကျပ် ၅၀ဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်းဖြစ်သည်။

The Global New Light of Myanmar သတင်းစာကိုလည်း ပုဂ္ဂလိကကုမ္ပဏီနှင့်ပူးပေါင်းကာ Joint Venture အနေဖြင့် ရေတိုကာလအတွင်း ထူထောင်နိုင်ခဲ့ပြီဖြစ်သလို မူလတန်ဖိုးထက်လျှော့ပြီး တစ်စောင်လျှင် ငါးဆယ်ကျပ်ဖြင့်သာ ရောင်းချနေသည်။ အကျိုးအမြတ်ရရှိမှုအပေါ် မူတည်ပြီး မတည်ငွေထည့်ဝင်မှုအလိုက်ရရှိအမြတ်ငွေကိုခွဲဝေနိုင်ခဲ့သည့်အပြင် နိုင်ငံတော်ဘဏ္ဍာအတွက်လည်း အမြတ်ငွေများ ပေးသွင်းနိုင်ခဲ့သည်။

နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက်မှ တစ်ခုအပါအဝင်ဖြစ်သည့်အားလျော်စွာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမူဝါဒနှင့်အညီ လျာထားငွေများရရှိအောင် ဆောင်ရွက်ခြင်းအပြင် အရှုံးမရှိစေရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အမြတ်ရရှိမှုကိုလေ့လာကြည့်သည့်အခါ နှစ်စဉ်ထိုက်သင့်သော အမြတ်ငွေများရရှိခဲ့ပြီး ပြည်သူ့ဘဏ္ဍာကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

သတင်းစာထုတ်ဝေရေးလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော်လည်း သယ်ယူပို့ဆောင်ခြင်း၊ ကုန်ကြမ်းတင်သွင်းခြင်းစသည့် လုပ်ငန်းစဉ်တိုင်းတွင် အခွင့်ထူးခံစားခြင်းများမရှိဘဲ သယ်ယူပို့ဆောင်မှုများတွင်လည်း ကျသင့်သည့် အဖိုးအခများအလိုက် ပေးချေရသည့်အပြင် ကုန်ကြမ်းဝယ်ယူခြင်းနှင့် သတင်းစာရောင်းချခြင်းများတွင်လည်း ကုန်သွယ်ခွန်ပေးဆောင်ပြီး အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် နိုင်ငံတော်သို့ ပေးသွင်းရသည်။ ထို့ပြင် အမြတ်ငွေ၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ထည့်ဝင်ငွေပေးအပ်ရပြီး နှစ်စဉ်အမြတ်ငွေများအနက်မှ ၅၅ ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ထည့်ဝင်စုဆောင်းရကြောင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်ထံမှ သိရှိရသည်။

ယခုအခါ လုပ်ငန်းသုံးရင်းနှီးငွေ စုဆောင်းထားရှိသည့် ပမာဏမှာ ထိုက်သင့်သလောက်ရှိလာပြီး နှစ်စဉ်အသုံးစရိတ်အတွက် သုံးစွဲနိုင်သည့် အခြေအနေများကြောင့် ပြည်ထောင်စု ရန်ပုံငွေစာရင်းခေါင်းစဉ်မှ ကျခံသုံးစွဲခြင်းမပြုတော့ဘဲ လုပ်ငန်းသုံးရင်းနှီးငွေအတွင်းမှသာ ပြန်လည်ထုတ်ယူသုံးစွဲနိုင်လာပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ပုဂ္ဂလိကသတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း ကြော်ငြာပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံမှာလည်း ကြော်ငြာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လေ့လာချက်အရ ပျံ့နှံ့မှုက မတူပါဘူး။ တစ်ပြည်လုံးပျံ့နှံ့မှုက အစိုးရသတင်းစာတွေက ပိုပြီးအားကောင်းပါတယ်။ စောင်ရေအားဖြင့်လည်း ကွာခြားတဲ့အပြင် အွန်လိုင်းကနေ ညလယ်ဆို သတင်းစာဖတ်ရှုနိုင်ပြီဖြစ်လို့ နိုင်ငံရပ်ခြားကလည်း အချိန်မရွေးဖတ်ရှုနိုင်တဲ့အတွက် ပိုအဆင်ပြေပါတယ်။ ဒ့ါအပြင် နိုင်ငံပိုင်သတင်းစာတွေမှာပါရင် လူတွေက ပိုပြီးယုံကြည်ကြတယ်။ များပြားလှတဲ့ သတင်းစာတွေကြားထဲမှာ သတင်းတွေကို သတင်းလို့မြင်ပြီး နိုင်ငံပိုင်သတင်းစာတွေကရေးသားရင် ထုတ်ပြန်ချက်လို ထင်မြင်တတ်ကြပါတယ်။ အခုနောက်ပိုင်းမှာ နိုင်ငံပိုင်သတင်းစာတွေလည်း ပြည်သူ့မျက်နှာကိုကြည့်ပြီး အမှန်ကိုအမှန်အတိုင်း ကောင်းတာရော၊ ဆိုးတာရော ဆက်လက်ဖော်ပြပေးရင် ပိုကောင်းသွားမှာပါ" ဟု MPT မှ တိုင်းမန်နေဂျာ ဦးမျိုးကျော်ခန့် (နေပြည်တော်ကောင်စီ)နယ်မြေက ပြောကြားသည်။

နိုင်ငံပိုင်သတင်းစာများကို ကျေးလက်ဒေသများအထိ ပို့ဆောင်နိုင်ရန်အတွက်လည်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စီမံဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အများပြည်သူ၏ ယုံကြည်အားကိုးမှု၊ အားပေးလက်ခံမှုကို ရရှိထားသည့် သတင်းစာများဖြစ်သည့်အားလျော်စွာ သတင်းအချက်အလက်များ ပိုမို၍ မြန်ဆန်စွာတင်ဆက်နိုင်ရေးအတွက် Online မှတစ်ဆင့် Digital Newspaper အဖြစ် တိုးမြှင့်ထုတ်လွှင့်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတကာအထိ မြန်မာသတင်းများ ပျံ့နှံ့ရောက်ရှိနိုင်တော့မည်ဖြစ်သည်၊ Print Media နှင့် Online Media တစ်ပြိုင်နက် အားကောင်းစေရန် ရည်ရွယ်ထားခြင်းကြောင့် မှန်ကန်တိကျသည့် သတင်းအချက်အလက်များကို နိုင်ငံတကာမျက်နှာစာအထိ အချိန်နှင့်တစ်ပြေးညီ ပျံ့နှံ့နိုင်တော့မည်ဖြစ်သည်။

သတင်းစာများသည် ပြည်သူတို့၏ နားနှင့် မျက်စိများဖြစ်ကြသည်။ အမှားနှင့်အမှန်ကို ခွဲခြားသိရှိနိုင်စေခြင်းအတွက် နားနှင့်မျက်စိကို အသုံးပြုကြရပြီး သတင်းစာတိုင်းသည် သတင်းစာပီသစွာ ရပ်တည်ကြရန် အလွန်အရေးကြီးပါသည်။ သတင်းစာသည် နိုင်ငံတော်၏ ပြန်တမ်းမဟုတ်သကဲ့သို့ အစီရင်ခံစာအသွင်လည်း မဖြစ်စေရပါ။ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့မှာ ပြည်သူလူထု အားကိုးအားထားရမည့် သတင်းစာများအဖြစ် မဏ္ဍိုင်ကြီးသုံးရပ်၏ လုပ်ဆောင်ချက်များကို ပြည်သူလူထုထံ အသိပေး ဖော်ပြနေသကဲ့သို့ ပြည်သူတို့၏ သဘောထားများကိုလည်း တာဝန်ရှိသူများ သိရှိနိုင်ရေး၊ ပြည်သူအတွက် အသိပညာ ဖြန့်ဖြူးရေး၊ ပြည်သူများသိရှိလိုသည့် သတင်းထူး၊ သတင်းဦးများဖော်ပြရေးစသည်ဖြင့် သတင်းဝန်ဆောင်မှုပေးလျက်ရှိသည်။

မိုးခြိမ်းသံကဲ့သို့ ဆူညံလှသည့် သတင်းစာပုံနှိပ်စက်များမှ ရောင်စုံသတင်းစာများကို တဝုန်းဝုန်းမြည်ကာ ရိုက်နှိပ်ပြီးချိန်တွင် နံနက်ခင်းရောင်နီက အားကောင်းလာသည်။ များစွာသော သတင်းစာထပ်များကို အစီအရီ တင်ဆောင်ထားသည့် မော်တော်ယာဉ်များသည် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်သတင်းစာတိုက်များနှင့် မုံရွာ၊ မော်လမြိုင်၊ စစ်တွေ၊ ကလေး အစရှိသည့် ကိုယ်ပွားသတင်းစာတိုက်များဆီမှ ထွက်ခွာကာ အနယ်နယ်အရပ်ရပ်သို့ စတင်ဖြန့်ချိလိုက်သည့်နည်းတူ သတင်းစာများသည်လည်း နိုင်ငံတော်အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်ဆက်သွယ်ပေါင်းကူးပေးသည့် ပြည်သူ့သတင်းစာများအဖြစ် ဆက်လက်ဝန်ဆောင်မှုပေးနေဦးမည်ဖြစ်ပါသည်။



ပုံနှိပ်စက်မှ ထွက်ရှိလာသော သတင်းစာများကို အချိန်မီဖြန့်ချိနိုင်ရန် ထုပ်ပိုးပြင်ဆင်နေစဉ်။




နေ့စဉ်ထုတ်သတင်းစာများကို ပြည်သူများ၏ လက်ဝယ်အရောက် အချိန်နှင့် တစ်ပြေးညီ ဖြန့်ချိပေးနေမှု။
ဓာတ်ပုံ-ကိုမင်း(ကြေးမုံ)

# လူမှုကွန်ရက်စာမျက်နှာများတွင် ဝေဖန်ရေးသားနေသော အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ ရေးသားထားသည့် ပြည်သူ့နီတိစာအုပ်များသည် အစိုးရအဖွဲ့ အစည်းများနှင့် လုံးဝသက်ဆိုင်မှုမရှိ

**နေပြည်တော် မတ် ၇**

လူမှုကွန်ရက်စာမျက်နှာများတွင် ဝေဖန်ရေးသားနေသော ပြည်သူ့နီတိစာအုပ်နှင့် ပတ်သက်၍ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လက်ခံနိုင်ဖွယ် မရှိကြောင်း သဘောထားထုတ်ပြန်မှုအပေါ် ယင်းစာအုပ်များသည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက အတည်ပြုထားသော ပြဋ္ဌာန်းစာအုပ်များ မဟုတ်ကြောင်း ပညာရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ရှင်းလင်းထားသည်။

အဆိုပါ ပြည်သူ့နီတိစာအုပ်များနှင့်ပတ်သက်၍ လူမှုကွန်ရက် စာမျက်နှာများတွင် ဝေဖန်ရေးသားနေမှုများအပေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လက်ခံနိုင်ဖွယ် မရှိကြောင်းနှင့် အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သလိုတုံ့ပြန်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ သဘောထားထုတ်ပြန်ချက်ကို မတ်လ ၇ ရက်ထုတ် ပြည်ထောင်စုနေ့စဉ်သတင်းစာတွင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက မတ်လ ၇ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ရာတွင် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့မှ ရေးသားထားသည့် ပြည်သူ့နီတိ စာအုပ်များ သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက အတည်ပြုထားသော ပြဋ္ဌာန်း စာအုပ်များ မဟုတ်ကြောင်း ရှင်းလင်းဖော်ပြထားသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကျောင်းများအတွက် စာရိတ္တနှင့် ပြည်သူ့နီတိပြဋ္ဌာန်းစာအုပ်များကို အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ဘာသာရပ်သင်ရိုးညွှန်းတမ်း အညွှန်းဘောင်တို့နှင့် အညီ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းကော်မတီက ရေးသားပြုစု၍ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ တစ်ဆင့် တင်ပြပြီး ထိုကော်မတီ၏ ပြင်ဆင်တည်းဖြတ် အတည်ပြုသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကိုသာ အသုံးပြုကြောင်း အသိပေး ကြေညာထားရှိသည်။

ယင်းဝေဖန်ပြောဆိုမှုများနှင့်ပတ်သက်ပြီး ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and National Harmony –CDNH)ကလည်း ၎င်းတို့ထုတ်ဝေထားသည့် ပြည်သူ့နီတိစာအုပ်များသည် အစိုးရအဖွဲ့အစည်းများနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း၊ သတင်းထုတ်ပြန်ချက်တစ်စောင်ကို မတ် ၅ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းထုတ်ပြန်ချက်တွင်CDNH မှ ပြည်သူ့နီတိစာအုပ်များကို မူလတန်းမှ အထက်တန်းအထိ (သူငယ်တန်းမှ ဒသမတန်းအထိ) ကျောင်းသားကိုင် ၁၁ အုပ်၊ သူငယ်တန်းဆရာလမ်းညွှန် တစ်အုပ်၊ မူလတန်းဆရာလမ်းညွှန် တစ်အုပ်၊ မူလတန်း ဆရာလက်စွဲ တစ်အုပ်၊ အလယ်တန်းဆရာလမ်းညွှန် တစ်အုပ်၊ အထက်တန်းဆရာလမ်းညွှန် တစ်အုပ်နှင့် ပြည်သူ့နီတိဘာသာရပ်သင်ကြားမှုကို လေ့လာသုံးသပ်ခြင်းစာအုပ် တစ်အုပ် စုစုပေါင်း ၁၇ အုပ်တို့ကို ထုတ်ဝေထားကြောင်း။

CDNH အနေဖြင့် မိမိတို့ထုတ်ဝေခဲ့သည့် ပြည်သူ့နီတိစာအုပ်များကို သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနနှင့် ပညာရှင်များအား ပြည်သူ့နီတိ သင်ကြားရေးတွင် ကိုးကားနိုင်သည့် စာအုပ်များအဖြစ်ဖြင့် လိုအပ်သလို အသုံးပြုနိုင်စေရန် တင်ပြဝေငှခဲ့ကြောင်း၊ CDNH မှ ထုတ်ဝေသော ပြည်သူ့နီတိ စာအုပ်များကို မဖြစ်မနေအသုံးပြုရန် မည်သည့်ကျောင်း (သို့မဟုတ်)အဖွဲ့အစည်းကိုမျှ တိုက်တွန်းခြင်း မရှိခဲ့ကြောင်း။

ပြည်သူ့နီတိသင်ကြားရေးနှင့်ပတ်သက်၍ သင်တန်းရယူလိုသော အဖွဲ့အစည်းများကိုသာ သင်ကြားရေးနှင့်ပတ်သက်သည့် သင်တန်းများကိုပေးခဲ့ကြောင်း၊ ထိုသို့သင်တန်းများပေးရာတွင် သင်တန်းတက်ရောက်လာကြသူများအား မိမိတို့ဒေသရှိ လူငယ်များသို့ ပြန်လည်သင်ကြားသည့်အခါ မိမိတို့ဒေသနှင့် သင့်လျော်မည့် အပိုင်းများကိုသာ သင်ကြားပို့ချပြီး မသင့်လျော်သည့် အပိုင်းများကို ချန်လှပ်ထားနိုင်ကြောင်း၊ စာအုပ်များတွင် ပါရှိသည့်အကြောင်းအရာများ အတိုင်းသာ သင်ကြားရမည်မဟုတ်ဘဲ မိမိတို့ဒေသနှင့်ကိုက်ညီမည့် ပုံဝတ္ထုများ၊ အကြောင်းအရာများရှိပါကလည်း အစားထိုး သင်ကြားပေးနိုင်ကြောင်းကို ရှင်းလင်းထုတ်ပြန်ထားသည်။

ထို့ပြင် CDNH အဖွဲ့သည် ဘာသာရေးခေါင်းဆောင်များနှင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုမဟုတ်ဘဲ လူမှုရေးသိပ္ပံ၊ သမိုင်းနှင့် ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ပြည်တွင်း NGO တစ်ခုဖြစ်ကြောင်း၊ မည်သည့်ဘာသာရေးခေါင်းဆောင်တစ်ဦးတစ်ယောက်မျှအဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိကြောင်း၊ CDNH သည် တိုင်းပြည်အတွင်း နိုင်ငံရေးပြောင်းလဲမှုနှင့် သဟဇာတဖြစ်မှု အခြေအနေများ၊ ပဋိပက္ခကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သုတေသနများပြုလုပ်ခြင်းနှင့် သင်တန်းများပေးခြင်း လုပ်ငန်းများကို အဓိကထားလုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းဖော်ပြထားသည်။

**(သတင်းစဉ်)**


## မဲပေးစို့ Mobile Application ရှင်းလင်းအသိပေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Asia Foundation တို့ ပူးပေါင်းဆောင်ရွက်သည့် မဲပေးစို့ Mobile Application ရှင်းလင်းအသိပေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အတွင်းရေးမှူး ဦးတင်ထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး Asia Foundation မှ Dr. Kim N.B. Ninh နှင့် ဒေါ်မီကီကျော်မြင့်တို့က ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များ၊ နိုင်ငံရေးပါတီများ၏ အချက်အလက်များ၊ မဲရုံတည်နေရာများ၊ မဲဆန္ဒရှင်များ၏ ရွေးကောက်ပွဲဆိုင်ရာ မေးခွန်းများနှင့် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များ ပါဝင်သည့် မဲပေးစို့ M Voter 2017 Mobile Application နှင့် Website အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းအသိပေးခဲ့ပြီး အဆိုပါ Application ကို www.maepaysoh.org webpage တွင် Download ရယူနိုင်ကြောင်းနှင့် အဆိုပါ Application အား အသုံးပြုခြင်းဖြင့် မဲဆန္ဒရှင်များသည် မည်သို့မဲပေးရမည်ကို လည်းကောင်း၊ ကိုယ်စားလှယ်လောင်းများ၏အကြောင်း၊ နိုင်ငံရေးပါတီများ၏ မူဝါဒနှင့် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကိုလည်းကောင်း သိရှိနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ရောဂါကြောင့် လူ ၁၄ ဦး သေဆုံးခဲ့သော လဟယ်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိ

**ခန္တီး မတ် ၇**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် လောနောက်ကုန်းကျေးရွာအုပ်စု လောနောက်ကုန်းကျေးရွာ၊ လောနောက်အင်းကျေးရွာများတွင် ခေါင်းကိုက်၊ ချောင်းဆိုး၊ ခါးနာ၊ ကျောအောင့် စသည်ရောဂါဝေဒနာခံစားရသူ ၁၄ ဦးသေဆုံးခဲ့ပြီး အဆိုပါရောဂါဝေဒနာလက္ခဏာများ ခံစားရသူ လူနာအမြောက်အမြားရှိကြောင်း သိရှိရသဖြင့် လဟယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဖြိုးဝေသော်(ကျန်းမာရေးမှူး)နှင့် အဖွဲ့က ရှေးဦးကျန်းမာရေးစောင့်ရှောက်မှုများ သွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်စံဝင်း၊ စစ်ဘက်ဆရာဝန် ဗိုလ်ကြီးဟိန်းကိုကိုဦးနှင့်အဖွဲ့က ထပ်မံသွားရောက်ကုသပေးသည်။ အများဆုံးဖြစ်ပွားနေသော ရောဂါများမှာ အဆုတ်ရောင်ရောဂါ၊ နာတာရှည်ရောဂါ၊ အာဟာရချို့တဲ့မှုရောဂါများသာ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လူနာ ၂၄ ဦးကို သလိပ်စစ်ဆေးကြည့်ရှုခဲ့ရာ လေးဦးသာ တီဗွီရောဂါတွေ့ရှိပြီး အများစုမှာ ကူးစက်ရောဂါများ မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိသော လောနောက်ကုန်းကျေးရွာ၊ လောနောက်အင်းကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုများအား အရပ်ဘက်၊ စစ်ဘက် ဝိုင်းဝန်းပူးပေါင်း၍ အရှိန်အဟုန်ဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

**ချန်လော(ခန္တီး)**

## အင်းစိန်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ယခင်နှစ်ကထက် ၂၁၂ ဦး ပိုမိုများပြား

**ရန်ကုန် မတ် ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ၂၀၁၇ ခုနှစ် မတ် ၈ ရက်မှ စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အတွင်းရှိ အထက၊ အလက စာစစ်ဌာနများ၌ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းတွင်းဖြေ ( ကိုယ်ပိုင်အထက်တန်းကျောင်း ၁၀ ကျောင်းအပါအဝင် )ကျောင်းသား ကျောင်းသူ ၂၉၇၂ ဦးနှင့် ပြင်ပဖြေ ကျောင်းသား ကျောင်းသူ ၂၅၈၈ ဦး စုစုပေါင်း ၅၅၆၀ တို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ရာ ယခင်နှစ်က ၅၃၄၈ ဦး ဖြေဆိုခဲ့ကြရာ ယခုနှစ်တွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၁၂ ဦး၊ ယခင်နှစ်ကထက် များပြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းအေးက ပြောကြားသည်။

အင်းစိန်မြို့နယ်တွင် စာစစ်ဌာန ၁၂ ခုဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာရပ် အတွဲ(၇)တွင် ၂၀၀၃ ဦး၊ ဝိပ္ပံဘာသာရပ်အတွဲ(၁)တွင် ၃၅၂၆ ဦးနှင့် ဝိဇ္ဇာဘာသာရပ်အတွဲ (၂)တွင် ၃၁ ဦး၊ စုစုပေါင်း ၅၅၆၀ တို့ဖြစ်ပြီး အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ ထောင်ကျ အကျဉ်းသား ၃၀၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် အလက(၁၃) စာစစ်ဌာန (အင်းစိန်အကျဉ်းဦးစီးဌာနဝင်း အတွင်း)တွင် သီးခြားဖြေဆိုကြရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပြန်ထားသည့် နေ့ရက်များမှစ၍ ကျောင်းသား ကျောင်းသူများ ဖြေဆိုရန် ဝင်ခွင့်ကတ်ပြားများ၊ ထုတ်ယူနိုင်သည့် အသိပေး ကြေညာချက်များ ပြုလုပ်ခဲ့ပြီး စာမေးပွဲ ဖြေဆိုလိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ မြို့နယ်အဆင့် ဆွေးနွေးရှင်းလင်းခြင်းကို ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် အထက(၁)၊ အောင်ဆန်းအထက(၃)တို့၌ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ တာဝန်ထမ်းဆောင်မည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများကို အချိန်လေးချိန်ခွဲပြီး ရှင်းလင်းဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

၂၀၁၇ ခုနှစ် မတ် ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပ ပြုလုပ်မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အင်းစိန်မြို့နယ်အတွင်း စာစစ်ဌာန ၁၂ ခု၌ ကျောင်းသား ကျောင်းသူ ၅၅၆၀ တို့ အေးချမ်းစွာ စာဖြေဆိုနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် စာစစ်ဌာနများ၏ အပြင်စည်း လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**(၆၈၄)**

# ကင်ဆာရောဂါ အမျိုးအစားများစွာရှိသည့်အနက် သားအိမ်ခေါင်းကင်ဆာရောဂါသည် အမျိုးသမီးများတွင် ဒုတိယအဖြစ်အများဆုံးဖြစ်

**နေပြည်တော် မတ် ၇**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲ ကင်ဆာရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက်မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် UN Agencies တို့နှင့် ပူးပေါင်း၍ Launching Ceremony of Inception mission on UN Global Joint Program on Cervical Cancer Prevention and Control ကို နေပြည်တော် မင်္ဂလာသီရိဟိုတယ် အစည်းအဝေးခန်းမ၌ မတ် ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကင်ဆာရောဂါ အမျိုးအစားများစွာရှိသည့်အနက်မှ သားအိမ်ခေါင်းကင်ဆာရောဂါသည် အမျိုးသမီးများတွင် ဒုတိယအဖြစ်အများဆုံး ကင်ဆာရောဂါဖြစ်နေသောကြောင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို အောင်မြင်မှုရရှိစေရန် အလေးထား၍ စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေ ကိုယ်စားလှယ် Dr. Stephan Paul Jost က သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ရေးလုပ်ငန်းများအကြောင်းကို ပြောကြား၍ UNGJP mission အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက Overview on the UN Global Joint Program for Cervical Cancer Prevention and Control အား ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့ အမျိုးသမီးဆေးရုံကြီးမှ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်သင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ လှမြသွေးအိန္ဒြာတို့က မြန်မာနိုင်ငံ၏ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ၌ သားအိမ်ခေါင်းကင်ဆာကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အစီအစဉ်များ စတင်သည့်အနေဖြင့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို သုံးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ကုသရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆောက်လုပ်ရေးဌာနပိုင်လမ်းတံတားများပေါ်တွင် ဧပြီ ၁ ရက်မှစ၍ ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်ဖြတ်သန်းခွင့်မပြုတော့

**မုံရွာ မတ် ၇**

ဧပြီ ၁ ရက်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းတံတားများပေါ်တွင် ကုန်တင်ယာဉ်များတန်ပိုတင်ဆောင်၍ ဖြတ်သန်းခွင့်ပြုတော့မည်မဟုတ်ဘဲ လက်ရှိခွင့်ပြုပေးလျက်ရှိသော ယာဉ်အမျိုးအစားအလိုက် ယာဉ်နှင့်ကုန်တန်ချိန်အတိုင်းသာ ခွင့်ပြုသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် လမ်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

"ကုန်တင်ယာဉ်တွေ တန်ပိုတင်ဆောင်ဖြတ်သန်းတာကို မတ် ၃၁ ရက်အထိ အများပြည်သူသိရှိလိုက်နာဖို့ အသိပေးတာနဲ့ ပညာပေးကာလအဖြစ်သတ်မှတ်ဆောင်ရွက်နေပါတယ်။ ဧပြီ ၁ ရက်ကစလို့ ခွဲခြားပြီးဖြစ်ဖြစ်၊ ဖြတ်တောက်ပြီးဖြစ်ဖြစ် မရတဲ့ပစ္စည်းတွေမှအပ အခြားကုန်တင်ယာဉ်တွေဟာ B.O.T လမ်းတံတားဂိတ်တွေနဲ့ လေလံလမ်းတံတားဂိတ်တွေမှာ တန်ပိုတင်ဆောင်ဖြတ်သန်းခွင့်မပြုဖို့နဲ့ B.O.T လေလံ လမ်းတံတားဂိတ်တွေက တန်ပိုယာဉ်တားဆီးဖို့ဆောင်ရွက်သွားမှာပါ"ဟု မုံရွာခရိုင် လမ်းဦးစီးဌာနတာဝန်ရှိသူက ပြောသည်။

B.O.T လေလံလမ်းတံတားဂိတ်များတွင် တန်ပိုယာဉ်ဖြတ်သန်းမှုမရှိစေရေးအတွက် အလျား ၆ပေ၊ အနံ ၃ ပေ ဘေးဘောင်လိုင်း အနက်ရောင်၊ အနီရောင်အောက်ခံဖြင့် အဖြူရောင်စာသားဆိုင်းဘုတ်ကို တပ်ဆင်၍အသိပေးလက်ကမ်းစာစောင်များကို B.O.T လေလံလမ်းတံတားဂိတ်များရှိ ဝန်ထမ်းများက ဖြတ်သန်းသွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များ၏ ယာဉ်မောင်းများကို ဖြန့်ဝေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့အများပြည်သူသိရှိစေရန်နှင့် ကုန်တင်ယာဉ်မောင်းများသိရှိစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအခွန်ထိန်းသိမ်းရေးဌာနခွဲ အင်ဂျင်နီယာချုပ်(မြို့ပြ)က ဇန်နဝါရီ ၁၆ ရက် ရက်စွဲဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် လမ်းဦးစီးဌာနညွှန်ကြားရေးမှူး (မြို့ပြ)များထံ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပေါင်းလောင်းဆည်ရေသောက်စနစ် နွေစပါး ဧက ၆၈၈၀ ရေပေးဝေမှု စတင်ဆောင်ရွက်

**နေပြည်တော် မတ် ၇**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနား လယ်ဝေးမြို့နယ်အတွင်းရှိ ပေါင်းလောင်း ဆည်ရေသောက်စနစ် လက်ဝဲတူးမြောင်းမကြီးမှ နွေစပါး ၂၈၆၇ ဧကနှင့် လက်ယာတူးမြောင်းမကြီးမှ နွေစပါး ၄၀၁၃ ဧက စုစုပေါင်း ဧက ၆၈၈၀ အတွက် စိုက်ပျိုးရေပေးဝေနေမှု လုပ်ငန်းများအား စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများသည် မတ် ၆ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ယင်းနောက် လယ်ဝေးမြို့နယ်အတွင်းရှိ ပင်သောင်ကျေးရွာအနီး ပင်သောင်ကန် ပြန်လည်မွမ်းမံပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ တောင်သူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းအချိန်မီပြီးစီးနိုင်ရန် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့ပြီး ပေါင်းလောင်း လက်ယာတူးမြောင်းမကြီး ဆည်ရေသောက်စနစ်အတွင်း ပေါက်မြိုင်ကျေးရွာ အုပ်စုအနီးရှိ စနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်း ဆောင်ရွက်မည့် လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းများ အချိန်မီပြီးစီးရေး ကွင်းဆင်းစီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# မူခင်းအသိပညာပေးဟောပြော

**မော်လမြိုင် မတ် ၇**

မွန်ပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒု-ရဲမှူး ဦးဆောင်သော မူခင်းအသိပညာပေးပြခန်း ယာဉ်သည် မတ် ၆ ရက်က မုဒုံမြို့နယ် ကမာဝက်မြို့ ရပ်ကွက်(၃)သို့ရောက်ရှိပြီး မနရမှူး(မုဒုံ) ရဲမှူးမြအောင်ဦးဆောင်ကာ ကမာဝက်မြို့အုပ်ချုပ်ရေးမှူး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းအင်အား ၁၅၀ တို့ကို မူခင်းကျဆင်းရေးနှင့်ပတ်သက်သော အသိပညာပေးပြခန်းမော်တော်ယာဉ်ပါ နံရံကပ်ပိုစတာများအား ရှင်းလင်းဟောပြောခဲ့ကြသည်။

ဟောပြောပွဲတွင် မူခင်းကျဆင်းရေး သက်ငယ်မုဒိမ်းမှုများ ကျဆင်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး လူကုန်ကူးမှုခံရခြင်းနှင့် ပတ်သက်ဆက်နွယ်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူခင်းအသိပညာပေးပြခန်းမော်တော်ယာဉ်ပါ နံရံကပ်ပိုစတာအကြောင်းအရာများစသဖြင့် ရှင်းလင်းဟောပြောခဲ့ကြပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)**

# သေဒဏ်ချမှတ်ခံရသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးအား မြန်မာသံရုံးအဖွဲ့ သွားရောက်တွေ့ဆုံအားပေးမည်

**ဗန်ကောက် မတ် ၇**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း)တွင် ဖြစ်ပွားခဲ့သော အယူခံတရားရုံးမှ သေဒဏ်ချမှတ်လိုက်သည့် မြို့တော်ဗန်ကောက်၊ ဘန်ခဝင်အကျဉ်းထောင်၌ရှိနေသော မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးအား မြန်မာသံရုံးအဖွဲ့မှ သွားရောက်တွေ့ဆုံအားပေးမည်ဖြစ်ကြောင်း ဗန်ကောက်မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီအဖွဲ့မှ သိရသည်။

လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ မြန်မာရှေ့နေ ဦးအောင်မျိုးသန့်က "မတ် ၈ ရက်မှာ ကလေးတွေကို သွားရောက်တွေ့ဆုံအားပေးဖို့ရှိပါတယ်။ ကလေးတွေအတွက်ကတော့ နောက်ဆုံးအဆင့်ဖြစ်နေပါပြီ။ ဒီကလေးနှစ်ယောက်အတွက် နိုင်ငံတော်အနေနဲ့ပံ့ပိုးပေးဖို့လိုအပ်ပါတယ်။ ပြီးတော့မီဒီယာတွေအနေနဲ့လည်း ဒါကိုမေ့ထားလို့မဖြစ်ပါဘူး။ ဒါ့အပြင် နိုင်ငံတော်အတွင်းမှာရှိနေတဲ့ ပြည်သူပြည်သားတွေအနေနဲ့လည်း မေ့မနေဖို့လိုအပ်ပါတယ်။ တစ်ဖက်ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံနဲ့ ပြုလုပ်တဲ့ ကိစ္စတွေမှာ တစ်ဖက်နိုင်ငံက ဘုရင်ကြီးနဲ့ သူတို့ဥပဒေကိုတော့ မြန်မာပြည်သူတွေအနေနဲ့ မစော်ကားမိစေချင်သလို မကျူးလွန်မိစေချင်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ကလေးတွေဟာ ထိုင်းနိုင်ငံရဲ့ တရားစီရင်ရေးလက်အောက်မှာ ရှိနေသေးတာမို့ပါ"ဟု ဆိုသည်။

ယခင်ကာလက လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီအား သံအမတ်ကြီး ဗိုလ်ချုပ်ဝင်းမောင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပြီး သံအမတ်အသစ်ပြောင်းလဲပြီးနောက် လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းရန် လိုအပ်ကြောင်း သေဒဏ်ချမှတ်ခံရသည့်အားငယ်နေကြသော ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အားတွေ့ဆုံအားပေးမည်ဖြစ်ပြီး၊ အဖွဲ့၏ တွေ့ရှိချက်များကို မြန်မာနိုင်ငံတော်မှ ကူညီပံ့ပိုးပေးနေကြသော ဥပဒေပညာရှင်များအား တွေ့ဆုံကာ တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားကြောင်း၊ ထိုမှတစ်ဆင့်ရရှိလာသည့်အချက်အလက်များအား ထိုင်းနိုင်ငံရှိ မြန်မာသံရုံး၏တရားဝင်ခွင့်ပြုချက်ဖြင့် ထိုင်းရှေ့နေများကောင်စီကို တွေ့ဆုံကာရရှိသည့်အချက်အလက်များအား အတိုး၊အလျှော့ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အဆင့်မြင့်အယူခံတရားရုံး (High Court) သို့တင်ရန်အတွက် အကြောင်းပြချက်များအား ပြုစုရေးသားသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ဘာလို့လဲဆိုတော့ အရင်တင်ခဲ့တဲ့အယူခံမှာဆိုရင် မြန်မာနိုင်ငံက ပံ့ပိုးပေးခဲ့တဲ့ဥပဒေပြုအဖွဲ့က သူတို့ရဲ့ တွေ့ရှိချက်တွေကို အင်္ဂလိပ်လိုရေးပြီး သေချာအကြံပြုရေးသားထားပါတယ်။ ဒီစာကိုကျွန်တော်တို့သံရုံးအဖွဲ့က သေချာစိစစ်ပြီး ထိုင်းရှေ့နေများကောင်စီကိုပေးပို့ခဲ့ပါတယ်။ ဒါကြောင့်မို့ ထိုင်းရှေ့နေများကောင်စီက ထုတ်ပြန်တဲ့အချက်တွေထဲမှာလည်း မြန်မာနိုင်ငံက ဥပဒေအရာရှိတွေရဲ့ပံ့ပိုးအကြံဉာဏ်များကို ထည့်သွင်းသုံးသပ်ပြီး ဒီလိုအယူခံတင်ခဲ့တာပါ။ ဒါကြောင့် အဲဒီအချက်အလက်တွေကို ကျွန်တော်တို့အနေနဲ့ ခုပြန်အသက်သွင်းမယ်။ လိုရင်ဖြည့်မယ်။ ပိုနေရင်လျှော့ပစ်မယ်ဆိုတဲ့ပုံစံနဲ့သွားတော့မှာပါ။ နောက်ပိုင်းမှာ ကြားလာတဲ့သတင်းတွေအရဆိုရင်တော့ တချို့အချက်အလက်တွေက ဖျက်သင့်တာတွေရှိနေပါတယ်။ သို့သော် အယူခံတရားရုံးတော်တို့မည်သည်မှာ အောက်ရုံးတော်က စစ်ခဲ့တဲ့စာမျက်နှာပေါင်း ၄၀၀၀ ကျော်ကနေ ရှိတဲ့အချက်တွေ သွေဖည်ပြီး ကောလာဟလကြားတဲ့သတင်းတွေကို ထည့်သုံးလေ့တော့မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီအချက်အလက်တွေအပေါ်မှာ မူတည်ပြီး လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့အနေနဲ့မူလအယူခံတရားရုံးတွေကနေ တင်ပြချက်တွေလည်းရှိခဲ့ပါတယ်။ ကျွန်တော်တို့ကလေးနှစ်ဦးဟာ ပြစ်မှုကျူးလွန်ကြသူတွေမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ကလေးတွေအနေနဲ့ ဒီအပြစ်ကိုမခံထိုက်ဘူးဆိုပြီးရုံးတော်တွေမှာ တစိုက်မတ်မတ်ပြောလာခဲ့တဲ့အတွက်ကြောင့် အပြစ်မရှိကြောင်းထုချေနေတာပါ။ နောက်ဆုံးအဆင့်မြင့်အယူခံတရားရုံး (High Court) ကို တက်မှာဖြစ်ပြီး အဲဒီရုံးတော်က Yes or No ဆိုတာကတော့ ကလေးတွေရဲ့ ဥပဒေအရအဖြေပါ။ အဲတော့ လွတ်မြောက်ပြီဆိုရင်လည်း အပြစ်မရှိဘူးပေါ့။ လိုအပ်မယ်ဆိုရင် နောက်ပိုင်းမှာ ထိုင်းနိုင်ငံဘုရင်ကြီးဆီအထိ အသနားခံစာတင်မယ်ဆိုတဲ့ နိုင်ငံတော်တာဝန်ရှိသူပြောဆိုချက်ကလည်း နှစ်နိုင်ငံသံတမန်နည်းလမ်းအရ တောင်းဆိုတာပါ။ ဒါကကျတော့ ဥပဒေနဲ့မဆိုင်တော့ပါဘူး။ လက်ရှိကျွန်တော်တို့အနေနဲ့ အဆင့်မြင့် အယူခံတရားရုံးကို တက်မယ်ဆိုတာကတော့ ဥပဒေအရသွားနေတာပါ။ ထိုင်းရှေ့နေများကောင်စီကလည်း ကြိုးစားပမ်းစား အစွမ်းရှိသလောက် ဆောင်ရွက်ပေးနေကြပါတယ်"ဟု ရှင်းပြသည်။

ပြီးခဲ့သည့်ဇန်နဝါရီလပိုင်းက ထိုင်းနိုင်ငံ နမ့်ခေါင်စီထမရထောင်၌ရှိနေသော မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးဖြစ်သည့် ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အား မြန်မာသံရုံးအဖွဲ့ ကိုးဦးမှ ပထမအကြိမ်သွားရောက်တွေ့ဆုံအားပေးခဲ့ကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီ ခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း) တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ကမ္ဘာလှည့်ခရီးသည် ဗြိတိန်နိုင်ငံသား နှစ်ဦးဖြစ်သော David Miller နှင့် Hannah Witheridge တို့ နှစ်ဦးသေဆုံးဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်သော ဝင်းဇော်ထွန်း နှင့် ဇော်လင်းတို့အား ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကော့စမွီခရိုင် တရားရုံးတော်မှ လူသတ်မှု၊ မုဒိမ်းမှုတို့အပါဝင် ပုဒ်မ ခုနစ်ခုတို့ဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် မတ် ၁ ရက်ကလည်း အယူခံတရားရုံးတော်မှ သေဒဏ်အမိန့် ထပ်မံချမှတ်ခဲ့ကြောင်း လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေး ကော်မတီမှ သိရသည်။

**(စိုးဝင်း-MLA)**

၀၀

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ




**နေပြည်တော် မတ် ၇**

တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၀၆စီး၊ သွင်းကုန် ၈၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၉စီး၊ သွင်းကုန် ၂၆၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများ စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၆ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈ သန်းခန့်)နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၈ သန်းခန့်) စုစုပေါင်း သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၂၈ သန်းခန့်) သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် မတ် ၆ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Crown (Saloon)ယာဉ်အား မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသဖြင့် Toyota Crown (Saloon) ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် သုံးသန်းခန့်) သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# တာမွေမြို့နယ်ရှိ ခုနစ်ပင်လိမ်ချောင်းအတွင်း ကျည်များနှင့် ဓားများ သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၇**

တာမွေမြို့နယ်ရှိ ခုနစ်ပင်လိမ်ချောင်းအတွင်း ယနေ့ နံနက်အစောပိုင်းက ကျည်များနှင့်ဓားများ တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခန့်က တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးထောင့်ကန်လမ်းအနီးရှိ ခုနစ်ပင်လိမ်ချောင်းအတွင်း ကုန်းရေနှစ်မျိုးသွားဘတ်ဖိုးယာဉ်ဖြင့် နုန်း၊ သဲ၊ အမှိုက်များ ဆယ်တင်ရှင်းလင်းမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ချောင်းအတွင်းမှ ကျည်မျိုးစုံ ၃၃ တောင့်နှင့် ဓားမျိုးစုံ ၁၂ လက်ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး သိမ်းဆည်းရမိသောကျည်များမှာ ၉ မမ ကျည် ၂၇ တောင့်၊ ၃၀၃ကျည် နှစ်တောင့်၊ ကာဘိုင်ကျည် တစ်တောင့်တို့ဖြစ်ကာ ၉မမ ကျည်ခွံ တစ်ခုနှင့် ဖြတ်ပိုင်းထားသော ၃၀၃ ကျည်ခွံ တစ်တောင့်အပါအဝင် စုစုပေါင်းကျည်နှင့် ကျည်ခွံ ၃၂ တောင့်၊ ဓားအရှည် ၁၀ လက်၊ ဓားအတို နှစ်လက်ဖြင့် စုစုပေါင်း ၁၂ လက်ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

အဆိုပါဖြစ်ပွားရာနေရာသို့ သတင်းရလျှင်ရခြင်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ စည်ပင်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ လာရောက်ကြည့်ရှုခဲ့ကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးလှသိန်းလည်း လာရောက်ကြည့်ရှုခဲ့ကြောင်းသိရကာ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ သိမ်းဆည်းရမိပစ္စည်းများကို တာမွေမြို့မရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ကွက်တွင် နေအိမ် ခြောက်လုံး၊ ပစ္စည်းဂိုဒေါင် နှစ်လုံး မီးလောင်

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် (၁၀)လမ်းနှင့် (၁၁) လမ်းကြား၊(၇၆)လမ်းနှင့်(၇၇)လမ်းကြားရှိ အမရဌာနီ အရှေ့ရပ်ကွက် အကွက်(၄၅)ရှိ ဦးဌေးကို၏နေအိမ်အပေါ်ထပ်ရှိ TV ဖွင့်ထားရာမှ အပူလွန်ကဲပြီး မတ် ၇ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်က နေအိမ် ခြောက်လုံး၊ ပစ္စည်းဂိုဒေါင် နှစ်လုံး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သွပ်မိုး ပျဉ်ထောင်နေအိမ် ခြောက်လုံး၊ ပစ္စည်းဂိုဒေါင် နှစ်လုံး၊ ဟွန်ဒါဖစ်ကား တစ်စီး၊ မော်တော်ဆိုင်ကယ်အစီး ၉၀ မီးလောင်ဆုံးရှုံး၍ လူနှင့်တိရစ္ဆာန် ထိခိုက် ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မန္တလေး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဒုတိယ ရဲမှူးကြီးစိန်ထွန်းတို့ သွားရောက်ကြီးကြပ်ခဲ့ပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၀၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ အကူယာဉ် ငါးစီး၊ မီးငြိမ်းသတ်ယာဉ် အစီး ၇၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးစတင် လောင်ခဲ့သော နေအိမ်မှ ဦးဌေးကို(၅၄)နှစ်အား အောင်မြေသာစံမြို့နယ်ရဲစခန်းမှ(ပ) ၄၂/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ-၂၈၅ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး မီးဘေးသင့်ပြည်သူများအား အဆိုပါ ရပ်ကွက်ရှိ ထားဝယ်ဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# ထော်လာဂျီယာဉ်အား ပရိုဘောက်ယာဉ်က နောက်မှဝင်တိုက် ယာဉ်နှစ်စီးလုံး တိမ်းမှောက်ကာ လူ ၁၈ ဦး ဒဏ်ရာရ

**သထုံ မတ် ၇**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာ သက္ကဘုရားမုခ်ဝအနီး ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်တွင် မတ်လ ၇ ရက် နံနက်ပိုင်းက ရှေ့မှသွားနေသည့် ထော်လာဂျီယာဉ်အား နောက်မှ ကျော်တက်သည့် ပရိုဘောက် မော်တော်ယာဉ်က တိုက်မိပြီး ယာဉ်နှစ်စီးလုံး တိမ်းမှောက်ရာ လူ ၁၈ ဦးခန့် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့နယ် သိမ်ဆိပ်နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်စံရွှေနှင့် တာဝန်ရှိသူများသည် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း မိုင်တိုင်အမှတ် (၁၄၁/၁)နှင့်(၁၄၁/၂)အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးရာ ဘီးလင်းမြို့ဘက်မှ သထုံမြို့ဘက်သို့ ယာဉ်မောင်း နိုင်လွင်ဦး (၂၅) နှစ် ချောင်းဆုံမြို့နယ်နေသူ မောင်းနှင်လာသော GG/---- ပရိုဘောက် အဖြူရောင်ယာဉ်သည် ယာဉ်ကြောတူ ရှေ့မှမောင်းနှင်နေသော ယာဉ်မောင်း ဦးငယ်နု (၄၂)နှစ် သထုံမြို့နယ်နေသူ မောင်းနှင်သည့် ထော်လာဂျီယာဉ်အား ကျော်တက်စဉ် ယာဉ်၏ နောက်ပိုင်းကို ဝင်ရောက်တိုက်မိပြီး ယာဉ်နှစ်စီးလုံး လမ်းဘေးထိုးကျ တိမ်းမှောက်သွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ပရိုဘောက်ယာဉ်ပေါ်လိုက်ပါလာသူ ငါးဦးအနက် လေးဦးနှင့် ထော်လာဂျီယာဉ်ပေါ် လိုက်ပါလာသူ ၁၅ ဦးအနက် ၁၄ ဦး စုစုပေါင်း ၁၈ ဦး ဒဏ်ရာများ ရရှိခဲ့ရာ သထုံမြို့နှင့် သုဝဏ္ဏဝတီမြို့ လူမှုကယ်ဆယ်ရေးအဖွဲ့တို့က အရေးပေါ်လူနာတင်ယာဉ်များဖြင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံနှင့် သထုံခရိုင်ပြည်သူ့ဆေးရုံတို့သို့ ဒဏ်ရာရသူများကို ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ပရိုဘောက်ယာဉ်မောင်း နိုင်လွင်ဦးအား သိမ်ဆိပ်နယ်မြေရဲစခန်းမှ ယာဉ်(ပ) ၁၈/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ-(၃၃၇/၃၃၈) ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသယ်ဆောင်မှုများ ရှောင်တခင် စစ်ဆေး

**ပုလဲ မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပုလဲမြို့ဘီးခွန်ဂိတ်အနီး ပုလဲ - ဂန့်ဂေါ ကားလမ်း၌ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ပုလဲမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ဇော် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ တောင်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်လွင်ဦးနှင့် မြောက်ပိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်တို့ ပါဝင်သော အဖွဲ့သည် တမူး၊ကလေး၊ ဂန့်ဂေါမြို့နယ်များမှ ထွက်ခွာလာသော ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကုန်တင်မော်တော်ယာဉ်များတွင် တရားမဝင်သစ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်မှု ရှိမရှိနှင့် ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ရှောင်တခင် စစ်ဆေးရှာဖွေလျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ရန်အောင်က "တမူး၊ ကလေး၊ ဂန့်ဂေါမြို့နယ်တွေမှ ထွက်ခွာလာသော ခရီးသည်တင် မော်တော်ယာဉ်တွေနဲ့ ကုန်တင်မော်တော်ယာဉ်တွေက ပုလဲ-ဂန့်ဂေါ ကားလမ်းမှတစ်ဆင့် မုံရွာ၊ မန္တလေးနဲ့ ပခုက္ကူမြို့ကြီးတွေကို ဖြတ်သန်းသွားလာလျက်ရှိတာကြောင့် ယာဉ်ပေါ်မှာ တရားမဝင်သစ်တွေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးတွေ သယ်ဆောင်မှု ရှိ၊ မရှိနဲ့ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အတွက် ရှောင်တခင် စစ်ဆေးရှာဖွေခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဆေးရှာဖွေခြင်း လုပ်ငန်းကိုတော့ နေရာသတ်သတ် မှတ်မှတ် မထားရှိဘဲ ပုလဲမြို့နယ်ဧရိယာအတွင်းရှိ ပုလဲ-ဂန့်ဂေါ ကားလမ်းမ တစ်လျှောက် ဆောင်ရွက် လျက်ရှိပါတယ်" ဟု ပြောသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိမှု မရှိသေးသော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ပညာပေးစည်းရုံး ဟောပြောဆွေးနွေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# ဝက်စ်ဟမ်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားတွင် ၁၀ မှတ်ဖြတ်ကာ ချယ်လ်ဆီးအသင်း ဆက်လက်ဦးဆောင်နိုင်ခဲ့



ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခွင့်တစ်ရပ်ပိုင်ဆိုင်နေပြီဖြစ်သည့် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂၇)တွင် ဝက်စ်ဟမ်းအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ရပ်တည်နေသည့် စပါးအသင်းကို ၁၀ မှတ်ဖြတ်ကာ ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်ထားနိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းအား အနိုင်ရရှိခဲ့ခြင်းသည် ချယ်လ်ဆီးအသင်းအတွက် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပွဲစဉ်(၂၁)ပွဲမြောက်နိုင်ပွဲလည်းဖြစ်လာခဲ့ပြီး နည်းပြအန်တိုနီယိုကွန်တီအတွက် ပထမရာသီတွင် ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်မည့် ခြေလှမ်းတစ်ရပ်လည်းဖြစ်လာခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူး ဟာဇက်နှင့် ကော်စတာတို့က ပွဲကစားချိန် ၂၅ မိနစ်နှင့် မိနစ် ၅၀ တို့တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုမူ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ၂ မိနစ်တွင် လန်ဇီနီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်း၏ လန်ဒန်ဒါဘီ သမိုင်းကြောင်းတွင် ၁၁၈ ပွဲမြောက် နိုင်ပွဲဖြစ်လာခဲ့ပြီး ဒါဘီပွဲစဉ်များတွင် အနိုင်ရရှိမှုအများဆုံးအသင်းတစ်သင်းဖြစ်သည့် အာဆင်နယ်အသင်းထက်ပင် နိုင်ပွဲတစ်ပွဲပိုသွားခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့သည် ပရီမီယာလိဂ်နောက်ဆုံး ၂၂ ပွဲအထိ ထိပ်တိုက်တွေ့ဆုံခဲ့ရာတွင် ဝက်စ်ဟမ်းအသင်းမှာ နှစ်ပွဲသာအနိုင်ရရှိထားခဲ့ပြီး ၁၆ ပွဲရှုံးနိမ့်ကာ လေးပွဲသရေရလဒ်ထွက်ပေါ်ထားခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ယခုနိုင်ပွဲကြောင့် ပရီမီယာလိဂ်တစ်ရာသီအတွင်း ပွဲစဉ်(၂၇)ပွဲကစားပြီးချိန်တွင် ၆၆ မှတ်နှင့်အထက်ရရှိခဲ့သည့် ခုနစ်သင်းမြောက်အသင်းလည်းဖြစ်လာခဲ့ပြီး ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ၆၈ မှတ်၊ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် ၆၉ မှတ်ရယူနိုင်ခဲ့သည့် အသင်းလည်းဖြစ်သည်။ ပွဲစဉ်(၂၇)အပြီးတွင် ရမှတ် ၆၆ မှတ်နှင့်အထက်ရရှိခဲ့သည့် အသင်းခြောက်သင်းစလုံးလည်း ပရီမီယာလိဂ်ဆုဖလားကို ရယူနိုင်ခဲ့သည့် မှတ်တမ်းများလည်း ရှိထားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် လာမည့်ပွဲစဉ်ဖြစ်သည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်ကို မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မတ် ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းမှာ လာမည့် ပွဲစဉ်အဖြစ် မတ် ၁၁ ရက်တွင် စတုတ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

(ငွေကြယ်)

# ကျွန်တော်အမြောက်တပ်သားတစ်ဦးပါလို့ ဆန်းချက်ဇ် တုံ့ပြန်ပြီ

အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်က သူဟာ အာဆင်နယ်အသင်းရဲ့ စစ်မှန်တဲ့စစ်သည်တော်ဖြစ်တယ်လို့ အင်စတာဂရမ်စာမျက်နှာထက်တင်ပြီး ပရိသတ်တွေနဲ့ အသင်းဖော်တွေကို ငြိမ်းချမ်းရေးစကားဆိုလိုက်ပါတယ်။ ဆန်းချက်ဇ်က ကဗျာဆရာဂျီကေချက်စတာတန်ရဲ့ " ပြီးပြည့်စုံတဲ့ စစ်သည်တော်တစ်ဦးဆိုတာ ဘယ်တော့မှ မတိုက်ခိုက်ပါဘူး။ ဘာလို့လဲဆိုရင် သူဟာ အရှေ့မှာ ရင်ဆိုင်နေရတဲ့သူတွေကိုသာ မုန်းတီးရင် မုန်းတီးမှာဖြစ်ပေမယ့် ကိုယ့်ကိုကျောထောက်နောက်ခံပြုနေရတဲ့သူတွေကို ချစ်ခင်နှစ်သက်သူတွေဖြစ်လို့ပါ" ဆိုသော စာသားနဲ့အတူ သူဟာ စစ်မှန်တဲ့ စစ်သည်တော်တစ်ဦးဖြစ်ပါတယ်ဆိုတဲ့အကြောင်းအရာကို အင်စတာဂရမ်စာမျက်နှာထက်တင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဘိုင်ယန်မြူးနစ်ကို ငါးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပြီးနောက်မှာ ဆန်းချက်ဇ်ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကြောင့် ဒီလိုရလဒ်ထွက်ပေါ်လာတာဖြစ်တယ်လို့ အာဆင်နယ်အသင်းဖော်တွေက ယူဆခဲ့ကြတာဖြစ်ပါတယ်။ သတင်းရင်းမြစ်တွေရဲ့ ဖော်ပြချက်အရ ဆန်းချက်ဇ်ဟာ လီဗာပူးနဲ့ ပွဲစဉ်မတိုင်မီ အသင်းလေ့ကျင့်ရေးအစီအစဉ်မှာ အသင်းဖော်တွေနဲ့ ပြဿနာဖြစ်ပွားပြီး လေ့ကျင့်ရေးအစီအစဉ်မပြီးဆုံးခင်မှာပဲ ပြန်သွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ အဲဒီနောက် အဝတ်လဲခန်းကို ပြန်ရောက်လာတဲ့ အခြားအသင်းဖော်တွေနဲ့ ထိပ်တိုက်တွေ့ဆုံပြီး ပဋိပက္ခဆန်ဆန်ပြဿနာဖြစ်ပွားခဲ့တာပါ။

ဒါကြောင့် ဝင်းဂါးက အသင်းရဲ့စည်းရုံးမှုကို ပြန်လည်တည်ဆောက်ဖို့ လီဗာပူးနဲ့ပွဲမှာ ဆန်းချက်ဇ်ကို ချန်လှပ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဆန်းချက်ဇ်မပါတဲ့ အာဆင်နယ်တိုက်စစ်ပိုင်းဟာ အသက်မဲ့နေခဲ့ပြီး ပွဲအပြီးမှာလည်း သုံးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီပွဲအပြီးမှာ ဆန်းချက်ဇ်နဲ့ အာဆင်နယ်အသင်းဖော်များကြား ဆက်ဆံရေး၊ ဆန်းချက်ဇ်ကို ဝင်းဂါး စိတ်ကုန်နေပြီဆိုတဲ့ ထင်မြင်ချက်တွေ၊ ရာသီကုန် အာဆင်နယ်နဲ့ ဆန်းချက်ဇ်လမ်းခွဲမှုကို မြင်တွေ့ရမယ်ဆိုတဲ့ ယူဆချက်တွေ ဆက်တိုက်ထွက်ပေါ်လာပါတယ်။ ဝင်းဂါးကတော့ ဒီလိုရေးသားချက်တွေဟာ တစ်ခုမှ အခြေအမြစ်မရှိဘဲ ပုံနှိပ်မီဒီယာတွေက စောင်ရေတိုးဖို့ အားထုတ်နေသလို အွန်လိုင်းမီဒီယာတွေက ကြည့်ရှုသူနှုန်းတိုးတက်လာရေးကို ဦးတည်ခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် အာဆင်နယ်ဝါရင့် နောက်ခံလူ မာတီဆက်ကာကတော့ အခုအချိန်မှာ အာဆင်နယ်အသင်းသားအချင်းချင်းပဋိပက္ခအသွင်မသင့်မမြတ်ဖြစ်နေတာကို ရပ်တန့်ပြီး ချန်ပီယံလိဂ်ပွဲကို အာရုံစိုက်ကစားဖို့လိုအပ်နေပြီလို့ တိုက်တွန်းလိုက်ပါတယ်။ ဒါကြောင့် ဝင်းဂါးဟာ ဖုံးဖိပြောနေပေမယ့် မာတီဆက်ကာရဲ့ ပြောစကားကတော့ အာဆင်နယ်အတွင်းစည်းအတွင်း ပြဿနာဖြစ်ပွားခဲ့တာကို ဝန်ခံရာရောက်ခဲ့ပါတယ်။ ဒါ့အပြင် မာတီဆက်ကာက " အသင်းတစ်ခုဆိုတာ ကစားသမားတွေအများကြီးနဲ့ ဖွဲ့တည်ထားတာပါ။ ဒါကြောင့် တစ်ဦးချင်း တစ်ယောက်ချင်းအပေါ် လိုက်ကြည့်သုံးသပ်လို့ မရတာကြောင့် ရလဒ်ကောင်းတွေရရှိဖို့ အသင်းသားအားလုံး ညီညွတ်ဖို့ အချိန်တန်ပါပြီ" လို့ ပြောပါတယ်။

(မေလဲ့သင်း)




# လာလီဂါက ပရီမီယာလိဂ်ထက်ပိုကောင်းတယ်ဆိုတာ ချန်ပီယံလိဂ်ရလဒ်များကို ကြည့်၍သိနိုင်ဟု ဂါရတ်ဘေးလ် ပြောကြား

ရီးယဲလ်မက်ဒရစ် စူပါစတား ဂါရတ်ဘေးလ်က ပရီမီယာလိဂ်အသင်းကြီးများ၏ ချိတ်ဆက်နေမှုများကို အမြဲတမ်းငြင်းပယ်နိုင်ခြင်းက လာလီဂါ၏ ဘောလုံးအဆင့်အတန်းမြင့်မားခြင်းကြောင့်သာဖြစ်ကြောင်း ဆိုခဲ့သည်။ လာလီဂါအသင်းထိပ်တန်းအသင်းများနှင့် ပရီမီယာလိဂ်အသင်းကြီးများကြား ဘောလုံးအဆင့်အတန်းကွာဟနေဆဲဆိုသည်ကို ချန်ပီယံလိဂ်ပြိုင်ပွဲစဉ်များအထင်အရှားတွေ့ရသည်ဟုလည်း ဂါရတ်ဘေးလ်က ဥပမာပေးကာ ဆိုခဲ့သည်။ ဘေးလ်က သူ့အနေဖြင့် ပရီမီယာလိဂ်သို့ ပြန်လည်ခြေချရန် စိတ်ကူးမရှိဘဲ ရီးယဲလ်မက်ဒရစ်နှင့် လက်ရှိချုပ်ဆိုထားသည့် ၂၀၂၂ ခုနှစ်လွန်ချိန်အထိ ရီးယဲလ်တွင်သာ ဆက်ရှိနေနိုင်သည်ဟုလည်း ဆိုခဲ့သည်။

ဘေးလ်က ဆောင်းရာသီအားလပ်ရက်မရရှိဘဲ ဆက်တိုက်ကစားရခြင်းကြောင့် ပင်ပန်းနွမ်းနယ်နေကြခြင်းကလည်း နောက်ဆုံးကစားခဲ့သည့် လေးရာသီအတွင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့မည်သည့်အင်္ဂလန်ကလပ်အသင်းမျှ မတက်ရောက်နိုင်သည့် ဆိုးကျိုးကိုဖြစ်စေကြောင်း ဆိုခဲ့သည်။ ဘေးလ်က ပရီမီယာလိဂ်မှာ အသင်း ၂၀ လုံးပင် တောင့်တင်းကြသော်လည်း လာလီဂါထိပ်တန်းအသင်းခြောက်သင်းနှင့် ပရီမီယာလိဂ်ထိပ်တန်းအသင်းများကို နှိုင်းယှဉ်ပါက လာလီဂါထိပ်တန်းအသင်းများက များစွာအင်အားတောင့်တင်းကြသည်ဟု ဆိုခဲ့သည်။ ယမန်နှစ်က ရီးယဲလ်နှင့် အက်သလက်တီကိုတို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သလို ဆီဗီလာလည်း ယူရိုပါလိဂ်တွင် သုံးကြိမ်ဆက် ဗိုလ်စွဲသည်ကို ကြည့်၍ သိမြင်နိုင်ကြောင်း ဆိုသည်။ ထို့ပြင်ဘေးလ်က ယခုနှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲကို သူ၏ ဇာတိမြေ ကာဒက်ဖ်မြို့တွင် ကျင်းပသည့်အတွက် အမှတ်တရအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်း လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်သည့်အသင်းဖြစ်လာအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တစ်ဆက်တည်းပင် ပြောကြားခဲ့သည်။

(မေလဲ့သင်း)

# ပေါ့ဘာမှာ ပြောင်းရွှေ့ကြေး ပေါင်သန်း ၉၀ နှင့်မတန်ဟု လမ်းပတ်ရှုမြင်

မန်ယူကွင်းလယ်လူ ပေါလ်ပေါ့ဘာကို မန်ယူအသင်းက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၉၀ အသုံးပြု၍ ခေါ်ယူခဲ့သော်လည်း ပေးချေရသော ငွေပမာဏနှင့် ပြန်လည်ရရှိသော ခြေစွမ်းတို့ အချိုးညီမှုမရှိဟု ချယ်လ်ဆီးကွင်းလယ်လူဟောင်း လမ်းပတ်က စွပ်စွဲပြောကြားခဲ့သည်။ ထို့ပြင် ပေါ့ဘာ၏ ပြောင်းရွှေ့ကြေး ထက်ဝက်ခန့်သာ ပေးချေခဲ့ရသည့် မာတာကပင် ပေါ့ဘာထက် ဂိုးသွင်းနှုန်းနှင့် စွမ်းဆောင်ရည်ပိုမိုကောင်းမွန်နေသဖြင့် မန်ယူအသင်း နစ်နာခဲ့သည်ဟုဆိုနိုင်ကြောင်းလည်း လမ်းပတ်က သုံးသပ်သည်။

လမ်းပတ်က" ခင်ဗျားပခုံးပေါ်ကို ပေါင်သန်း ၉၀ ဆိုတဲ့ ဈေးနှုန်းကြီး တင်လိုက်ပြီဆိုရင်တော့ ခင်ဗျားရဲ့စွမ်းဆောင်ရည်အပေါ် အမြဲစောင့်ကြည့်ခံရတော့မှာပဲ။ ခင်ဗျားရဲ့ ကွင်းလယ်မှာ ပေါလ်စခိုးကစားတာကို မြင်ချင်တယ်ဆိုရင်လည်း ဒါဟာ ပေါင်သန်း ၉၀ တန်ပဲလား။ တန်ဖိုးကြီးကစားသမားဆိုတာ ပွဲကို အလှည့်အပြောင်းလုပ်နိုင်ရမယ်။ ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်စွမ်း မြင့်မားနေရပါမယ်"ဟု ဘီတီစပို့သို့ ပြောကြားခဲ့သည်။

အကယ်၍ ဂရစ်ဇ်မန်းသာ မန်ယူကို ရောက်ရှိလာပါက ပေါ့ဘာကို မာရှယ်လ်နှင့် တွဲဖက်ပြီး လွတ်လွတ်လပ်လပ်လှုပ်ရှားကစားနိုင်အောင် ကစားကွက်ဖန်တီးပေးရမည် ဖြစ်သော်လည်း ပေါ့ဘာ၏ စွမ်းဆောင်ရည်မှာ အကန့်အသတ်ဖြစ်နေကြောင်းလည်း လမ်းပတ်က ထောက်ပြသည်။ ထို့ပြင် လမ်းပတ်က ယခင် ချယ်လ်ဆီးအသင်းကစားဖော် မာတာမှာ မန်ယူအသင်းလိုအပ်ချိန်တိုင်း သူ၏ သွင်းဂိုးများဖြင့် ထောက်ပံ့ကူညီပေးခဲ့သူဖြစ်ကြောင်းလည်း ချီးကျူးစကားဆိုခဲ့သည်။ မာတာသည် ချယ်လ်ဆီးမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ နီးပါးဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအတွက် သွင်းဂိုး ကိုးဂိုးအထိ သွင်းယူပေးထားရာ ပေါ့ဘာထက်ပင် နှစ်ဂိုး ပိုမိုသွင်းယူပေးနိုင်ခဲ့သည့် အနေအထားပင်ဖြစ်သည်။

(မေလဲ့သင်း)

## အထက်မြန်မာပြည်

# ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဆွံ့အနားမကြား ဖြေဆိုသူများအတွက် မေးခွန်းပုံစံ သဘောပေါက်စေရန် Sign Language ဖြင့် ရှင်းလင်းပေးမည်

**မန္တလေး မတ် ၇**

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ဆွံ့အနားမကြား ကျောင်းသား ကျောင်းသူများအတွက် ပထမဆုံးအကြိမ်အဖြစ် မေးခွန်းပုံစံအား နားလည်သဘောပေါက်စေရန် လူမှုဝန်ထမ်းသင်တန်းကျောင်းမှ ဆရာ ဆရာမများက ဖြေဆိုခန်းအတွင်း ဝင်ရောက်ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဌာန (ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ပြောသည်။

နိုင်ငံတကာတွင် ဆွံ့အနားမကြား ကျောင်းသား ကျောင်းသူများအတွက် တန်းတူအခွင့်အရေးရရှိစေရန် ဆောင်ရွက်ပေးနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါအခွင့်အရေးများ ရရှိနိုင်စေရန် ယခုအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အခြားကလေးတွေလို မေးခွန်းကို သူတို့ဘာသာစကားနဲ့ နားလည်ပြီး ကောင်းမွန်စွာဖြေဆိုနိုင်ဖို့ ပြုလုပ်ပေးတာဖြစ်ပါတယ်။ သာမန်လူတွေသိတဲ့ ဝေါဟာရတွေကို သူတို့မသိတာရှိတယ်။ ဒါတွေမေးခွန်းမှာပါလာရင် သူတို့ကို သင်ပေးတဲ့ ဆရာ ဆရာမတွေက တောင်းဆိုထားတဲ့ အချိန် ၁၀ မိနစ်အတွင်းမှာ နားလည်အောင်ရှင်းပြပေးမှာဖြစ်လို့ သူတို့အတွက် အများကြီး အထောက်အကူပြုမှာပါ" ဟု ၎င်းကပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြသည့် ဆွံ့အနားမကြား ကျောင်းသား ကျောင်းသူများကို သတ်မှတ်ဖြေဆိုချိန်ထက် မိနစ် ၃၀ အချိန်ပိုပေးထားပြီး ၎င်းအချိန်ပိုမှ ၁၀ မိနစ်ကို မေးခွန်းပုံစံသဘောပေါက်နားလည်အောင် Sign Language ဖြင့် ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းသင်တန်းကျောင်းမှ ဒုကျောင်းအုပ် ဒေါ်ဥမ္မာဦးက ပြောသည်။

"အရင်စာမေးပွဲတွေမှာ မေးခွန်းရဲ့သဘောကို နားမလည်တာတွေရှိတို့ စိတ်ပူပန်ရမယ်။ အခုလို ကျွန်မတို့က သူတို့နားလည်နိုင်မယ့် သင်္ကေတစကားနဲ့ ဝင်ပြီးရှင်းလင်းပေးရင် သူတို့ရဲ့ပူပန်မှုက ၅၀ ရာခိုင်နှုန်းလောက် လျော့ကျသွားမှာပါ" ဟု ၎င်းကပြောသည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဝင်ရောက်ဖြေဆိုကြမည့် ဆွံ့အနားမကြား ကျောင်းသား ကျောင်းသူဦးရေမှာ ကိုးဦးရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် ၂၅ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပွဲတော်ရက်မတိုင်မီပင် ရွှေစာရံဘုရားပွဲတော်သို့ လာရောက်လည်ပတ်သူ ဘုရားဖူးများဖြင့်စည်ကား

**ပုသိမ်ကြီး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးရှိ ရွှေစာရံဘုရားပွဲတော်ကြီးကို နှစ်စဉ်တပေါင်းလပြည့်မှ လပြည့်ကျော် ၉ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ပွဲတော်ရက်မတိုင်မီကပင် လာရောက်လည်ပတ်သော ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိကြောင်း သိရသည်။




"ဒီအညာဒေသ ရွှေစာရံဘုရားပွဲတော်ကြီးကို နှစ်စဉ် တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပပါတယ်။ ခုပွဲတော်ရက်တောင်မရောက်သေးဘူး လာရောက်လည်ပတ်တဲ့ ဘုရားဖူးပြည်သူတွေနဲ့ စည်ကားလျက်ရှိပါတယ်။ တပေါင်းလဆန်းကတည်းက ရှမ်းတိုင်းရင်းသားလူမျိုးများ ဈေးဆိုင်တွေရော၊ ၁၂ ပွဲဈေးသည်တွေ စတင်လာရောက်ပြီး ဈေးဆိုင်ခန်းများစတင်ရောင်းချနေပါပြီ။ ရှမ်းတိုင်းရင်းသားရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရှမ်းဒေသထွက်ကုန်တွေ၊ အစားအစာတွေ၊ ရှမ်းတိုင်းရင်းဆေးဝါးအသုံးအဆောင်ပစ္စည်းတွေ ရောင်းချလျက်ရှိပါတယ်။

ရွှေစာရံပွဲတော်ရဲ့ အဓိကအထိမ်းအမှတ်ပစ္စည်းကတော့ ထန်းရွက်ပုတီးနဲ့ ထန်းရွက်ငါးတို့ပဲဖြစ်ပါတယ်။ ဒီနှစ်ဘုရားပွဲတော်မှာ ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ရှိပြီး ဆိုင်ခန်းတစ်ခန်းကို ငွေကျပ် ၁၅၀၀၀၊ ရှမ်းတိုင်းရင်းသားတွေအတွက် ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားပါတယ်။ ပွဲတော်ကာလမှာ ယာဉ်ကြောကျပ်တည်းမှုမဖြစ်အောင် အရှည် ၁ မိုင် ၂ ဖာလုံခန့်ရှိ မြေသားကွင်းလမ်းကို အဝင်မုခ်ရှေ့နားက တောင်ဘက်ကွေ့ပြီး အရှေ့တက်လိုက်ရင် ခရိုင်ချင်းဆက်လမ်းထိ မြေသားကွင်းလမ်း ဆောင်ရွက်ထားပါတယ်။

ပွဲတော်လာပြည်သူတွေ သန့်ရှင်းရေးအတွက် အဆင်ပြေစေရန် ယခုနှစ်တွင် ပတ်ကားသန့်စင်ခန်း ၁၈ လုံးထပ်မံဆောင်ရွက်ထားပါတယ်။ ရပ်ဝေးက ဘုရားဖူးပြည်သူများအတွက် ရွှေစာရံဘုရားအနီးရှိ အေးမေတ္တာဓမ္မာရုံ၊ သောင်းဓမ္မာရုံများတွင် အခမဲ့တည်းခိုနိုင်ပါတယ်။ တပေါင်းလပြည့်ကျော် ၅၊ ၆၊ ၇၊ ၈ ရက် ညတို့တွင် ဇာတ်ပွဲများဖြင့် အခမဲ့ဖျော်ဖြေသွားမှာဖြစ်ပါတယ်" ဟု ရွှေစာရံစေတီတော် ဂေါပကဥက္ကဋ္ဌ ဦးပြေငြိမ်းက ပြောကြားသည်။

ရွှေစာရံစေတီတော်အား ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ မိဖုရားတစ်ပါးဖြစ်သော ရှမ်းမင်းသမီး စောမွန်လှတည်ထားသောဘုရားတစ်ဆူဖြစ်ပြီး ရှမ်းလူမျိုးများအများအပြား လာရောက်သောပွဲတော်တစ်ခုဖြစ်ရာ ရှမ်းရိုးရာ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာအရ ရှမ်းအိုးစည်ဝိုင်းဖြင့် ကပြဂါရဝပြုကြကြောင်း သိရသည်။

ရွှေစာရံဘုရားပွဲတော်သည် နှစ်စဉ်မြန်မာပြည်အနှံ့အပြားမှဘုရားဖူးပြည်သူများ လာရောက်လျက်ရှိရာ ကြိတ်ကြိတ်တိုးစည်ကားသောပွဲတော်တစ်ခုဖြစ်သောကြောင့် ပွဲတော်ကာလအမီ ယာဉ်ကြောကျပ်တည်းမှုများ ဖြေလျှော့နိုင်ရန် ပုသိမ်ကြီးမြို့နယ်နှင့် ကျောက်ဆည်ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ထားပြီး မြေသားကွင်းလမ်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# နောင်လုံနတ်ရေကန်ရေထွက်၌ သန့်ရှင်းရေးဆောင်ရွက်

**မိုးနဲ မတ် ၇**

နွေရာသီ ရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် မိုးနဲမြို့ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသော လွိုင်မြေရပ်ကွက်ရှိ နောင်လုံနတ်ရေကန်ရေထွက်၌ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ နတ်ရေကန်ရေထွက် အတွင်းနှင့် အပြင်ရှိ သစ်ရွက်ခြောက်များ၊ ရေမှော်များဆယ်ယူခြင်း၊ ပေါင်းမြက်များ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မတ် ၅ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ သန့်ရှင်းရေးဆောင်ရွက်နေမှုအား မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှအေး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသက်နိုင်ထွန်းတို့က နတ်ရေကန်ရေထွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုတွင် ပါဝင်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်း လက်တွေ့သရုပ်ပြ

**ပျော်ဘွယ် မတ် ၇**

ပူပြင်းခြောက်သွေ့သောကာလသို့ရောက်ရှိလာသောကြောင့် ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနသည် အသံချဲ့စက်များဖြင့် မြို့တွင်းလှည့်လည်၍ မီးသတိရှိရေးနှိုးဆော်ခြင်း၊ မီးအသုံးပြုရောင်းချသောဈေးဆိုင်များအား စနစ်တကျအသုံးပြုရေးစစ်ဆေးခြင်း၊ နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေတို့ အသင့်ရှိရေးတို့ကို လိုက်လံနှိုးဆော်ခြင်းများဆောင်ရွက်လျက်ရှိသည့်အပြင် မြို့နယ်အတွင်းရှိဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍လည်း မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြခြင်း၊ သက်ဆိုင်ရာဌာနဝန်ထမ်းများကိုလည်း မီးသတ်ဆေးဘူးအသုံးပြုနည်းတို့ကို သင်ကြားပြသလျက်ရှိကြောင်းသည်။

ထိုကဲ့သို့ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မတ် ၅ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးသတ်ဦးစီးဌာနမှူး ဦးအောင်သက်လှိုင်က မီးလောင်မှုဖြစ်ပေါ်ရာတွင် မီးငြိမ်းသတ်နည်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်နိုင်ဝင်းက ဝန်ထမ်းများအနေဖြင့် စနစ်တကျကိုင်တွယ်တတ်ရန် ရှင်းလင်းပြောကြားကြပြီး မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းတို့ကို သင်ယူကြကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများ လာရောက်မှုများပြား၍ အင်းလေးကန်မှ စက်လှေများအလုပ်ဖြစ်

**ညောင်ရွှေ မတ် ၇**

အင်းလေးကန်သို့ နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများ လာရောက်လည်ပတ်မှုများပြားသည့်အတွက် စက်လှေသမားများ အလုပ်ဖြစ်လျက်ရှိသည်။ စက်လှေတစ်စင်းလျှင် နိုင်ငံတကာခရီးသွားဧည့်သည် လေးဦးသာတင်ပြီး ငွေကျပ် ၃၀၀၀၀ ကျော်မှ ၄၀၀၀၀ အထိရရှိသည်။

ပြည်တွင်းဘုရားဖူးများကိုမူ လူဦးရေအလိုက်တစ်ခေါက်လျှင်ငွေကျပ် ၂၅၀၀၀ ခန့်ယူသည်။ လူအနည်းအများအလိုက်ဈေးနှုန်းကွာခြားသွားတတ်သည်။ စက်လှေတစ်စင်းလျှင် တစ်နေ့နှစ်ခေါက်နှုန်းရရှိသည်။ အင်းလေးကန်သို့သွားရောက်လည်ပတ်ရန် စက်လှေကို ညောင်ရွှေမှစီးနိုင်သလို မိုင်းသောက်အင်းရွာမှလည်း စီးနိုင်သည်။ စက်လှေများအများစု ခရီးသွားအေဂျင်စီများ၊ ဟိုတယ်များဖြင့် ချိတ်ဆက်ပြေးဆွဲကြသည်။ အင်းလေးဒေသမှာ အမြင်ဆန်းပြီး ထူးခြားသည့်အတွက် လာရောက်လည်ပတ်သူများပြားလျက်ရှိသည်။

လည်ပတ်သူအများစုမှာ ရိုးရာငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေပုံ၊ ခြေဖြင့်လှေလှော်ခတ်နေသည်များကို မြင်တွေ့သမျှ မှတ်တမ်းရိုက်ယူမှု များပြားလျက်ရှိသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များမှာမူ အင်းလေးကန်အတွင်းမှ ရွာများတွင် သွားရောက်ကာကိုယ်တိုင်လှေလှော်ခတ်ရင်းလေ့လာသည်များလည်းရှိသည်။ သာယာလှပသောအင်းလေးကန်မှာ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးကန်ဖြစ်ပြီး ထူးခြားသောဓလေ့သဘာဝနှင့် ရေပြင်ပေါ်နေထိုင်သည့်အင်းသားများကြောင့် ပိုမိုဆွဲဆောင်မှုရှိနေသည်။



လက်ရှိကာလတွင် အင်းလေးကန်သို့ သွားရောက်လည်ပတ်သူများမှာ အင်းသားများ၏ နေထိုင်လုပ်ကိုင်ပုံသဘာဝအလှအပများ၊ စိုက်ပျိုးပုံများ လှေကိုအသုံးပြုကာ ခြေဖြင့်လှော်ခတ်ပုံများကို လေ့လာပြီး တန်ခိုးကြီးဘုရားများဖြစ်သော အင်းလေးဖောင်တော်ဦးဘုရား၊ ရွာမရေပေါ်ဈေး၊ ငါးဖယ်ချောင်းကျောင်းတိုက် အလိုတော်ပေါက်ဘုရားများကို သွားရောက်ကြသည်။ လက်မှုလုပ်ငန်းများအနေဖြင့် ငွေထည်လုပ်ငန်း ရက်ကန်းလုပ်ငန်းများကို သွားရောက်လေ့လာကြသည်။ ယခုအခါ နွေဦးရာသီတွင် အင်းလေးဒေသသို့ ဘုရားဖူးလာရောက်မှုများပြားသည့်အတွက် စက်လှေများအလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**ဖန်းမော် မတ် ၇**

ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်နှင့် တာဝန်ရှိသူများသည် မတ် ၃ ရက် နံနက်ပိုင်းက ရွှေကူမြို့မရဲစခန်းဗဟိုကင်း၊ စစ်ရေးပြကွင်း၊ အချုပ်ခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် စခန်းရုံးတို့ကို စစ်ဆေးပြီးနောက် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းသို့ သွားရောက်၍ မီးငြိမ်းသတ်ယာဉ်များ၏ ကြံ့ခိုင်မှုကို စစ်ဆေးပြီး သန္ဓေတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် ဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်သူများကို လုပ်ငန်းဝန်ဆောင်မှုပေးရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်မီးသတ်စခန်းဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှု၍ နောင်လက်ကြီးကျေးရွာအုပ်စု လေးလမ်းဆုံ၌ ဖွင့်လှစ်ထားသော ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး ဂိတ်တာဝန်ခံအား လုံခြုံရေး၊ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မူးယစ်ဆေးဝါးဝင်ရောက်မှု မရှိစေရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြိတ်ကျွန်းစု (သို့မဟုတ်) ဖွံ့ဖြိုးလာသော အဏ္ဏဝါခရီးသွားဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လည်ပတ်



**ရန်ကုန် မတ် ၇**
မြိတ်ကျွန်းစုသည် မြန်မာနိုင်ငံ၏တောင်ဘက် ကပ္ပလီပင်လယ်ပြင်အတွင်းတည်ရှိကာ ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အမျိုးသားအဏ္ဏဝါဥယျာဉ်ဖြစ်သည့် လန်ပိကျွန်းတည်ရှိသော ကျွန်းစုတစ်ခုဖြစ်သည်။

လေ့လာသူများ၏ သုတေသနပြုချက်အရ ကုန်းမြေနှင့် ရေစပ်များတွင် ပေါက်ရောက်သော အမြဲစိမ်းသစ်တောအမျိုးအစား ၁၉၅ မျိုး၊ ဒီရေတောနှင့် သဲခုံတော သဘာဝပေါက်ပင်အမျိုးအစား ၆၃ မျိုး ရှင်သန်ပေါက်ရောက်သည်။ မြိတ်ကျွန်းစုအတွင်းရှိ သန္တာကျောက်တန်းများတွင်လည်း နို့တိုက်သတ္တဝါ ၁၉ မျိုးနှင့် သွေးအေး၊ သွေးနွေးသတ္တဝါမျိုးစိတ်မြောက်မြားစွာ နေထိုင်ကျက်စားလျက်ရှိသော ဒေသကြီးဖြစ်သည့်အပြင် ဆလုံလူမျိုးများနှင့် ဆောင်းရာသီနှင့်နွေရာသီတွင် 'ကဗန်း' လှေပေါ်တွင် နေထိုင်၍ ရေထွက်ပစ္စည်းများကို ရှာဖွေကာ အသက်ရှင်သန်နေထိုင်မှု ဘဝပုံစံသည်လည်း ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ရပ် ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီလအတွင်း ခရီးစဉ်စုစုပေါင်း ၇၉ ခုကို ကမ္ဘာလှည့်ခရီးသည် ၆၀၄ ဦးလိုက်ပါလျက် ထိုင်းနိုင်ငံသားပိုင် စက်တပ်ရွက်လှေ ၃၅ စင်းနှင့် မြန်မာနိုင်ငံသားပိုင် စက်တပ်ရွက်လှေသုံးစင်း စုစုပေါင်းစက်တပ်ရွက်လှေ ၃၈ စင်းတို့ဖြင့် ကော့သောင်းခရိုင်အတွင်းရှိ အောက်ကျွန်းနီကျွန်း၊ မြန်မာဘန့်၊ မြောက်တော်ဝင်ကျွန်း၊ တောင်တော်ဝင်ကျွန်း၊ နာနတ်သီးကျွန်း၊ ကျွန်းဖီလာကျွန်း၊ ခရင်းခွကျွန်း၊ ၁၁၅ ကျွန်း၊ ငမန်းကျွန်း၊ မျောက်နီကျွန်း၊ သရဲကျွန်း၊ ကြက်မောက်ကျွန်း၊ လန်ပိကျွန်း၊ လိုဏ်ဂူကျွန်း၊ စေတန်ကျွန်း၊ တောင်လပို့ကျွန်း၊ ၂၅၄ ကျွန်း၊ ၂၅၆ ကျွန်း၊ ကိုဖော့ကျွန်း၊ တာယာကျွန်း၊ ညောင်ဦးဖီးကျွန်း၊ နတ်သမီးရေတွင်းကျွန်း၊ ဒုံးရေတံခွန်၊ ဗိုလ်ချိုကျွန်းများသို့ လာရောက်လည်ပတ်ခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုအတွင်းသို့ ၂၀၁၅ ခုနှစ်တွင် စက်တပ်ရွက်လှေခရီးစဉ် ၃၉၆ ခု နှင့် ကမ္ဘာလှည့်ခရီးသွား ၃၂၇၀ လာရောက်ကာ ၂၀၁၆ ခုနှစ်တွင် စက်တပ်ရွက်လှေခရီးစဉ် ၄၇၀ ခုနှင့် ကမ္ဘာလှည့်ခရီးသွား ၃၉၆၁ ဦးဝင်ရောက်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်တွင် ရာခိုင်နှုန်းအားဖြင့် ၁၇ ဒသမ ၄၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ စက်တပ်ရွက်လှေခရီးစဉ် ၁၆၆ ခုနှင့် ဧည့်သည် ၁၃၉၇ ဦး ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလတွင် စက်တပ်ရွက်လှေခရီးစဉ် ၇၄ ခု နှင့် ဧည့်သည် ၅၁၈ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလတွင် စက်တပ်ရွက်လှေ ခရီးစဉ် ၇၉ ခုနှင့် ဧည့်သည် ၆၀၄ ဦးတို့ ဝင်ရောက်ခဲ့သဖြင့် ယခင်နှစ်ကထက် ပိုမိုဝင်ရောက်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းခရီးစဉ်များသာမက နယ်စပ်ဖြတ်ကျော် ခရီးစဉ်များဖြင့် မြန်မာနိုင်ငံ၏ သာယာလှပရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်နှင့် နေထိုင်မှုပုံစံများကို သိရှိထိတွေ့ခံစားလို၍ လာရောက်ကြသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းစုများသို့လည်း အပန်းဖြေခြင်း၊ ငါးမျှားခြင်း၊ ရေအောက်ရှုခင်း ကြည့်ရှုခြင်း၊ ရေကူးခြင်း၊ ဆလုံတိုင်းရင်းသားများ၏ ဘဝများကို လေ့လာခြင်းများဖြင့် ယခင်ကထက် လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဟိုတယ်ခရီး**



## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာမြေများအတွက် ထောက်ပံ့ငွေပေးအပ်

**ပဲခူး မတ် ၇**
ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာမြေများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ၌ မတ် ၆ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ထောက်ပံ့ငွေပေးအပ်ခြင်းသည် နိုင်ငံတော်အစိုးရ၏ သီးသန့်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မီးလောင်ခြင်း၊ လေပြင်းတိုက်ခြင်း မမျှော်မှန်းနိုင်သည့် ဖြစ်စဉ်မျိုးဖြစ်ကြောင်း၊ နှစ်စဉ်ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်လျက်ရှိသော လယ်ယာမြေများအတွက် (ဥပမာ-ရေကြီးနစ်မြုပ်မှုဒဏ်ခံနိုင်သည့် ချဉ်ပေါင်လျှော်နှင့် အခြားသီးနှံများ) စသည်တို့ကို ပြောင်းလဲစိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနများမှ တောင်သူများအား အသိပညာပေးဆောင်ရွက်စေလိုကြောင်း၊ ထောက်ပံ့ငွေများကိုလည်း တောင်သူများလက်ဝယ်သို့ စနစ်တကျ အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်က ယခုထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများအား ခရိုင်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် နှစ်ပတ်အတွင်း ပေးအပ်ရန်နှင့် ပေးအပ်မှု မှတ်တမ်းဓာတ်ပုံများလည်း ဆောင်ရွက်ထားရှိစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်အုပ်ချုပ်ရေးမှူးများအား ၂၀၁၆-၂၀၁၇ ခုနှစ် ပဲခူးတိုင်းဒေသကြီးတွင် မိုးသီးနှံများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ် ပျက်စီးသွားခဲ့သည့် မိုးစပါးစိုက်ဧက ၉၁၁၈၈ ဧက၊ နှမ်းစိုက်ဧက ၆၂၀၉ ဧက၊ မြေပဲစိုက်ဧက ၂၀၁၅ ဧကနှင့် အခြားစိုက်ဧက ၁၂၆၉ ဧကတို့အတွက် ထောက်ပံ့ငွေစုစုပေါင်း ကျပ်သန်း ၁၀၁၆ ဒသမ ၀၆၅ သန်းအား နိုင်ငံတော်၏ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။ **သူရိန်ထွန်း(ပဲခူး)**

## ကျောက်တန်းမြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်လုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**ကျောက်တန်း မတ် ၇**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်လုံခြုံရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၆ ရက် နံနက် ၁၁ နာရီက ဈေးအတွင်းရှိ ဆိုင်ခန်းများတွင် အသုံးပြုလျက်ရှိသော မီတာပုံးများ၊ လျှပ်စစ်ဝါယာကြိုးများအား ကျောက်တန်းမြို့လျှပ်စစ်မန်နေဂျာ ဦးကြည်သာစိုးနှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာ ခေတ္တအမှုဆောင်အရာရှိ ဦးသန်းလွင်ဦးနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းလင်းနှင့်အဖွဲ့၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အဖွဲ့တို့ပူးပေါင်း၍ ဟောင်းနွမ်းဝါယာကြိုးများနှင့် သုံးစွဲရန်မသင့်သည့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများကို လဲလှယ်စေ၍ လျှပ်စစ်အန္တရာယ်အကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **၆၈၉**

## ပြည်သူ့ရင်ပြင်၌ မီးရောင်စုံများ၏အလှအပကို ကြည့်ရှုခံစားနိုင်ရန် ပွဲတော်ကျင်းပမည်

**ရန်ကုန် မတ် ၇**
မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Myanmar International Lighting Festival(2017) ပွဲတော်ကြီးကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ မတ် ၁၉ ရက်မှ ဧပြီ ၃၀ ရက်အထိ (သင်္ကြန်တွင်း ၅ ရက်မှအပ) ရက်သတ္တခြောက်ပတ်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်ကြီးကို DN Development Group(DNDG) မှ စီစဉ်ဖန်တီးထားပြီး မိဘပြည်သူများ အပန်းဖြေနိုင်ရန်၊ နိုင်ငံတကာအဆင့်မီ ပွဲတော်ကြီးတစ်ခုကို ပြည်တွင်း၌ ကြည့်ရှုခံစားနိုင်ရန်၊ ပွဲတော်၌ ထွန်းညှိပူဇော်ထားသည့် မီးရောင်စုံများ၏ အလှအပကို ကြည့်ရှုခံစားရင်း ဓာတ်ပုံရိုက်နိုင်ရန်၊ မိသားစုနှင့်ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းများနှင့်ဖြစ်စေ လာရောက်အပန်းဖြေနိုင်သည့်အပြင် နွေရာသီကျောင်းပိတ်ရက်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ် ကလေးငယ်များ ပြည်သူ့ဥယျာဉ်သို့ အပန်းဖြေလာရောက်ရင်း စိတ်ဝင်စားဖွယ်ရာ မီးရောင်စုံပြကွက်များကို Myanmar International Lighting Festival ပွဲတော်ကြီး၌ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ ပွဲတော်ကြီးကို ကျင်းပခြင်းဖြစ်သည်။

Myanmar International Lighting Festival ပွဲတော်ကြီးတွင် တင်ဆက်ပြသမည့် မီးရောင်စုံပြကွက်များတွင် ပဲရစ်မြို့၏ အီဖယ်မျှော်စင် ကဲ့သို့ ကမ္ဘာကျော်အဆောက်အအုံများ၊ ဂျပန်နိုင်ငံမှ ဖူဂျီတောင်ကဲ့သို့ အထင်ကရနေရာများ၊ ချစ်စဖွယ်ရုပ်ပုံများ၊ တိရစ္ဆာန်များ၊ နာမည်ကျော် ဇာတ်ရုပ်ဇာတ်ကောင်များစသည်ဖြင့်ပါဝင်ပြီး စုစုပေါင်းပြကွက် ၆၀ ကျော်အား LED ပြကွက်မီးအလုံးပေါင်း သန်း ၇၀ ကို အာဆီယံနှင့် တရုတ်နိုင်ငံများမှ ပညာရှင်များ၏ အကူအညီဖြင့် အလှဖန်တီးတင်ဆက်ပြသသွားမည်ဖြစ်သည်။

ထို့အပြင် ဖျော်ဖြေရေးအစီအစဉ်များ၊ အစားအသောက်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် အခြားသောစိတ်ဝင်စားဖွယ်ရာအစီအစဉ်များအပြင် ပွဲတော်၏ တရားဝင်လူမှုကွန်ရက်များနှင့် ချိတ်ဆက်ပြုလုပ်မည့် Selfie ပြိုင်ပွဲနှင့် အလှဓာတ်ပုံပြိုင်ပွဲများလည်း ထည့်သွင်းထားပြီး ဆုလက်ဆောင်များ ချီးမြှင့်သွားမည်ဖြစ်သည်။

DN Development Group(DNDG) ၏ ပရောဂျက်ဒါရိုက်တာ ဦးဟိန်းထက်က "ကျွန်တော်တို့အနေနဲ့ ဒီပွဲတော်ကြီးကို ပြုလုပ်ရတဲ့ရည်ရွယ်ချက်ကတော့ မိသားစုတွေ၊ ကျောင်းသူ ကျောင်းသားတွေ ကလေးသူငယ်တွေ နွေရာသီအားလပ်ရက်မှာ လည်ပတ်စရာနေရာတိုးအောင်၊ ညဘက်တွေမှာ အပန်းဖြေနိုင်အောင် နိုင်ငံတကာမှာပြုလုပ်နေတဲ့ Lighting Festival တွေလိုမျိုး ထူးခြားဆန်းသစ်တဲ့ မီးရောင်စုံပြကွက်တွေကို LED မီးအလုံးပေါင်း သန်း ၇၀ နဲ့ အလှဆင်ပြီးစီစဉ်ထားပါတယ်။ အလွန်စိတ်ဝင်စားစရာကောင်းပြီး မိဘပြည်သူတွေအနေနဲ့ စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။


နိုင်ငံတကာတွင် နှစ်သစ်ကူးအကြိုအဖြစ် မီးရောင်စုံထွန်း Lighting Festival များအား ပြုလုပ်လေ့ရှိရာ Myanmar International Lighting Festival(2017) ပွဲတော်ကြီးကိုလည်း မြန်မာနှစ်သစ်ကူးအချိန်ကာလနှင့် တိုက်ဆိုင်ပြီး နွေရာသီကျောင်းပိတ်ရက် အနားယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများ ပြည်သူ့ဥယျာဉ်သို့ လာရောက်လည်ပတ်ရင်း စိတ်ဝင်စားဖွယ် မီးရောင်စုံပြကွက်များ ဝင်ရောက်လေ့လာနိုင်ရန် ပွဲတော်ကြီးကို ရက်သတ္တခြောက်ပတ်ကြာအောင် နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၁၀ နာရီအထိဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် သာမန်လက်မှတ် တစ်စောင်လျှင် ကျပ် ၃၀၀၀ နှင့် ကျောင်းသား ကျောင်းသူလက်မှတ်တစ်စောင်လျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် သတ်မှတ်ထားသည်။

ပွဲတော်၏ဆောင်ပုဒ်ဖြစ်သည့် "Light up the Hearts, Light up the Lives" ဆိုသည့်အတိုင်း ပွဲတော်မှရရှိလာသည့် အခကြေးငွေစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား လူမှုအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာဖောင်ဒေးရှင်းများနှင့် အခြေခံပညာကျောင်းများသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုး**

## တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

**တန်ဖိုးအကြီးဆုံး ဆယ်ကျော်သက် ကစားသမားဖြစ်ခွင့်ရဖို့ နီးစပ်နေပြီဖြစ်တဲ့ အေစီမီလန်ဂိုးသမားလေး ဒိုနာရူးမား၊ ကမ္ဘာ့လစာအများဆုံးကစားသမားစာရင်းကို ဦးဆောင်နေတဲ့ စီရိုနယ်လ်ဒို၊ ကားလို့စ်တီဗက်ဇ်တို့ရဲ့အိုထရက်ဖို့ဒ်တစ်ကျော့ပြန် ခရီး၊ အိုဇေးလ်ရဲ့ မော်ရင်ဟိုအပေါ်လူသိရှင်ကြား ဝေဖန်မှုတွေအပြင် ယခု ရက်သတ္တပတ်ရဲ့ထူးခြားအားကစားသတင်းများအဖြစ်တင်ဆက်ပေးလိုက်ပါတယ်။**



**တစ်ကိုယ်ကောင်းဆန်တဲ့ ကစားသမားအဖြစ် ရှုမြင်ခံနေရတဲ့ ဆန်းချက်ဇ်**

လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့တဲ့ ပွဲစဉ် အာဆင်နယ်ရဲ့ တိုက်စစ်အခင်းအကျင်းမှာ ဆန်းချက်ဇ် မပါဝင်ဘဲ ဂီရော့ဒ်နဲ့ ဝဲလ်ဘတ်တို့သာ ပါဝင်ကစားခဲ့သလို အာဆင်နယ်အသင်းလည်း ဂိုးသွင်းခွင့် မယ်မယ်ရရ မရှိခဲ့ပါဘူး။ ဆန်းချက်ဇ်ကို အရန်ခုံမှာ ထိုင်ခိုင်းခဲ့တဲ့ ဝင်းဂါးရဲ့ ဆုံးဖြတ်ချက်ကို အတော်များများက ဝေဖန်ခဲ့ပြီး ဘာလို့ ဒီလိုလုပ်ဆောင်ခဲ့သလဲဆိုတာကိုလည်း မေးခွန်းထုတ်နေကြပါတယ်။ အာဆင်နယ်ကစားသမားအများစုက ဆန်းချက်ဇ်ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကြောင့် ဘိုင်ယန်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတယ်လို့ ထင်မြင်ခဲ့ကြပြီးနောက်ပိုင်း ဒီလို အမြင်တွေဟာ အာဆင်နယ်နည်းပြ ဝင်းဂါးကိုပါ လွှမ်းမိုးသွားပါတယ်။ဒါကြောင့် ဝင်းဂါးက လီဗာပူးကို ရင်ဆိုင်တဲ့ပွဲမှာ ဆန်းချက်ဇ်ကို အရန်ခုံမှာ ထိုင်ခိုင်းခဲ့တာဖြစ်တယ်လို့ The Sun သတင်းဌာနက ဖော်ပြပါတယ်။

ဒါပေမယ့် ဆန်းချက်ဇ်မပါတဲ့ အာဆင်နယ် တိုက်စစ်ဟာ အလုပ်မဖြစ်ခဲ့ဘဲ လီဗာပူးအသင်းကို ဦးဆောင်ဂိုးနှစ်ဂိုး ခွင့်ပြုခဲ့ရပါတယ်။ အရန်ခုံပေါ်မှာ ထိုင်နေရတဲ့အတွင်း ဆန်းချက်ဇ်ရဲ့ မျက်နှာပေါ်က မခိုးမခန့်အပြုံးခိုတွဲနေတာကို ဗီဒီယိုမှတ်တမ်းတွေက အမိအရရိုက်ယူနိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းလူစားဝင် ကစားသမားအဖြစ် ဝင်ရောက်လာချိန်မှာ ဆန်းချက်ဇ်က ဝဲလ်ဘတ်ရဲ့ ချေပဂိုးတစ်ဂိုးကို ဖန်တီးပေးနိုင်ခဲ့ပေမယ့် ပွဲအပြီးမှာလည်း ဒေါသပေါက်ကွဲတဲ့ အမူအရာမျိုး လုပ်ဆောင်ခဲ့ပြန်ပါတယ်။ ဒါကြောင့် တစ်ဖက်မှာလည်း ဝင်းဂါးဟာ ဆန်းချက်ဇ်ကို အရန်ခုံပေါ် ထိုင်လိုက်ခြင်းက သူ့အနေနဲ့ ဆန်းချက်ဇ် အပေါ် စိတ်ရှည်မှုကုန်ဆုံးပြီဆိုတာ ပြသရာရောက်တယ်ဆိုတဲ့ သုံးသပ်မှုတွေရှိနေပါတယ်။ ဆိုတာကတော့ ဆန်းချက်ဇ်ကို တစ်ကိုယ်ကောင်းဆန်တဲ့ သဘောထားရှိသူလို့ မြင်တဲ့ထဲမှာ ဝင်းဂါးပါ ပါဝင်သွားပြီဆိုတာပါပဲ။

**ဆယ်ကျော်သက် တန်ဖိုးအကြီးဆုံးကစားသမားဖြစ်လာမယ့် ဒိုနာရူးမား**

အသက်(၁၈)နှစ်အရွယ် အေစီမီလန် ဂိုးသမား ဒိုနာရူးမားကို ဥရောပ အသင်းကြီးအတော်များများကခေါ်ယူချင်နေပြီး မန်ယူအသင်းက သူ့ကို လာမယ့်နွေဈေးကွက်အတွင်း ခေါ်ယူနိုင်ဖို့ အကောင်းဆုံးအလားအလာတစ်ရပ် ပိုင်ဆိုင်ထားပါတယ်။ တကယ်လို့ သူ့ကို ခေါ်ယူချင်တယ်ဆိုရင်တော့ ပြောင်းရွှေ့ကြေး ပေါင် ၄၃ သန်းကုန်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအပြောင်းအရွှေ့သာ အမှန်တကယ်ဖြစ်မြောက်လာခဲ့ရင် ဒိုနာရူးမားဟာ ကမ္ဘာ့တန်ဖိုးအကြီးဆုံး ဆယ်ကျော်သက် ကစားသမားဖြစ်လာပါလိမ့်မယ်။ မန်ယူအသင်းဟာ ၂၀၁၅ နွေဈေးကွက်ဖွင့်လှစ်ချိန်ကလည်း မာရှယ်လ်ကို ပြောင်းရွှေ့ကြေး ပေါင် ၃၆ သန်း၊ အခြားအပိုဆုကြေးတွေအတွက် ပေါင်သန်း၂၀ လောက် ထပ်မံကုန်ကျခံရမှာဖြစ်တာကြောင့် စုစုပေါင်း ပေါင်သန်း ၅၀ ကျော် ကုန်ကျခံ ခေါ်ယူခဲ့ပေမယ့် မာရှယ်လ်တစ်ယောက် မှန်းထားသလောက် ခြေမပေါ်ခဲ့တာကို တွေ့ရပါတယ်။ အခြားပြောင်းရွှေ့ကြေး မြင့်မားခဲ့တဲ့ ဆယ်ကျော်သက် ကစားသမားတွေကတော့ လူးကပ်စ်မော်ရာ (ဆော်ပေါ်လိုမှ ပီအက်စ်ဂျီ၊ ပြောင်းရွှေ့ကြေးပေါင် ၃၂ ဒသမ ၅ သန်း)၊ လုခ်ရှော (ဆောက်သမ်တန်မှ မန်ယူ၊ ပေါင် ၂၉ သန်း)၊ ရီနာတိုဆန်းချက်စ်(ဘင်ဖီကာမှ ဘိုင်ယန်မြူးနစ်၊ ပေါင်၂၇ ဒသမ ၅ သန်း)၊ ဂါဘရီယယယ်ဂျီးဆပ်ဇ်(ပါမီးရက်စ်မှ မန်စီးတီး၊ ပေါင် ၂၇ ဒသမ ၂ သန်း)၊ ဝိန်းရွန်းနီ( အဲဗာတန်မှ မန်ယူ၊ ပေါင်၂၇ သန်း)၊ မာကွင်ဟို(ရိုးမားမှ ပီအက်စ်ဂျီ၊ ပေါင် ၂၇ သန်း) တို့ ဖြစ်ကြပါတယ်။

**စီရိုနယ်လ်ဒိုနှင့် ကားလို့စ်တီဗက်ဇ်တို့အတွက် တစ်ကျော့ပြန်ခရီး**

မန်ယူဝါရင့် ကွင်းလယ်လူ မိုက်ကယ်ကားရစ်က သူရဲ့ အမှတ်တရပွဲမှာ မန်ယူကစားသမားဟောင်းတွေဖြစ်တဲ့ စီရိုနယ်လ်ဒိုနဲ့ တီဗက်ဇ်တို့နှစ်ဦးလုံး အိုးထရက်ဖို့ဒ်ကွင်းသို့ ပြန်လာပြီး သရဲနီတပ်သားတွေနဲ့ ပြန်လည်ပူးပေါင်းပါဝင်ကစားဖို့ မျှော်လင့်နေတယ်လို့ ဆိုပါတယ်။ မိုကယ်ကားရစ် မန်ယူကစားသမားဘဝ ၁၁ နှစ်ပြည့်အထိမ်းအမှတ်ပွဲအဖြစ် ၂၀၀၈ မန်ယူအသင်းနဲ့ ကားရစ်ဦးဆောင်တဲ့ အသင်းတို့ ဇွန် ၄ ရက် အိုးထရက်ဖို့ဒ်ကွင်းမှာ ကစားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။

တကယ်လို့ စီရိုနယ်လ်ဒိုရဲ့ ရီးယဲလ်အသင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲကို တက်ခွင့်ရရင်တောင် နောက်တစ်ရက်ရောက်မှသာ ကားရစ်ရဲ့ အမှတ်တရပွဲက ကစားရမှာဖြစ်တာကြောင့် ဒီပွဲမှာ စီရိုနယ်လ်ဒို ပါဝင်ကစားပေးဖို့ ကားရစ်ဖက်က မျှော်လင့်နေတာဖြစ်ပါတယ်။ တီဗက်ဇ်ကလည်း တရုတ်စူပါလိဂ်ကို သွားရောက်ကစားနေတာကြောင့် အဲဒီအချိန် ကစားပွဲတွေရှိနေမှာဖြစ်တဲ့အတွက် ပါဝင်ဖို့ မသေချာဖြစ်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ကားရစ်က ဗန်ဒါဆား၊ ဖာဒီနန်၊ ပေါလ်စခိုးနဲ့ ရှိုင်ယန်ဂစ်တို့ ပါဝင်မှာဖြစ်တယ်လို့ အတည်ပြုပေးခဲ့ပါတယ်။ မော်စကိုမြို့မှာ ကျင်းပခဲ့တဲ့ ၂၀၀၈ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ မန်ယူအသင်းက ချယ်လ်ဆီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ယူဗိုလ်စွဲခဲ့ရာ မိုက်ကယ်ကားရစ်က ဒီသမိုင်းဝင်အောင်မြင်မှုရရှိခဲ့တဲ့ အသင်းသားတွေ အားလုံး စုံစုံညီညီ ပါဝင်ဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။

**မော်ရင်ဟိုရှိနေသမျှ အိုဇေးလ်ကို မြင်တွေ့ရဖွယ်မရှိတဲ့ မန်ယူကွင်းလယ်**

မန်ယူနည်းပြ မော်ရင်ဟိုဟာ ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ်ဆောင်ရွက်စဉ်က အိုဇေးလ်ကို ရီးယဲလ်အသင်းဆီ ခေါ်ယူခဲ့သူဖြစ်ပါတယ်။ မော်ရင်ဟိုနဲ့ ရီးယဲလ်လမ်းခွဲသွားတော့ အိုဇေးလ်လည်း အာဆင်နယ်ကို ရောက်သွားပါတယ်။ ဒါကြောင့် မော်ရင်ဟိုက အိုဇေးလ်ကို အလိုရှိတယ်လို့ ဆိုလာချိန်မှာ သူတို့နှစ်ဦးကြား ရင်းနှီးတဲ့ဆက်ဆံမှုကြောင့် အိုဇေးလ်ဟာ ဗန်ပါစီနောက် မန်ယူအသင်းကို ရောက်သွားတဲ့ နောက်ထပ် အာဆင်နယ် ကစားသမားဖြစ်လာဦးမယ်လို့ ယူဆမှုတွေ လည်းရှိနေပါတယ်။ ဒါပေမယ့် ခုတော့ အိုဇေးလ်က သူဟာ ရီးယဲလ်မှာ ကစားစဉ်က မော်ရင်ဟိုရဲ့ အနှိမ်ခံကစားသမားဖြစ်ခဲ့ပြီး မော်ရင်ဟိုက သူ့ကို "သူရဲဘောကြောင်တဲ့လူ" လို့တောင် ခေါ်ဝေါ်ခဲ့တယ်လို့ ဖွင့်ချခဲ့ပါတယ်။ အိုဇေးလ်ဟာ ရီးယဲလ်ကစားသမားဘဝမှာ အောင်မြင်မှု အထွတ်အထိပ်ရောက်ခဲ့သလို အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တာကြောင့် ယခုလို အဆင်မပြေမှုတွေ ကြုံတွေ့ခဲ့ရတယ်ဆိုတာ ဘောလုံးပရိသတ်တွေအတွက်တော့ အတော်လေးအံ့အားသင့်ဖို့ ကောင်းခဲ့တာဖြစ်ပါတယ်။

ဒ့ါအပြင် အိုဇေးလ်က အာဆင်နယ်ကိုရောက်လာချိန် နည်းပြဝင်းဂါးနဲ့ ဆုံစည်းချိန်မှာ ဒီလို ဒေါသတကြီး အော်ဟစ်မှုတွေ၊ ပြစ်တင်သံတွေမကြားခဲ့ရဘူးလို့ ဆိုခဲ့ပါသေးတယ်။ အစောပိုင်းသတင်းတွေကတော့ အိုဇေးလ်ဟာ အာဆင်နယ်ကိုရောက်လာချိန်မှာ ယဉ်ကျေးမှု အပြောင်းအလဲ၊ ဘာသာစကားအခက်အခဲအပြင် နာမည်ကြီး အသင်းဖော်တွေနဲ့ ဝေးသွားတာကြောင့် စိတ်ပင်ပန်းနေရတယ်လို့ အားကစားကျွမ်းကျင်သူ အတော်များများက သုံးသပ်နေကြပေမယ့် ခုတော့ ထင်မြင်ချက်တွေ တက်တက်စင်အောင်လွဲသွားတယ်လို့တောင် ဆိုရမလိုဖြစ်နေပါပြီ။

**အသင်းဖော်များရဲ့ အချစ်ခံရတဲ့ တောရက်စ်**

ဒီဗိုတီပိုနဲ့ အက်သလက်တီကို အသင်းတို့ရဲ့ ပွဲစဉ်တွေမှာ အက်သလက်တီကို တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ဟာ ပြင်းထန်တဲ့ ဦးခေါင်းဒဏ်ရာ ရရှိခဲ့ကာ သတိလစ်မေ့မြောသွားခဲ့ပါတယ်။ မိနစ်အတော်ကြာ သတိလစ်မေ့မြောနေတဲ့ တောရက်စ်ကို ကွင်းအတွင်းကုသပေးမှုတွေ ဆောင်ရွက်ပြီး လည်ပင်းထောက်ဝတ်ဆင်ပေးကာ လူနာတင်ကပ်နဲ့ သယ်ဆောင်ကာ ဒီပို့တီပိုဆေးရုံကို ပို့ဆောင်ပေးခဲ့ရပါတယ်။ ခုတော့ စိုးရိမ်စရာ အနေအထားတစ်ရပ်ကနေ လွတ်မြောက်သွားပြီ ဖြစ်ပေမယ့် ဘယ်အချိန်မှာ ပြန်ကစားနိုင်မလဲဆိုတာတော့ တိတိကျကျ မပြောနိုင်သေးတဲ့ အနေအထားပါပဲ။

အက်သလက်တီကို အသင်းဖော်များဖြစ်ကြတဲ့ ဂါဘီနဲ့ ဆိုင်ဘရီဇာကိုတို့နှစ်ဦးဟာ တောရက်စ် သူ့လျှာကို သူပြန်ကိုက်မိမယ့် အနေအထားကို သူတို့ တတ်စွမ်းသမျှနည်းနဲ့ ကုသပေးခဲ့ကြတဲ့အတွက် အသက်အန္တရာယ် စိုးရိမ်စရာ အနေအထားမရောက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီအတွက် ဆရာဝန်တွေက သူတို့နှစ်ဦးရဲ့ လုပ်ဆောင်ချက်တွေကို ပြီးပြည့်စုံတဲ့ဆောင်ရွက်ချက်အဖြစ် ချီးမွမ်းခဲ့ပါတယ်။ တောရက်စ်က ထိတ်လန့်ဖွယ်ကောင်းတဲ့ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရပေမယ့် သူ့အပေါ် ထောက်ခံအားပေးမှုတွေအတွက် ကျေးဇူးတင်ရှိကြောင်း တွစ်တာစာမျက်နှာကတစ်ဆင့်ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒ့ါအပြင် အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းက ရလဒ်တွေဘယ်လိုဖြစ်ပြီး ဘယ်လိုကစားရမယ်ဆိုတာတောင် မတွေးမိနိုင်လောက်အောင် တောရက်စ်အတွက် စိတ်ပူမိကြောင်း ဆိုခဲ့တာကြောင့် တောရက်စ်ဟာ မိတ်ဆွေတွေရဲ့ တကယ့်ကို ချစ်ခင်နှစ်သက်မှုခံရတဲ့ ကစားသမားဖြစ်တယ်ဆိုတာတော့ သေချာပါတယ်။

**မေလဲ့သင်း**









# တေလာဆွစ်နဲ့အတူ တေးသီချင်းသစ်ဖန်တီးနေကြောင်း ဖွင့်ဟလာတဲ့ အက်ဒ်ရှီရန်



နာမည်ကျော် ပေါ့ပ်ဂီတကြယ်ပွင့်ဖြစ်တဲ့ အက်ဒ်ရှီရန်က လတ်တလောမှာ သူဟာ အခြားသောနာမည်ကျော်တေးသံရှင်တစ်ဦး ဖြစ်တဲ့ တေလာဆွစ်နဲ့တွဲဖက်ကာ တေးသီချင်း တစ်ပုဒ်ကို ဖန်တီးနေတာကြောင့် သူတို့နှစ်ဦးရဲ့ စုံတွဲတေးသီချင်းသစ်ကို ပရိသတ်တွေ ရှုမြင်ကြရတော့မှာဖြစ်ကြောင်း ပြီးခဲ့တဲ့ iHeartRadio Music Awards ဆုပေးပွဲကြီးရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းလာခဲ့စဉ် မီဒီယာတွေကို ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

နှစ်အတော်ကြာ အခင်ဆုံးသူငယ်ချင်းတွေအဖြစ် လက်တွဲလာခဲ့ကြတဲ့ တေးရေးတေးဆိုတစ်ဦးအဖြစ် အောင်မြင်နေသူ ဗြိတိန်ဂီတကြယ်ပွင့် အက်ဒ်ရှီရန်နဲ့ တေးသီချင်းတွေကို ကိုယ်တိုင်ရေးသားသီဆိုလေ့ရှိပြီး ကန်းထရီး တေးသံရှင်တစ်ဦးအဖြစ်မှသည် ပေါ့ပ်တေးသံရှင်အဖြစ်ပါ အောင်မြင်မှုတွေ ရယူထားနိုင်ခဲ့တဲ့ တေလာဆွစ်တို့ဟာ ယခင်ကလည်း တေးသီချင်းတွေကိုတွဲဖက်သီဆိုခဲ့ကြပါတယ်။ လတ်တလောမှာလည်း သူတို့နှစ်ဦးရဲ့ စုံတွဲတေးသီချင်းသစ်တစ်ပုဒ်ကို ဖန်တီးနေကာ ပြင်ဆင်နေဆဲအခြေအနေမှာသာ ရှိနေသေးတာဖြစ်တယ်လို့လည်း အက်ဒ်ရှီရန်က ဖွင့်ဟလာခဲ့တာဖြစ်ပါတယ်။

နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Shape of You"နဲ့ အောင်မြင်မှုတွေထပ်လောင်းရရှိခဲ့တဲ့ အက်ဒ်ရှီရန်က တေလာဆွစ်နဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်အတွက် နာမည်ကို မရွေးချယ်ရသေးကြောင်းနဲ့ ထုတ်လွှင့်မယ့်ရက်အတိအကျကိုတော့ ပြောကြားနိုင်ခြင်းမရှိသေးဘူးလို့လည်း ဆိုပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက ဘီဘီစီသတင်းဌာနနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ အက်ဒ်ရှီရန်က တေလာဆွစ်ရဲ့ တေးသီချင်းသစ်ထုတ်လွှင့်မှုနဲ့ပတ်သက်ပြီးလည်း မီဒီယာတွေကို ဖြေကြားပေးခဲ့ပါတယ်။ သူက "တေလာဆွစ်က ဒီနှစ် နှစ်ကုန်ပိုင်းလောက်အထိ သူ့ရဲ့တေးသီချင်းသစ်တွေကို မထုတ်လွှင့်နိုင်လောက်ဘူးလို့ထင်ပါတယ်။ ခရစ္စမတ်ရာသီကတော့ တေးသီချင်းသစ်တွေ ထုတ်လွှင့်ဖို့ အကောင်းဆုံးရာသီဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်တွေမှာ လူအများက တေးအယ်လ်ဘမ်တွေဝယ်ယူကြလေ့ရှိလို့ပါပဲ"လို့ ဖြေကြားခဲ့ပါတယ်။

တေလာဆွစ်အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းထုတ်လွှင့်ခဲ့တဲ့ ဂရမ်မီဆုဆွတ်ခူးနိုင်ခဲ့တဲ့ တေးအယ်လ်ဘမ် "1989"ကို ထုတ်လွှင့်ပြီးနောက်ပိုင်း တေးအယ်လ်ဘမ်သစ်ကို ထပ်မံထုတ်လွှင့်ခဲ့ခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းမှာတော့ "One Direction"အဖွဲ့ဝင်ဟောင်းဖြစ်သူ ဇေမာလိခ်နဲ့အတူ တွဲဖက်ကာ စုံတွဲတေးသီချင်း "I Don't Wanna Live Forever" ကို ထုတ်လွှင့်ခဲ့ပါတယ်။

ဒါ့ကြောင့် လတ်တလောမှာ တေလာဆွစ်နဲ့ အက်ဒ်ရှီရန်တို့ ပူးပေါင်းဖန်တီးနေတဲ့ တေးသီချင်းသစ်ကို ပရိသတ်တွေက အထူးစိတ်ဝင်စားလျက်ရှိပြီး ထုတ်လွှင့်မယ့်အချိန်ကို စောင့်မျှော်နေကြကြောင်းလည်း သိရပါတယ်။

# "T-ara" ပြန်လာတော့မည်



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara" ဟာ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်တစ်ခုနဲ့အတူ ပရိသတ်ရှေ့မှောက် အရောက်ပြန်လာတော့မှာဖြစ်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

"T-ara" ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အမ်ဘီကေ အန်တာတိန်းမန့်က အဆိုပါ တေးဂီတအဖွဲ့ဟာ အဖွဲ့ဝင်အပြည့်အစုံပါဝင်သီဆိုထားတဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုကို လာမယ့် မေလအစောပိုင်းမှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့ကို ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း လတ်တလောမှာ အတည်ပြုပြောကြားပေးခဲ့တာဖြစ်ပါတယ်။

မေလအတွင်းထုတ်လွှင့်သွားမယ့် တေးအယ်လ်ဘမ်ဟာ "T-ara" ရဲ့ ၁၃ ခုမြောက် မီနီတေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်ပြီး အဆိုပါတေးအယ်လ်ဘမ်သစ်အတွက် အမည်နဲ့ ခေါင်းစီးတေးသီချင်းကို လတ်တလောအချိန်အထိ မရွေးချယ်ရသေးကြောင်း အမ်ဘီကေ အန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့ပေမယ့် အခြားအသေးစိတ်အချက်အလက်တွေကိုတော့ ပြောကြားခဲ့ခြင်းမရှိကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ လာမယ့်နွေရာသီအတွက် ရည်ရွယ်ဖန်တီးထားတဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ပြီး နွေရာသီနဲ့လိုက်ဖက်မယ့် ပေါ့ပ်တေးသီချင်းလေးတွေကို ထည့်သွင်းဖန်တီးထားကြောင်းလည်း သိရပါတယ်။

"T-ara" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီယောင်းဟာလည်း လတ်တလောမှာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်လျက်ရှိပြီး ဂျီယောင်းရဲ့တေးအယ်လ်ဘမ်သစ်ဟာ ထုတ်လွှင့်ဖို့ရာ နှောင့်နှေးနေဦးမှာဖြစ်ကြောင်း အမ်ဘီကေအန်တာတိန်းမန့်က ပြီးခဲ့တဲ့လအတွင်းက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ရာ အဖွဲ့လိုက်တေးအယ်လ်ဘမ်သစ်ကို ဦးစွာထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# "2017 iHeart Radio Music Awards" မှာ ဆုအများဆုံးရရှိခဲ့တဲ့ ဒရိတ်ခ်နဲ့ သယ်ချိန်းစမုတ်ကာစ်

ယခုနှစ်အတွက် ရည်ရွယ်ကျင်းပခဲ့တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "iHeartRadio Music Awards"ဆုပေးပွဲကြီးမှာ ဆုအများဆုံးရရှိခဲ့ကြတဲ့ တေးသံရှင်တွေအဖြစ် ဒရိတ်ခ်နဲ့ သယ်ချိန်းစမုတ်ကာစ်တို့က ရပ်တည်နေတာဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကြီးကို အမေရိကန်နိုင်ငံမှာ ပြီးခဲ့တဲ့ မတ် ၅ ရက်က ကျင်းပခဲ့ရာမှာတော့ ဟစ်ပ်ဟော့ပ်တေးသံရှင် ဒရိတ်ခ်က ဆုပေါင်းခုနစ်ဆုကို သိမ်းပိုက်နိုင်ခဲ့ကာ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ သယ်ချိန်းစမုတ်ကာစ်ကတော့ ထူးချွန်ဆုငါးဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒရိတ်ခ်ဟာ အဆိုပါဆုပေးပွဲအတွက် ဆန်ခါတင်ဆုစာရင်းကိုထုတ်ပြန်ခဲ့ချိန်မှာတော့ ဆုနေရာ ၁၂ နေရာအတွက် လျာထားခံထားရပြီး ယင်းတို့အနက်မှ ခုနစ်ဆုကိုရရှိခဲ့တာ ဖြစ်ပါတယ်။

ဒရိတ်ခ်ဟာ ယခုနှစ်မှာလည်း တစ်နှစ်တာရဲ့ ဟစ်ပ်ဟော့ပ်တေးသံရှင်ဆုကို ရရှိခဲ့တာကြောင့် အဆိုပါဆုကို နှစ်နှစ်ဆက်တိုက်သိမ်းပိုက်နိုင်ခဲ့တဲ့ တေးသံရှင်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် သူ့ရဲ့ စတုတ္ထမြောက် စတူရီယိုတေးအယ်လ်ဘမ် "Views" ဟာလည်း ယခုနှစ်ရဲ့ အကောင်းဆုံးဟစ်ပ်ဟော့ပ်တေးအယ်လ်ဘမ်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အဖွဲ့ဝင်နှစ်ဦးပါဝင်တဲ့ သယ်ချိန်းစမုတ်ကာစ်တေးဂီတအဖွဲ့ကတော့ ယခုနှစ်ဆုပေးပွဲကြီးမှာ တစ်နှစ်တာရဲ့ အကောင်းဆုံးမျက်နှာသစ်အနုပညာရှင်ဆုအပါအဝင် ဆုပေါင်းငါးဆုကို ဆွတ်ခူးခဲ့ကာ ဒုတိယမြောက်ဆုအများဆုံးသိမ်းပိုက်နိုင်ခဲ့တဲ့ ဂီတပညာရှင်တွေဖြစ်လာခဲ့ကြပါတယ်။

ဒရိတ်ခ်နဲ့ သယ်ချိန်းစမုတ်ကာစ်တို့ရဲ့နောက်မှာ "2017 iHeart Radio Music Awards" ဆုပေးပွဲရဲ့ ဆုအရေအတွက်အများဆုံးရရှိခဲ့တဲ့တေးသံရှင်တွေအဖြစ် ပေါ့ပ်အဆိုတော်အဒဲလ်နဲ့ တွမ်တီဝမ်းပိုင်းလော့ထ်စ်တေးဂီတအဖွဲ့တို့က အသီးသီးရပ်တည်နေကြကြောင်းလည်း သိရပါတယ်။

# ဇာတ်ကောင်စရိုက်နဲ့ လိုက်ဖက်ညီအောင် ပြောင်းလဲခဲ့တဲ့ ချိုဟေဂျန်း

တောင်ကိုရီးယား သရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်တဲ့ ချိုဟေဂျန်းကတော့ အခြားသောသရုပ်ဆောင်တွေက အချိုးကျလှပတဲ့ ခန္ဓာကိုယ်ကိုထိန်းသိမ်းထားဖို့အတွက် ကိုယ်အလေးချိန်လျှော့ချတာတွေကို ဦးစားပေးလုပ်ဆောင်နေချိန်မှာ သူကတော့ ပါဝင်သရုပ်ဆောင်တဲ့ ဇာတ်ကောင်စရိုက်နဲ့ လိုက်ဖက်ညီစေဖို့ သွယ်လျလှပတဲ့ခန္ဓာကိုယ်ကို စွန့်လွှတ်ကာ ခပ်ဝဝအမျိုးသမီးဖြစ်စေဖို့ ကြိုးပမ်းခဲ့တာကြောင့် သူ့ရဲ့ပြင်ဆင်မှုဟာ ချီးကျူးထိုက်ကြောင်း ဒေသတွင်းမီဒီယာတစ်ခုဖြစ်တဲ့ ကိုရီးယားဘိုးဒေါ့ကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ ရိုက်ကူးလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင်သစ် "Weightlifting Fairy Kim Bok Joo"မှာ ပါဝင်သရုပ်ဆောင်နေတဲ့ ချိုဟေဂျန်းဟာ သူပါဝင်သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်ဟာ အလေးမသမားတစ်ဦး ဖြစ်တာကြောင့် အဆိုပါဇာတ်ကောင်နဲ့ သဘာဝကျကျ ပေါင်းစပ်နိုင်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ကိုယ်အလေးချိန်တိုးစေဖို့ အစားတွေကို စားခဲ့ရကြောင်းလည်း သိရပါတယ်။ အဆိုပါရုပ်ရှင်မှာတော့ ချိုဟေဂျန်းဟာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ တောင်ကိုရီးယားရဲ့ အလေးမချန်ပီယံ ကမ်ဘွတ်ခ်ဂျိုရဲ့ သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဂျန်နန်ဟီးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုလို အနုပညာလုပ်ရှားမှုတစ်ခုအတွက် သေးသွယ်လှပတဲ့ကိုယ်ခန္ဓာကို စွန့်လွှတ်ဖို့ရာမလွယ်ကူကြောင်းနဲ့ ချိုဟေဂျန်းရဲ့ ဇာတ်ကောင်စရိုက်နဲ့ လိုက်ဖက်အောင် ပြင်ဆင်ခဲ့တဲ့ ချစ်မြတ်နိုးစရာ ဆုံးဖြတ်ချက်နဲ့အတူ ပြောင်းလဲခဲ့မှုအတွက်လည်း ချီးကျူးကြောင်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။



အဆိုပါရုပ်ရှင် "Weightlifting Fairy Kim Bok Joo"ဟာ အားကစားဒရမ်မာအမျိုးအစားဖြစ်ပြီး တောင်ကိုရီးယားရဲ့ အိုလံပစ်အလေးမချိန်ပီယံ ဂျန်မီရန်ရဲ့ ဘဝအကြောင်းကို ဖန်တီးရိုက်ကူးထားတဲ့ရုပ်ရှင်ဖြစ်ကာ ဒေသတွင်းရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ MBC မှ ထုတ်လွှင့်ပြသလျက်ရှိကြောင်းလည်း သိရပါတယ်။ ယင်းရုပ်ရှင်မှာ အခြားသော တောင်ကိုရီးယား သရုပ်ဆောင်တွေဖြစ်ကြတဲ့ လီဆန်ယောင်း၊ နမ်ဂျိုဟွတ်ခ်၊ လီဂျေယွန်းနဲ့ ယောင်ဆိုးဂျင်တို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရပါတယ်။

**အေးပြည့် – စုစည်းသည်**

# ကျောင်းစာကြည့်တိုက်တံခါးတွေဖွင့်ထားပေးပါ

ခိုင်လေး(ရွှေတောင်)

"စာမဖတ်ကြတော့ဘူး။ စာအုပ် ၅၀၀ လောက်ထုတ်ရင်တောင် မနည်းကုန်အောင် ရောင်းနေရတယ်" အစရှိသည့်စကားတို့အား ကြားနေသည်မှာကြာပါပြီ။ စာဖတ်သူမြှင့်တင်ရေးဆိုပြီး အစီစဉ်တွေအမျိုးမျိုး ဆောင်ရွက်နေကြသည်တို့လည်း ရှိပါသည် ။ သို့သော်လည်း စာဖတ်သူနည်းနေသည်ဟု ထင်မိပါသည်။ သားသမီးတွေ စာဖတ်ဖို့ ပြောဆိုပြရမည့် မိဘတွေကိုယ်တိုင်ပင် စာမဖတ်ကြတော့သည့်အနေအထားမှာ ကလေးတွေစာမဖတ်တော့သည်မှာ ဘာဆန်းသလဲဟု ပြောရမလိုပင်။

**စာဖတ်ချိန်ထည့်**

စာမဖတ်ကြတော့သည့်လူကြီးများအား စာဖတ်ပါလို့ ပြောနေမည့်အစား ငယ်ရွယ်သေးသည့်ကျောင်းသားကျောင်းသူများကို စာဖတ်သည့်အလေ့ကျင့်ကောင်းများ ပြန်လည်ရရှိလာစေရန် ဆောင်ရွက်ခြင်းသည် ပို၍ကောင်းမည်ဟုထင်ပါသည်။ သည်နေရာတွင် ကျောင်းများ၏အခန်းကဏ္ဍသည် လွန်စွာအရေးပါလာသည်။ စာကြည့်တိုက်မှာစာဖတ်ဖို့အတွက် စာသင်ကျောင်းတွေမှာ တစ်ပတ်ကိုတစ်ချိန်လောက် စာကြည့်တိုက်စာဖတ်ချိန် ထည့်ပေးလိုက်မည်ဆိုလျှင် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပြန်၍ဖြစ်ပေါ်လာနိုင်ပါသည်။

သည်နေရာမှာ စာဖတ်ချိန်ရယ်လို့ထည့်ပေးလိုက်ရုံနှင့်လည်း မပြီးသေးပါ။ အမှန်တကယ် စာဖတ်ဖို့အတွက်လည်း ဆောင်ရွက်ရမည်။ ကျောင်းစာကြည့်တိုက်တံခါးတွေကိုလည်း ဖွင့်ထားသင့်သည်။ စာကြည့်တိုက်မှူးဆရာ (သို့) ဆရာမကိုလည်း စာကြည့်တိုက်အတွက် သီးသန့်တာဝန်ပေးသင့်ပါသည်။ စာကြည့်တိုက်မှူးသည် စာဖတ်နာသူ၊ စာပေကို အမှန်တကယ်ချစ်မြတ်နိုးသူကိုပဲ ရွေးချယ်ထားသင့်သည်။ ဖတ်ပြီးသည့်စာများကို တစ်ဦးနဲ့တစ်ဦး ပြန်လည်ဆွေးနွေးတာမျိုးလည်း လုပ်ပေးရပါမည်။

**အထောက်အကူရ**

စာဖတ်ခြင်းမှ စာစီစာကုံးရေးရန်အတွက် အထောက်အကူများစွာကို ရစေနိုင်သည်။ ခုနစ်တန်းလောက်ရောက်နေသော်လည်း စာစီစာကုံးကိုပင် ကောင်းမရေးတတ်သူများစွာကို တွေ့နေမြင်နေရသည်။ စာစီစာကုံးဆိုသည်မှာ ကျက်ဖြေရသည့်အရာဟု ထင်မှတ်နေခြင်းကပင် စာမဖတ်ကြခြင်းကြောင့်ဟု စာရေးသူယူဆပါသည်။

ကျောင်းတွင်း စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ကျောင်းသား ကျောင်းသူတို့၏စွမ်းရည်ထက် ဆရာ၊ ဆရာမများနှင့် ပန်းချီဆရာတို့၏ စွမ်းရည်များသည် ပို၍နေရာယူနေကြသည်။ မိမိတို့၏တပည့်ကို ရေးသားပေးခြင်းထက် ကျောင်းသား ကျောင်းသူများ ရေးသားလာသည့်အပေါ် လိုအပ်သည်များကို သင်ကြားပေးခြင်းသည် ပို၍ဆီလျော်သည်ဟု အကြံပြုချင်ပါသည်။ ကျွန်မငယ်စဉ်က ဆရာမရေးပေးသော စာစီစာကုံးများအား ကျက်၍ဖြေဆိုခဲ့သည်။ ကျွန်မသားသမီးများအား ထိုကဲ့သို့မဖြစ်စေချင်ပါ။

“ စာသင်ကောင်းများမှ စာကြည့်တိုက်မှာ စာဖတ်သည့်အချိန်လေးအား တစ်ပတ်လျှင် တစ်ချိန်ထည့်ပေး ပါဟု သက်ဆိုင်ရာလူကြီးများအား မရဲတရဲလေး တောင်းဆိုလိုက်ပါရစေ . . .

**တကယ်တတ်ဖို့ အရေးကြီး**

မသင့်လျော်သည့်ကိစ္စတစ်ခုအားပြောင်းလဲဖို့အတွက် အားလုံးပူးပေါင်းပါဝင်ဖို့ လိုအပ်ပါသည်။ ကျောင်းသား၊ ကျောင်းသူ ဆရာ၊ မိဘ သုံးဦးသုံးဖလှယ် ပူးပေါင်းပါဝင်မှ ကျွန်မတို့ရင်သွေးငယ်များ၏ အနာဂတ်သည် စိတ်ချရသော အရည်အချင်းစစ်စစ်များဖြင့် ထွန်းပြောင်သည့် ပညာတတ်များ ပေါ်ပေါက်လာပါလိမ့်မည် ။ ငါ့သားလေး၊ ငါ့သမီးလေး ဆုရဖို့အရေးကြီးသည်ဆိုသော စိတ်မျိုးထက် ငါ့သားလေး၊ ငါ့သမီးလေး တကယ်တတ်ဖို့ အရေးကြီး သည်ဟူသောစိတ်မျိုး ထားကြဖို့လိုအပ်နေပါပြီ။

တချို့မိဘများသည် ကျောင်းစာမဟုတ်သည့် ပြင်ပစာများဖတ်လျှင် အပိုဟုထင်တတ်ကြသည်။ အတန်းတက်ဖို့ကျောင်းစာဖတ်ဖို့ လိုအပ်သလို ဘဝထဲမှာ နေတတ်ထိုင်တတ်ဖို့ ပြင်ပစာတွေဖတ်ဖို့လည်း လိုအပ်ပါသည်။ ကျောင်းနေအရွယ်မှာ စာဖတ်သည့်အကျင့်ရသွားလျှင် နောင်အနာဂတ်မှာ စာမဖတ်သည့်ပြဿနာအား ရင်ဆိုင်စရာမလိုတော့ပေ။ စာရေးသူတစ်ဦးဖြစ်ခြင်းကြောင့် စာဖတ်ရန်ပြောနေခြင်းမဟုတ်ပါ။ စာဖတ်ခြင်းသည် လူတစ်ယောက်၏ အတွေးအခေါ်အားလုံးကို များစွာပြောင်းလဲသွားနိုင်သည်မှာ စာရေးသူ၏ လက်တွေ့ပင်ဖြစ်သည်။

**ကျောင်းတွေကို အထူးအားကိုး**

ထို့ကြောင့် လူငယ်တွေစာဖတ်ဖို့ အရေးကြီး၏။ လူငယ်တွေ စာဖတ်ဖို့ဆိုသည့်နေရာမှာ ကျောင်းတွေကို အထူးအားကိုးရမည်။ ဘာကြောင့်လဲဟု မေးစရာရှိပါသည်။ ကျွန်မတို့ရင်သွေးငယ်များသည် အိမ်မှာနေသည့်အချိန်ထက် ကျောင်းမှာနေသည့်အချိန်ပိုများကြသည်။

ဆရာ၊ ဆရာမတို့၏ ပြုစုပျိုးထောင်မှုနှင့်အတူ မိဘများကလည်း ပူးပေါင်းပါဝင်၍ ကျွန်မတို့ရင်သွေးငယ်များစာဖတ်ဖို့ ဆောင်ရွက်ရမည်။ အားလုံးပူးပေါင်းပါဝင်ကြဖို့လည်း မျှော်လင့်မိပါသည်။ အထက်မှာဖော်ပြခဲ့သည့်အတိုင်း စာသင်ကျောင်းများမှာ စာကြည့်တိုက်မှာ စာဖတ်သည့်အချိန်လေးအား တစ်ပတ်လျှင်တစ်ချိန် ထည့်ပေးပါဟု သက်ဆိုင်ရာလူကြီးများအား မရဲတရဲလေး တောင်းဆိုလိုက်ပါရစေ။ ။

---

r*Fm{ntyfuu;Z,wifvm

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏနေ
ဦးမောင်ငွေ(အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်မမတို့၏သား
ဦးဇင်မင်းထွဋ်(ကထိက၊ သန်လျင်နည်းပညာတက္ကသိုလ်)-ဒေါ်ဖူးပွင့်ငွေ(Light Fashion ဗိုလ်ချုပ်ဈေး)တို့၏မောင်၊ မဖူးပွင့်ခင်၏အစ်ကို

**မောင်ရဲဘုန်းသူ**
**B.A(Eco)**
**MD (Aung Chan Min Group of Co.,Ltd)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးတင်ထူး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်ကြည် (အလယ်တန်းပြ၊ ငြိမ်း)တို့၏သမီး
ဦးမျိုးမြင့်ထူး (လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်နန်းရော်၊
ဗိုလ်ကြီးသိန်းမြင့်ထူး(တပ်မတော်-လေ)တို့၏ညီမ

**ဒေါက်တာ ဝေယံမြင့်ထူး**
**M.B.,B.S(Ygn;)**
**(ဦးစီးအရာရှိ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)**

တို့အား ၁၀-၂-၂၀၁၇ ရက်တွင် SEDONA HOTEL (DAGON ROOM)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းဆွေ(တရားသူကြီးချုပ်) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော ရဲမှူးချုပ်တင်စိုး (ရဲသတင်းတပ်ဖွဲ့မှူး)နှင့်ဇနီး ဒေါ်သန်းသန်းဆင့်၊ ဦးအောင်မင်းနှင့်ဇနီး ဒေါ်တင်မိုးစီ၊ ဦးလှအောင်(စိန်ရွှေရတနာဆိုင်)၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဇော်လွင်တို့အားလည်းကောင်း၊ ၄-၃-၂၀၁၇ရက်တွင် ရန်ကုန်မြို့ NOVOTEL YANGON MAX HOTEL (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သီရိပျံချီ ဦးသိန်းအောင်(ဝန်ကြီးချုပ်၊ ငြိမ်း) ဧရာဝတီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့နှင့်ဇနီး ဒေါ်ခင်ဌေးမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော သီရိပျံချီ ဦးလှထွန်း [ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သမ္မတရုံးဝန်ကြီးဌာန]နှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီကျူးပေးပါသော အကယ်ဒမီများရှင် ဒေါ်ချိုပြုံးနှင့် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မဖူးမြတ်သွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မအိချမ်းမြေ့ခိုင်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မစန္ဒာသက်ထား၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော ဒေါက်တာဟိန်းဝင်းလတ်နှင့် မောင်ဘုန်းကျော်ကျော်၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော ဒေါက်တာ နန်းမေနုနှင့် ဒေါက်တာသဇင်စုတင်တို့အား လည်းကောင်း၊ မိတ်ကပ်အလှနှင့် မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသော မေဦးမောင်(တော်ဝင်သူ)၊ လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဈေးမှ (သီရိရတနာ)စိန်ဆိုင်နှင့် စိန်ရတီ စိန်၊ ရွှေ ရတနာဆိုင်တို့အားလည်းကောင်း၊ ပန်းအလှဆင်မြန်းပေးပါသော မလေးရှားသန်းမြင့်၊ မင်္ဂလာဧည့်ခံပွဲတွင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ဝဏ္ဏခွာဏီနှင့်အဖွဲ့အားလည်းကောင်း၊ Pre-Wedding နှင့် ညစာစားပွဲတွင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ဓာတ်ပုံပီတာ (Peter's The Bridal Garden) နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဆွမ်းကျွေးနှင့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးပါသော Dior မှ ဓာတ်ပုံအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်လုပ်ငန်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့် မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော နှစ်ဖက်သော ဂုဏ်သရေရှိဧည့်သည်များ၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်ဆွေနှင့် သူငယ်ချင်းများအားလည်းကောင်း၊ SEDONA HOTEL နှင့် NOVOTEL YANGON MAX HOTEL နှင့် VINTAGE LUXURY YATCH HOTEL မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော နှစ်ဖက်မိတ်ဆွေ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို နှစ်ဖက်သောမိဘများနှင့် မင်္ဂလာမောင်နှံတို့မှ အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲဘုန်းသူ-ဒေါက်တာဝေယံမြင့်ထူး**




## "ဝန်ထမ်းအလိုရှိသည်"

- ဘာသာရပ်သင် ဆရာ၊ ဆရာမ (ထက်/ လယ်)
- ဘာသာရပ်သင် guide ဆရာ၊ ဆရာမ (ထက်/လယ်)
- ဘော်ဒါကြီးကြပ်ရေးမှူး ဆရာမ
- ဘော်ဒါ အဆောင်မှူး ဆရာ၊ ဆရာမ
- staff (မ)
- ကွန်ပျူတာ ကျွမ်းကျင် (မ)

လျှောက်လွှာထုတ်ယူပြီး မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်ထောက်ခံစာ၊ဘွဲ့လက်မှတ်မိတ္တူနှင့် ၂၉ မတ်လ ၂၀၁၇ နောက်ဆုံးထားလျှောက်ထားရန်။

''**ကောင်းစုံ**'' ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
ခြံအမှတ်-၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း- ၀၁ ၂၃၀ ၂၀၀၉၊ ၀၁ ၂၃၀ ၂၀၀၇၊ ၀၉ ၂၅၀ ၃၁၂၀၂၀

## ဝန်ထမ်းအလိုရှိသည်

တွံတေးမြို့နယ်၊ ကျိုက်သလဲကျေးရွာ(အလယ်ပိုင်း)ရှိ ကျေးရွာလူမှုအခြေပြုခရီးသွားလုပ်ငန်း(CBT)ကျေးရွာတွင် ၁၄-၃-၂၀၁၇ရက်နောက်ဆုံးထား၍ အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသောဝန်ထမ်း(၂)ဦး လျှောက်လွှာလိုင်စင် ဓာတ်ပုံကပ်လျက်လျှောက်ထားနိုင်ပါသည်။

(၁) CBT Manager (၁)ဦး
(၂) စိုက်ပျိုးရေးသင်တန်းကျောင်းဆင်း (၁)ဦး

ဆက်သွယ်ရန်လိပ်စာ-Tour Mandalay Co.,Ltd.
၀၂/၀၃၊ ဒုတိယထပ်၊ ပုလဲကွန်ဒို(အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ်-၅၄၀၂၇၃၊ ၅၄၅၈၅၀၊ ၅၄၅၅၁၆

## " အမြန်အလိုရှိသည် "

အဆင့်မြင့်ကွန်ဒို ဆောက်လုပ်ရေးလုပ်ငန်းများတွင် အုတ်စီလုပ်ငန်း၊ နံရံချောခြင်း၊ လျှပ်စစ်လုပ်ငန်း၊ ရေလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ကန်ထရိုက်တာ လုပ်ငန်းရှင်များ အမြန်အလိုရှိပါသည်။

(၁၅) ရက်အတွင်း လျှောက်ထားနိုင်ပါသည်။
(ကျွမ်းကျင်ဝန်ထမ်း / လုပ်သားများ (၂၀) ဦးနှင့်အထက် ရှိရပါမည်။)

ဆက်သွယ်ရန်လိပ်စာ - M.G.W Construction Co,. Ltd၊ အမှတ်(၂၃/စီ)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ ၈၆၀ ၅၀၀၃၊ ၈၆၀ ၅၀၀၄၊ ၈၆၀ ၅၀၄၄၊ ၈၆၀၅၀၄၅

## (VAC)® VALUE ADDED CONSULTANCY
## မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ)

### Job Openings for Foreign Firms

**Sr Sales & Marketing Manager** - Cement - USD 3500 (1)
- Any Grad , MBA , 10yrs Exp Relevant Field , English Or Korea 4 Skills

**Modern Trade Manager** - Beverage - 3,000,000Kyats (1)
-5yrs Exp In Sales & Modern Trade As Manager Level,( Prefer FMCG / Beer / Beverage )

**Sales Manager** - Automobile - USD 2000 M/F(1)
- Any Grad, 10yrs Exp On Relevant Field , ( Prefer Automobile Field )

**Trade Marketing & CRM Manager** - Cement - USD 1200 M(1)
- Any Grad , 5yrs Exp On Relevant Field, English & Computer Skills

**VAS Manager** - 1,500,000Kyats M/F(1)
- 3yrs Of Exp in of which 1 should be within a comparable Telecom Company

**Sales & Marketing Supervisor** - Freight Forwarding - USD 800 (2)
- Any Grad , 3yrs Exp On Shipping & Logistics Field

**Sales Executive** - Hotel Supply Products - USD 400 M/F(2)
- Any Grad , 2yrs Sales Exp On Hotel Supply Products Field, English 4 Skills

**Marketing Executive** - Online Directory - USD 500 M(1)
- Exp On Management & Marketing , Facebook , English Skills

**Accountant** - Japan Co - Thilawa - USD 800 F(1)
- Any Grad , B.Com , LCCI III , 5yrs Exp , Can Speak English

**Audit Officer** - SG Co - 700,000 Kyats M/F(1)
- 3yrs Exp On Relevant Field , Fluent In English , PC Skills

**Application Specialist** - Denmark Co - 2,000,000Kyats (1)
- 5yrs Exp In Commerical Function - Sales & Marketing

**Graphic Designer** - Japan Co - Online Directory - USD 350 M(1)
- Any Grad , 2yrs Exp On Relevant Field , English Skills

E-mail ဖြင့်အလုပ်လျှောက်နိုင်သည် ။ CVကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like Value Added Consultancy

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

**သချ်ာ နေ့ အိမ်လိုက်သင်ပေးသည်။**
သူငယ်တန်းမှ(၁၀)တန်းအထိ သချ်ာ သင်ရိုးပုစ္ဆာများနှင့်ဉာဏ်စမ်းပုစ္ဆာများကို နားလည်သဘောပေါက်၊စဉ်းစား တွေးခေါ်တတ်ရန်သင်ကြားပေးသည်။
**09-5156557**

## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရတူညီဝတ်စုံနှင့် ရုံးဝန်ထမ်းများအတွက် Uniform Sport Shirt မျိုးစုံ၊

| | | |
|---|---|---|
| T.Shirt | - | 1200 ကျပ်မှစ၍ |
| Shirt | - | 3200 ကျပ် |
| Sport Shirt | - | 3250 ကျပ် |
| ဦးထုပ် | - | 1300 ကျပ် |

- အထည်(၁၀၀)နှင့်အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးပါသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်းအပေါ်၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- **Ph:01-292129, 01-9000260, 09-250388594**
- **Email:kyonedoe@gmail.com**

## ယာဉ်မောင်းအလိုရှိသည်

-Driver(အိမ်ကား) ကျား(၂)ဦး
- အသက်(၄၅-၅၅)
- Model မြင့်ကားလေးမျိုးစုံ ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
- အလုပ်တွင် စရိတ်ငြိမ်းနေနိုင်သူများသာ
- လစာ+အချိန်ပိုကြေး(350000Ks/400000Ks)
- ရွှေတောင်ကြား၊ ဗဟန်းတွင် အလုပ်ဆင်းရမည်။

လျှောက်ထားလိုသူများသည် လိုအပ်သည့်စာရွက်စာတမ်း/ထောက်ခံစာ/အလုပ်သမားစိစစ်ရေးကတ်တို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း ၁၅- ၃-၂၀၁၇ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၁၉/၂၁)၊ ၆၂-လမ်း၊ ၃ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၀၉-၂၆၂၀၀၆၂၆၆**

## လူကြီးမင်းများပိုင်ဆိုင်သော

ဗဟန်း၊ ရန်ကင်း၊ ဒဂုံ၊ လှိုင်၊ ကမာရွတ်၊ အလုံ၊ စမ်းချောင်း၊ မရမ်းကုန်းမြို့နယ်များရှိ အဆင့်မြင့် Condoများ၊ လုံးချင်းအိမ်နှင့် စက်မှုဇုန် မြေကွက်ကျယ်များ ရောင်းလိုပါက ဆက်သွယ်နိုင်ပါသည်။
Ph-09-777444457, 09-795005021

Yaung Chi Thit Lin Moving Service Co.,Ltd
**YCT ရောင်ခြည်သစ်** (လ်စ်း)
**အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ**
**(မြို့တွင်း / နယ်ဝေး)**
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
**09 450454771, 09 450454772, 09 450454773**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
**09-500 5916**
**09-730 97123**

**★STAR★**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
**Ph:09-43088052,**
**09-73254389,**
**09-421067330**

## wkdf;cef;tjref&mif;rnf
## ylESifu;d;vdkf

- ငစိန်လမ်း၊ မြို့သစ်(၈)ရပ်ကွက်၊ အင်းစိန်မြို့နယ် မြေညီ သိန်း(၅၉၀)၊ ၁၂ပေမြင့် ညှိနှိုင်း(၁၈×၅၄)ပေ
- သရဖီလမ်းသွယ်၊ မြို့သစ်(၈)ရပ်ကွက်၊ အင်းစိန်မြို့နယ် မြေညီ သိန်း(၅၅၀)၊ (၁၄)ပေမြင့် ညှိနှိုင်း (၁၈×၅၄)ပေ၊ ပထမထပ် သိန်း(၃၄၀) ညှိနှိုင်း

**ဖုန်း-၀၉-၂၆၂၆၈၀၄၃၁၊ ၀၉-၄၅၃၃၄၄၂၆၀၊ ၀၉-၃၀၀၅၁၀၀၀**

Nurturing Future Leaders

Since 1998

ဒေါက်တာစောလှဖြူ ဦးစီးတည်ထောင်သည်

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

## EC အစ်ကိုအစ်မများ၏ ဂုဏ်ယူဝမ်းမြောက်ခြင်း

## တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များ



**မောင်ခွန်ထူးရဲအောင်**
(ဆဗဟ-၇၀၀)
တောင်ကြီးမြို့



**မယွန်းရတုနွယ်**
(ဆဗဟ-၆၅၂)
တောင်ကြီးမြို့



**မမေထက်သာ**
(ဆဗဟ-၆၇၈)
ရန်ကုန်မြို့



**မောင်ရဲရင့်ပိုင်ဦး**
(ဆဗဟ-၇၀၃)
ရန်ကုန်မြို့



**မဟန်နီချို**
(ဆဗဟ-၆၁၃)
ရန်ကုန်မြို့



**မယဉ်ယဉ်မိုးဦး**
(ဆဗဟ-၇၀၄)
ပဲခူးယ်ကုန်းမြို့



**မမြင့်မြတ်ဇော်**
(ဆဗဟ-၆၂၂)
ရန်ကုန်မြို့



**မောင်နိုင်ဝေအောင်**
(ဆတမ-၆၇၄)
ရေနံချောင်းမြို့



**မောင်လွင်မျိုးအောင်**
(ဆတမ-၆၆၅)
ညောင်ရွှေမြို့



**မောင်ပြည့်ဇော်ထက်**
(ဆတမ-၆၀၄)
ရန်ကုန်မြို့

**Top-Ten နှင့်ဘာသာစုံဂုဏ်ထူး နှစ်စဉ်ဆွတ်ခူးခဲ့ကြသော**

**EC အစ်ကိုအစ်မများ၏ အစဉ်အလာအတိုင်း**

**EC ညီငယ်ညီမငယ်များသည်**

**၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်မှုအသီးအပွင့်များ**

**ဆွတ်ယူနေကြပြီဖြစ်သဖြင့် ဂုဏ်ယူဝမ်းမြောက်လျက်**

၆ (က) ကန်တော်ကြီးကန်ပတ်လမ်း၊ ရန်ကုန်မြို့။

ဖုန်း ၊ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈၊ ၀၉ ၂၆၄ ၂၀၀၀၅၉ www.facebook.com/ecprivatehighschool


telenor
easy ဘောလ်
ပြန်လာပြီ
ဗုဒ္ဓဟူးနေ့တိုင်း Eload နဲ့ ဖုန်းငွေဖြည့်ပြီး
၅၀% အထိ အပိုလက်ဆောင် ရယူလိုက်ပါ
ငွေဖြည့်(ကျပ်)
အပိုရငွေ
အသုံးပြုနိုင်သောကာလ
၁,၀၀၀ - ၂,၉၉၉
၁၀%
၃ ရက်
၃,၀၀၀ - ၄,၉၉၉
၂၀%
၃ ရက်
၅,၀၀၀ - ၉,၉၉၉
၃၀%
၃ ရက်
၁၀,၀၀၀ နှင့်အထက်
၅၀%
၃ ရက်
သတိမှတ်ချက်များ
■ ဖုန်းငွေဖြည့်ကတ်၊ အပိုလက်ဆောင်ပါဝင်ပြီးဖြစ်သော မော်ငွေဖြည့်ကတ်ဖြင့် ဖြည့်ခြင်းအတွက် အကျုံးမဝင်ပါ။
■ အပိုလက်ဆောင်၏သက်တမ်းမှာ ဖုန်းငွေဖြည့်သည့် ရက်မှစ၍ (၃) ရက်အတွင်း ကုန်ဆုံးပါမည်။
■ အပိုလက်ဆောင်များကို တယ်လီနောအချင်းချင်း ဖုန်းခေါ်ဆိုခြင်း၊ SMS ပေးပို့ခြင်း၊ သုံးသလောက်ပေး အင်တာနက်အသုံးပြုခြင်းများအတွက် အသုံးပြုနိုင်ပါသည်။

## EASY GO TRAVEL & TOURS အဆင့်မြင့်ခရီးသွားလုပ်ငန်း

| | | | |
|---|---|---|---|
| တောင်ကြီး-အင်းလေး-ပင်းတယ-ကလော/လွိုင်ကော် | Mar17/Apr12 | မြဝတီ-မဲဆောက်-ဘားအံ/မော်လမြိုင် | Mar17/Apr12 |
| ချင်းပြည်နယ်(နတ်မတောင်)-ပုဂံ | Mar17/Apr12 | ထားဝယ်၊မောင်းမကန်ကမ်းခြေ၊မြိတ်ကျွန်းစု | Mar24/Apr12 |
| ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-တောင်ကြီး-အင်းလေး | Mar24/Apr12 | ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင် | Mar24/Apr12 |
| မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ | Mar24/Apr12 | အခြားသင်္ကြန်ပိတ်ရက်ခရီးစဉ်များကိုဆက်သွယ်စုံစမ်းနိုင်ပါသည်။ | |

ကုမ္ပဏီ၊ စက်ရုံ၊ အသင်းအဖွဲ့များအတွက် အထူးဈေးနှုန်းဖြင့် ကားမျိုးစုံကို ငှားရမ်းနိုင်ခြင်း၊ ခရီးစဉ်ရေးဆွဲပေးခြင်း၊ ဧည့်လမ်းညွှန်ဝန်ဆောင်မှုပေးခြင်းတို့ကို ဧည့်သည်များစိတ်တိုင်းကျ ညှိနှိုင်းစီစဉ်ပေးနေပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ် 01-227925, 09-257781822, 257781722, 5091205, 01-250835**

## ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

**နွေ(၃)လနှင့် ပုံမှန်တန်းခွဲများ**

ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။ ၄ တန်းမှ ၆ တန်းထိ နှင့် ၇၊၈၊၉၊၁၀ တန်းများ

နွေ - March 7,8 စမည်။ ✦Guide များ အိမ်လိုက်သင်သည်

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

**Ph: 01-375970, 0951 72096, 09254541441**

လေယာဉ်လက်မှတ်နှင့်ဟိုတယ်အခန်းလိုချင်သူများကိုလည်း ဝန်ဆောင်မှုပေးနေပါပြီ။

## MIRA TRAVELS
ပျော်ရွှင်ဖွယ်ရာ သင်္ကြန်ခရီးစဉ်များ

| | | | |
|---|---|---|---|
| ဗန်ကောက် + ပတ္တရား | 14-18 Apr | (၅)ရက် | USD 590 |
| ဗန်ကောက် + ကန်ချနဘူရီ | 14-17 Apr | (၄)ရက် | USD 590 |
| ဗန်ကောက် + ကမ္ဘောဒီးယား | 14-18 Apr | (၅)ရက် | USD 790 |
| ဗန်ကောက် + ဖူးခက် | 12-17 Apr | (၆)ရက် | USD 890 |
| ချင်းမိုင် | 14-17 Apr | (၄)ရက် | USD 590 |
| စင်ကာပူ | 15-18 Apr | (၄)ရက် | USD 790 |
| ဗီယက်နမ်(ဟနွိုင်း+ဟာလောင်း) | 15-18 Apr | (၄)ရက် | USD 590 |
| ဗီယက်နမ်(မွေ့နဲကမ်းခြေ + ဒါလတ်) | 14-18 Apr | (၅)ရက် | USD 490 |
| ဗီယက်နမ်(ဒါနန်း+ဘန်နာ+ဟွိုင်အန်း+ဟွေ့) | 14-18 Apr | (၅)ရက် | USD 590 |
| အင်ဒိုနီးရှား (ဘာလီကျွန်း) | 12-16 Apr | (၅)ရက် | USD 1190 |
| ဂျပန် | 12-20 Apr | (၉)ရက် | USD 2790 |
| တရုတ်ပြည် + ဟောင်ကောင် + မကာအို | 13-20 Apr | (၈)ရက် | USD 1590 |
| မော်လဒိုက်ကျွန်း | 12-15 Apr | (၄)ရက် | USD1910 |

Phone:09260066697, 09774066697, 09260066698, 09774066698

## Gracious Vacation Co., Ltd. (ကျက်သရေထူးခရီးသွားလုပ်ငန်း)
ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ် - ခ-2591, ပခ-0159

ဖုန်း - 09-5092049, 09-969909839~40, 09-791296043~44

**"ရန်ကုန် - ဗုဒ္ဓဂယာ - ရန်ကုန် ခရီးစဉ်များ"**

သောကြာအသွား - တနင်္ဂနွေအပြန် ၂ ညအိပ်၊ ၃ ရက်ခရီးစဉ်

(ရန်ကုန်-ဂယာ-ရာဇဂြိုလ်-နာလန္ဒာ-ဂယာ-ရန်ကုန်)

၁၀.၃.၂၀၁၇ - ၁၂.၃.၂၀၁၇ / ၁၇.၃.၂၀၁၇ - ၁၉.၃.၂၀၁၇ / ၇.၄.၂၀၁၇ - ၉.၄.၂၀၁၇

၇ ညအိပ်၊ ၈ ရက်ခရီးစဉ်( ဖွား ၊ ပွင့် ၊ ဟော ၊ စံ) ( 3 Stars ဟိုတယ် တည်း/စား )

၁၃.၃.၂၀၁၇ - ၂၀.၃.၂၀၁၇ /၃.၄.၂၀၁၇ - ၁၀.၄.၂၀၁၇/၅.၄.၂၀၁၇- ၁၂.၄.၂၀၁၇

ရန်ကုန်-ဘန်ကောက်-ရန်ကုန်( ၂ညအိပ်၊ ၃ရက်ခရီးစဉ်)- ၂၅.၃.၂၀၁၇ - ၂၇.၃.၂၀၁၇

## စည်းစိမ်မင်း 09-444450446, 09-444450558, 09-444887797,09-250144709

| Mar 10, 17,24, 31 ကားထွက်ခွာမည် | | 2017 သင်္ကြန် Apr 11, 12 ခရီးစဉ်များ | |
|---|---|---|---|
| +ရွှေစက်တော်(၁)ညအိပ်+မကွေး မင်းဘူး ဘုရားစုံ (၃)ရက် | 35000 | +အလောင်းတော်ကဿပ (သီးသန့်) (၃)ရက် | 45000 |
| +အလောင်းတော်ကဿပ(သီးသန့်)၊မန္တလေး၊စစ်ကိုင်း၊မုံရွာ(၃)ရက် | 35000 | +မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်(၅)ရက် | 60000 |
| +ရွှေစက်တော်နှင့် အလောင်းတော်ကဿပ၊ စစ်ကိုင်း၊မုံရွာ(၅)ရက် | 60000 | +ရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက် | 60000 |
| +ရွှေစက်တော်နှင့် ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ(၅)ရက် | 65000 | +ရွှေစက်တော်၊ ပုဂံ၊ စွယ်တော်လေးဆူ ပုပ္ပါး၊ ပခုက္ကူ (၅)ရက် | 65000 |
| +ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက် Hotel Package (ဖိုက်ဗွီး) | 70000 | +ပုဂံ၊ စွယ်တော်လေးဆူ ပုပ္ပါး၊ ပခုက္ကူ (၃)ရက် | 50000 |
| +ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် (၃)ရက် | 40000 | +တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း (၄)ရက် | 65000 |
| +မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ(၅)ရက် | 50000 | +တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ လွိုင်ကော် (၅)ရက် | 75000 |
| +တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ထမ့်စမ်း၊ကက္ကူ(၄)ရက် | 50000 | +ထားဝယ်၊ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရှမ်း ကျိုက္ကမီ၊ စက်စဲ(၅)ရက် | 75000 |
| +တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ လွိုင်ကော် (၅)ရက် | 65000 | +ဘားအံ၊ မြဝတီ၊ မဲဆောက် (၄)ရက် Hotel Package (ဖိုက်ဗွီး) | 100000 |
| +ထားဝယ်၊ရှင်ကိုးရှင်၊မောင်းမကန်ကမ်းခြေ၊ကျိုက္ကမီ၊စက်စဲ(၅)ရက် | 60000 | | |

ခရီးစဉ်အားလုံး၊Guest House, Hotelတည်း၊ ဖြင့်ပို့ဆောင်ပေးပါသည်။+ အိမ်အရောက်လက်မှတ် အခမဲ့ပို့ဆောင်ပေးပါသည်။




အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

## ဂုဏ်ထူး ဦးအောင်ခိုင်
March April May

Grammar & Essay (သဒ္ဒါ + စာစီစာကုံး)

English Speaking (အင်္ဂလိပ် စကားပြော)

**ဒေါ်စန္ဒာအောင်ခိုင်**
B.A ( English )
Diploma in Travel & Tourism
City College of San Francisco

၂၇၂ ပန်းဆိုးတန်း။ 01 252 919 ပညာနန်းတော်၊ သုဝဏ္ဏ။ 09 798 44 33 20



ကြော်ငြာ


UNIQUE STAR TRAVELS & TOURS သင်္ကြန် Promotion ( ၅ )ဦး ဝယ်လျှင် ( ၁ )ဦး အခမဲ့

| | | | |
|---|---|---|---|
| ဥရောပ (9) နိုင်ငံ Apr:10,12 ($ 4800) | အမေရိကား (East + West) Apr: 7,9 ($ 5160) | စင်္ကာပူ Apr:11,12,14 ($ 835) | ဘန်ကောက်-ပတ္တရား Apr: 9,10,11,12,13 ($ 696/ 595) |
| ဥရောပ (6) နိုင်ငံ Apr:10,12 ($ 3600) | သြစတြေးလျ Apr:10,11,12,13 ($ 3120) | စင်္ကာပူ-မလေးရှား / လန်ကာဝီ Apr:11,12 ($ 1195 / 1315) | ဘန်ကောက်-ဖူးခက်/ ချင်းမိုင် Apr: 12, 13 ($ 996 / 899) |
| ဂျပန် Apr:10,11,12,13 ($ 3600) | ဟိုချီမင်း-ဟာလောင်း Apr: 11,12 ($ 996) | စင်္ကာပူ-ဘန်ကောက် Apr: 10,11,14 ($ 1140) | ဘန်ကောက်-ကမ္ဘောဒီးယား Apr: 12, 13 ($ 835) |
| ကိုရီးယား Apr:11,12 ($ 2160) | ဗီယက်နမ်-ဘန်ကောက် Apr: 12,13 ($ 1140) | စင်္ကာပူ - ဗီယက်နမ် / ဘာလီ Apr:11,12 ($ 1315 / 1740) | ဟောင်ကောင်၊မကာအို၊ကွမ်ကျိုး Apr: 11,13 ($ 1560/ 1980) |
| စင်း-မလေး-ထိုင်း Apr:12,13 ($ 1500) | ဗီယက်နမ်-ကမ္ဘောဒီးယား Apr: 12,13 ($ 996) | ကူမင်း-တာလီ-လီကျန်း-ရှန်ဂရီလာ Apr:11,12 ($ 1315) | ပီကင်း-ရှန်ဟိုင်း Apr: 11,12 ($ 1680 / 2190) |

| | | | |
|---|---|---|---|
| ဘန်ကောက်၊ပတ္တရား | (4/5/6)D | Mar: 25 / Apr:17 | ($ 299 / 399 / 499) |
| ဘန်ကောက်-ဖူးခက်/ ချင်းမိုင် | (6)D | Mar: 18, 25 | ($ 790 / 690) |
| စင်ကာပူ (4)D Mar: 24 ($ 599) / စင်း-မလေး (6)D Mar: 24 | | | ($ 899) |
| ဟန္နွိုင်း-ဟာလောင်း | (4)D | Mar: 11, 18, 26 / Apr:3 | ($ 499) |
| ဟိုချီမင်း-ဟန္နွိုင်း-ဟာလောင်း | (6)D | Mar: 18, 25 | ($ 699) |
| ဗီယက်နမ်-ကမ္ဘောဒီးယား | (6)D | Mar: 18, 25 | ($ 650) |
| ဘန်ကောက်-ဗီယက်နမ်-ကမ္ဘောဒီးယား | | Apr: 12, 13 | ($ 1140) |

မြေထဲပင်လယ် ($ 4080) / ဝရီ ($ 4450) / အီဂျစ် ($ 3600) Apr: 12, 13

(70/A),Kabaaye Pagoda Rd,Bahan Tsp.Ph: 01-708 353 ,705 723,09 514 8079,09 7310 9133, 09 7310 9144. No(126),42 St, 83-84 St,Mahar Aung Myay Tsp, Mandalay.099 7218 3333.



မဟာသင်္ကြန် ဂျပန်ခရီးစဉ်

တိုကျို-ကာမာကူရ-ဖူဂျီတောင်-နာဂိုရာ-ကျိုတို-အိုဆာကာ

ဧပြီလ ၈ ရက်မှ ၁၄ ရက်အထိ ၆ ညအိပ် ၇ ရက်ခရီးစဉ်

ရန်ကုန်အထွက် ခရီးစဉ် USD 2,700

မန္တလေးအထွက် ခရီးစဉ် USD 2,850

SKL TRAVEL

လည်လည်သွားမယ်အက်စ်ကေအယ်လ်

ရန်ကုန် - 01 524 841, 09 788 999 810 မှ 860

"လည်ပတ်မယ့်နေရာတွေကတော့ ဂျက်လေယာဉ်ပျံနီးပါး တစ်နာရီကို ၃၂၀ ကီလိုမီတာအထိ မြန်တဲ့ ကျည်ဆန်ရထား စီးခွင့်ရမယ့် အတွေ့အကြုံသစ်၊ တိုကျိုမြို့ရဲ့ အမြင့်ဆုံး Tower ဖြစ်တဲ့ Tokyo Sky Tree၊ စိတ်တိုင်းကျ ဆော့ကစားနိုင်ဖို့ Disneyland၊ ကာမာကူရ အစရှိတဲ့ တန်ခိုးကြီးဘုရားစုံတွေ၊ Shopping ထွက်ဖို့ Brand စုံစုံလင်လင် ရရှိနိုင်တဲ့ Ginza နဲ့ Brand တွေကို ဈေးချိုချိုနဲ့ဝယ်ယူနိုင်မယ့် Gotenba Outlet၊ လျှပ်စစ်ပစ္စည်းတွေကို ဈေးချိုချိုနဲ့ရတဲ့ Akihabara စတဲ့နေရာတွေ အပြင် ဖူဂျီတောင်ကိုလည်း level 5 အထိရောက်ဦးမှာနော်..."

မန္တလေး -09 7714 77141 မှ 146



သင်္ကြန်အတွက်ကျန်ရှိသော ခရီးစဉ်များ

Fully Light Travels & Tours

ပြည်ပခရီးသွားလိုင်စင်အမှတ် (ပစ-၀၀၅၂)

ပီကင်း 13-23/April (2000 USD)

ဟောင်ကောင် 14-21/April (1650 USD)

ကိုရီးယား 12-19/April (2000 USD)

စင်္ကာပူ ဘင်တန်ကျွန်း(အင်ဒို) 13-17/April (1150 USD)

ချင်းမိုင် 14-17/April (560 USD)

Tel: 01-503815,01-516932,01-516964,01-516958,09-4210 130 85 , 09 -333 777 82, 09-789 888891 Address : Dagon Center(1),Myaynigone



日本語能力試験 JLPT

ဇူလိုင်(၂)ရက် ၂၀၁၇ တွင် မန္တလေးမြို့တွင် ကျင်းပမည့်

ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ (JLPT- 2017)

စာမေးပွဲ လျှောက်လွှာများ စတင်လက်ခံခြင်း

၁။ လျှောက်လွှာလက်ခံခြင်း ( မန္တလေး )

လျှောက်လွှာလက်ခံမည့်ကာလ - ၂၇. ၂. ၂၀၁၇ မှ ၃.၃.၂၀၁၇ (၉း၃၀ ~ ၄း၀၀) ပိတ်ရက်မရှိပါ။

နေရာ - HITO Center,

၁၂ လမ်း နှင့် ၈၀ လမ်းထောင့် ၊ မန္တလေးမြို့။ ဖုန်း - 02 31762, 09 258839428

၂။ လျှောက်လွှာလက်ခံခြင်း ( ရန်ကုန် )

လျှောက်လွှာလက်ခံမည့်ကာလ - ၅. ၃. ၂၀၁၇ မှ ၁၀.၃.၂၀၁၇ (၉း၃၀ ~ ၄း၀၀) ပိတ်ရက်မရှိပါ။

နေရာ - MAJA Centre

အခန်း (G-21,22)၊ (၂)လွှာ၊ တိုက် (စီ)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 962751373 (JLPT), 098612151 (MAJA)

❖ ၂၀၀၆ ခုနှစ်မှစ၍ လျှောက်လွှာကြေး၊စာမေးပွဲကြေးများကို မြန်မာကျပ်ငွေဖြင့်သာ လက်ခံပါသည်။

❖ လျှောက်လွှာများကို အင်တာနက်မှ ရယူကာဖြည့်သွင်းပြီး Email ဖြင့် လျှောက်လွှာတင်နိုင်ပါသည်။

အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

http://www.mm.emb-japan.go.jp/itprtop_my/index.html



YCTC Business Institute

Batch-32 March လ စမည်၊

**Certificate in Leadership and Organizational Development**

ဆရာ သူရိန် (Mr. Surendra Verma)

(MBA & IT <Stafffordshire University, UK>, Area Manager, ABE UK)

(21 March စမည်။) (Tuesday & Wednesday) (6:00 pm- 8:00 pm)

**Certificate in Sales & Marketing**

Asst. Prof. Win Min Thein (Sayar Kevin)(Principal of YCTC)

(B.B.A., M.Sc (B'mouth, UK), PhD(Candidate)

(23 March စမည်။) (Thursday & Friday) (6:00 pm-8:00pm)

**Certificate in Human Resource Management**

Dr. Nay Min Aye (B.A., M.Act.,PhD)

(28 March စမည်။) (Tuesday & Wednesday) (6:00 pm-8:00pm)

Module (3) ခုလုံးပြီးဆုံးပါက PASAS (Singapore) မှ Executive Certificate in Business Management ချီးမြှင့်ပါမည်။

အမှတ် (၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (PARK ROYAL HOTEL အနီး)

Ph : 01-393076 , 09-420118100, 09-250640429



KONICA MINOLTA

No. 1 A3 Color MFP Worldwide

ULTIMATE BUSINESS SOLUTION

bizhub C227/C287 Color Solution Copier

bizhub 287 Black & White Solution Copier

bizhub 164 / 206 Black & white Mutifunction Copier

Starting at $ 710

အရစ်ကျ ငွေချေစနစ်နှင့် အငှားမှ အပိုင်ဝယ်စနစ်

(၄)နှစ်ဆက်တိုက် အကောင်းဆုံး Copier ဆုရ

Your personal sales consultant

Su Myat Aye

enterprise.teams3@gandamar-mm.com

Direct Tel: 09 253 547 980 09 253 547 981

Authorized Distributor Gandamar O.A. & Business Solutions

No. 18-24, Kun Gyan Rd., Aung San Stadium, South Wing, Yangon

Branches in Yangon, Naypyidaw, Mandalay and dealers all over the country

www.gandamarbusinesssolutions.com www.facebook.com/gandamar.mm hq@gandamar-mm.com

# မြန်မာနိုင်ငံ ဆေးပညာဖွံ့ဖြိုးဖို့ အားလုံးပူးပေါင်းပြီး Team ပုံစံနဲ့ အလုပ်လုပ်ကြဖို့ အချင်းချင်းတိုင်ပင်ကြ၊ ပညာချင်းဖလှယ်ကြ၊ အဲဒီလိုလုပ်ဖို့က အရေးကြီးပါတယ်

စာမျက်နှာ - ၇

# မန္တလေးကန်တော်ကြီး Water Park ယနေ့ဖွင့်မည်



**မန္တလေး မတ် ၇**

ပင်လယ်ကမ်းစပ်ရောက်ရှိနေသည့်အလား ရေကစားနိုင်မည့် မန္တလေး ကန်တော်ကြီး ၁၂ ပန်းနားစားသောက်ဆိုင် အနောက်ဘက်ရှိ ကန်တော်ကြီး Water Park ခေတ်မီကစားကွင်းကို မတ် ၈ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေလှိုင်းအတုဖြင့် ပင်လယ်ကမ်းစပ်ရောက်နေသလို အရသာမျိုးရှိရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကာ ရေလှိုင်းပုံစံ ၁၀ မျိုးခန့်အား ၁၅ မိနစ်လျှင်တစ်ကြိမ် ပြောင်းလဲသွားမည်ဖြစ်သည်။ ကလေးများကစားနိုင်မည့် Water House, Water Dance အပါအဝင် ရေကစားနိုင်ရန်အတွက် ဝင်ကြေးငွေကျပ် ၃၀၀၀ သတ်မှတ်ထားပြီး ကလေးများ အခမဲ့ ဝင်ရောက်ရေကစားနိုင်ရန် စီစဉ်ထားကာ နံနက် ၉ နာရီမှ ည ၈ နာရီထိ စိတ်ကြိုက်ကစားနိုင်မည်ဖြစ်သည်။

"ရေကိုလည်း အမြဲသန့်စင်သွားပါမယ်။ ရေကူးကန်ကျွမ်းကျင်ပညာရှင်တစ်ဦးက ရေနဲ့ပတ်သက်ပြီး အမြဲစစ်ဆေးပေးမှာပါ"ဟု ကန်တော်ကြီး Water Park ခေတ်မီကစားကွင်း မန်နေဂျာ ကိုသက်နိုင်ထွန်းက ပြောသည်။

လုံခြုံရေးနှင့် ဝန်ဆောင်မှုပေးရန် ဝန်ထမ်း ၃၀ နှင့်အတူ ပြင်ပလုံခြုံရေး ၁၀ ဦး ငှားရမ်းထားကာ အမြဲမပြတ်စောင့်ကြည့်နေမည်ဖြစ်သည်။

**စာမျက်နှာ ၆ ကော်လံ ၅ သို့ ○**

# နောက်ကျဂိုးဖြင့် မကွေးအသင်း သရေကျ



မကွေးနှင့် ဂျိုဟိုးဒါရူးလ်အသင်း အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် မတ် ၇**

၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု(F)ပွဲအဖြစ် မြန်မာကလပ် မကွေးအသင်းနှင့် မလေးရှားကလပ် ဂျိုဟိုးဒါရူးလ်အသင်းတို့သည် ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

**မကွေး(မြန်မာ) - တစ်ဂိုး။**
**ဂျိုဟိုးဒါရူးလ်(မလေးရှား) - တစ်ဂိုး။**

အိမ်ကွင်းတွင် ကစားရသော်လည်း မကွေးအသင်း ရှုံးကန်ခဲ့ရပြီး နောက်ကျချေပဂိုးကြောင့်သာ သရေတစ်မှတ်ရခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းသည် အုပ်စုနှစ်ပွဲကစားအပြီးတွင် တစ်မှတ်သာရသေးသောကြောင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ မကွေးအသင်းသည် မိနစ်အများစု တစ်ယောက်အသာဖြင့် ကစားခဲ့ရသော်လည်း နိုင်ပွဲရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

မကွေးအသင်းသည် ဒဏ်ရာရနေသည့် ဘယ်နောက်ခံလူ နန္ဒကျော်မှလွဲ၍ အမာခံကစားသမားများ အစုံအလင်ပါဝင်လာပြီး ဂျိုဟိုးဒါရူးလ်အသင်းမှာလည်း နိုင်ငံခြားသားများ

**စာမျက်နှာ ၆ ကော်လံ ၄ သို့ ❒**



AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရတနာပုံအသင်း။

# ရတနာပုံအသင်း ဗီယက်နမ်ကလပ်နှင့် အဝေးကွင်းကစားရမည်

**ဟန်နွိုင်း မတ် ၇**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မတ် ၇ ရက်တွင် စတင်ကျင်းပလျက်ရှိပြီး မြန်မာကလပ်အသင်းတစ်သင်းဖြစ်သော ရတနာပုံအသင်းသည် ဗီယက်နမ်ကလပ် ထန်ကွမ်နင်အသင်းနှင့် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပွဲကို မတ် ၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဟန်နွိုင်းမြို့ မိုင်ဒင်းကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ❂**




လူကြီးမင်းတို့၏ စက်ရုံ၊ ဟိုတယ်၊ရုံးခန်း နှင့် လူနေအိမ်ခန်းများ အတွက် နည်းပညာအဆင့်အတန်းမြင့်ပြီး လုံခြုံစိတ်ချရသော 230 kV Power Transformer, Distribution Transformer, Cast Resin (Dry Type) Transformer များ Unit Substation များ၊ Medium Voltage Panel, Low Voltage Panel နှင့် Conpact Enclosure များအား **Asia General Transformer** နှင့် **Asia General Electric** တို့မှ အကောင်းဆုံးဝန်ဆောင်မှု၊ သင့်တော်သော ဈေးနှုန်းများဖြင့် စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

HOT-LINE : 09 5506710, 09 456437337 | sales.ageh@ageholding.com, commercial.ageh@ageholding.com | www.ageholding.com